www.burmeseclassic.com

လင်းဝေကျော်မိသားစု
PUBLISHING GROUP

စိန်တိုး စီစဉ်သည်

# လင်းညွန့်သွေး

## ရယ်သံထွက်နေတဲ့မျက်ရည်စက်




DESIGN THEIN SHWE KYI

Linn Nyunt Thway

A LAUGHING TEARDROP

(Strange Love Story)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၉၇၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၁၃၁၁၁၀

## ထုတ်ဝေသူ

ဦးကိုကိုမြင့်

အမှတ်-၃၊ ဩဘာလမ်း၊ ကျောက်မြောင်း၊

တာမွေမြို့နယ်။

## အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ

ဦးတင်မင်းလှ(လင်းလက်အိမ်ပုံနှိပ်တိုက်)

## ထုတ်ဝေခြင်း

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၅၀၀) ကျပ်

၈၉၅.၈၃

လင်းညို့သွေး

ရယ်သံထွက်နေတဲ့မျက်ရည်စက်/လင်းညို့သွေး-ရန်ကုန်။

သိန်းမင်းစာပေ၊ ၂၀၁၀။

၂၀၉- စာ၊ ၁၃ x ၂၁ စင်တီ။

(၁) ရယ်သံထွက်နေတဲ့မျက်ရည်စက်




## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



www.burmeseclassic.com

www.burmeseclassic.com



# လင်းညို့သွေး

## ရယ်သံထွက်နေတဲ့မျက်ရည်စက်

မခွဲခွာခင်ကတည်းက
ရင်ကွဲနာကျမတတ် ကြိုလွမ်းနေရတာမျိုး
သင်တို့ ကြုံဖူးကြပါရဲ့လား ...

? ? ?
? ?
?

(Strange Love Story)




BURMESE CLASSIC .com



# လင်းညို့သွေး

## ရယ်သံထွက်နေတဲ့
## မျက်ရည်စက်



LINN NYOUT THWAY

# A LAUGHING TEARDROP

(Strange Love Story)



www.burmeseclassic.com

www.burmeseclassic.com

## လင်းညို့သွေး၏ ထွက်ရှိပြီးစာအုပ်များ


၁။ အသည်းခွဲဖက်ရှင်

၂။ တိမ်တိုက်တို့ရဲ့ အသွင်ကွဲရာသီ

၃။ ကိုယ်တိုင်ရိုက်ချိုးတဲ့ ပန္နမ်နံ့ရိုး

၄။ ဒဏ်ရာစက်လက် ဒိုင်ယာရီ

၅။ ရွှေမင်းသမီးရဲ့ပျော်တော်ဆက်

(မျက်ခြယ်ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)

၆။ ဂျစ်ပစီ သင်ခန်းစာ

၇။ မာယာကစားပွဲ

(မပျော်ဂနိုဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)

၈။ ရင်ခုန်သံစီးချင်း

၉။ နတ်သမီးချည်တိုင်

(နယ်သစ်ဦးဗီဒီယိုထုတ်လုပ်ရေးမှ ဇာတ်ကားရိုက်ကူးရန် ဝယ်ယူထား)

၁၀။ အလင်းဖျောက်ကြယ်

(မာန်ထက်ချိုဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)

၁၁။ ရည်းစားရဲ့ရည်းစား

၁၂။ ချစ်သူခိုးဖတ်

၁၃။ ရင်ဝှက်တမ်းကဗျာ

(မာန်ထက်ချိုဗီဒီယိုထုတ်လုပ်ရေးမှ ဇာတ်ကားရိုက်ကူးရန်ဝယ်ယူထား)

၁၄။ ရယ်သံထွက်နေတဲ့မျက်ရည်စက်






မေမေ နှင့် မေမေ

( ထို့အပြင် )

ရှင်သန်လေ့ရှိသူတိုင်းသို့ ...



www.burmeseclassic.com

www.burmeseclassic.com



(နိဒါန်းမေးခွန်း)

ကိုယ့်ချစ်သူက ကိုယ့်ကို တကယ် ချစ်မချစ်ဆိုတာ
ဘယ်လိုပေတံ စံနှုန်းမျိုးတွေနဲ့ တိုင်းတာဆုံးဖြတ်မလဲ ...။

? ? ?
? ?
?





ငှက်ပြာကလေးတွေဟာ လူတွေကို အကူအညီပေးကြပါတယ်။

အဲဒီလိုပဲ ...

ငှက်ပြာလေးတွေကဲ့သို့ လူတွေကို အကူအညီပေးတတ်ပြီး ပုံပြင်တွေကို ချစ်မြတ်နိုးတဲ့ ကောင်လေးနဲ့ ကောင်မလေးရှိပါတယ်။

သူတို့နှစ်ဦးရဲ့ အဖြစ်ဟာလည်း ဆန်းကြယ်ထူးခြားတဲ့ ဒဏ္ဍာရီ ပုံပြင်တစ်ပုဒ်သဖွယ်ပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



## (ငယ်ဘဝပုံရိပ်)

ကျောင်းစာသင်ခန်းထဲမှာပေါ့ ...

ကျောင်းသားလေးတစ်ဦးနှင့် ကျောင်းသူလေးတစ်ဦး အတန်းပိုင်ဆရာမရှေ့မှာ လက်ကလေးပိုက်လျက် ခေါင်းလေးတွေငုံ့ကာ ရပ်နေကြပါသည်။

အတန်းပိုင်ဆရာမက သူတို့နှစ်ဦးကို စူးစိုက်၍ကြည့်ကာ ...

''စူးရှထက်နဲ့ သဲဝတ်လွှာ ... မင်းတို့နှစ်ဦးဟာ ဒီအတန်းထဲမှာ စာအတော်ဆုံး စာရင်းဝင်တွေ။ အဲ့ဒါနဲ့တောင်မှ ဒီအပတ် လပတ်စာမေးပွဲမှာ ကျကြတယ်။ အဲ့ဒါ ဘာဖြစ်လို့လဲ''

နှစ်ယောက်စလုံးထံမှ စကားသံ ထွက်မလာ။ နှုတ်ဆိတ်လျက် ခေါင်းလေးတွေကို ငုံ့မြဲငုံ့ထားကြ၏။

အတန်းပိုင်ဆရာမက ...

''မင်းတို့ မဖြေလည်း မင်းတို့ ဘာကြောင့် စာမေးပွဲကျရသလဲဆိုတာ ဆရာမ သိပြီးပြီ။ စူးရှထက်က သင်္ချာနေ့က အားလုံး အပုဒ်စေ့အမှန်ဖြေဆိုထားနိုင်တဲ့ သူ့ရဲ့အဖြေလွှာစာရွက်ကို နံဘေးနားက စာမရတဲ့ ကျောင်းသားရဲ့အဖြေလွှာစာရွက်နဲ့ ခုံနံပါတ် ပြောင်းတပ်ပြီး အခန်းစောင့်ဆရာကို အပ်လိုက်တယ်။ ဆရာမ ပြောတာ ဟုတ်တယ်မလား စူးရှထက်''





ကျောင်းသားလေး ငြိမ်နေသည်။

''ဘာသာရပ်ဆရာ လာပြောလို့ မသင်္ကာတာနဲ့ လက်ရေးချင်းတိုက်စစ်ကြည့်လို့ အဲ့ဒါကို သိရတာ။ သဲဝတ်လွှာကတော့ အင်္ဂလိပ်စာနေ့က နံဘေးက စာဖြေတဲ့ ကျောင်းသူမှာ ဘောလ်ပင်ပါမလာတာကြောင့် သူ့ဘောလ်ပင်ကို ပေးပြီး အရင်ဖြေခိုင်းတယ်။ အဲဒီကျောင်းသူပြီးမှ သူဖြေတော့ အချိန်မလောက်တာကြောင့် အောင်မှတ်မရတာ။ နံဘေးက ကျောင်းသူကို ခေါ်မေးကြည့်တော့ ပြောပြတယ်။ သဲဝတ်လွှာက စာမရလို့ မဖြေတာမဟုတ်ဘူး။ သူ မသိတဲ့ ပုစ္ဆာတွေကိုတောင်မှ ပြောပြသေးတယ် ... တဲ့ ...''

ကျောင်းသူလေးလည်း ငြိမ်နေသည်။ အတန်းပိုင်ဆရာမက သူတို့နှစ်ဦးကို ကြည့်ကာ သက်ပြင်းချ၏။

''မင်းတို့တွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ တစ်ဖက်သားကို ကူညီချင်စိတ်ရှိကြတာ ကောင်းပါတယ်။ ဒါပေမယ့် ... ကူညီတယ်ဆိုတာ စနစ်ကျဖို့လိုတယ်။ စာမရတဲ့ သူငယ်ချင်းကို စာမေးပွဲမတိုင်ခင်တည်းက နေ့စဉ်ပုံမှန် စာလုပ်ဖို့ပြော၊ မသိနားမလည်တာရှိရင် ရှင်းပြ၊ ကိုယ်ရှင်းမပြနိုင်ရင် ဘာသာရပ်ဆရာကိုသွားမေးဖို့တိုက်တွန်း၊ စာမေးပွဲခန်းမဝင်ခင်မှာဘောလ်ပင် ခဲတံနဲ့ ကွန်ပါပဗူး အစုံအလင်ပါရဲ့လား သတိပေး၊ စာမေးပွဲခန်းထဲရောက်မှ မပါမှန်းသိရင်လည်း အခန်းစောင့်တဲ့ဆရာကို ပွင့်ပွင့်လင်းလင်းပြောပြီး အကူအညီတောင်းပေါ့ ... ။

ပြဿနာတစ်ခုကို ဖြစ်လာမှ ဖြေရှင်းဖို့ ကြိုးစားတာထက် ဖြစ်မလာခင် ကြိုတင်ကာကွယ်တာက အကောင်းဆုံးနည်းလမ်းပဲ။ တစ်ဖက်လူကို ကူညီတဲ့အခါမှာလည်း ကိုယ်နိုင်သလောက်ဝန်ကိုပဲ ကူညီသင့်တယ်။ မဟုတ်ရင် အဲဒီဝန်က ကိုယ့်ကိုပိပြီး ကိုယ့်မှာ စိတ်ဖိစီးမှုဖြစ်ရတယ်။ ကူညီတဲ့အခါမှာလည်း တစ်ဖက်စောင်းနင်းမဖြစ်ဖို့ ဂရုစိုက်ရတယ်။ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကောင်းကျိုးဖြစ်ပေမယ့် အခြားတစ်ဖက်မှာ ဆိုးကျိုးသွားဖြစ်နေရင် အဲဒီကူညီမှုဟာ မှစင်ကြယ်ဘူး။ အဓိကတော့ ကိုယ့်ရဲ့ကူညီမှုကြောင့် ဘယ်သူတစ်ဦးတစ်ယောက်မှ ထိခိုက်နစ်နာဆုံးရှုံးမှု မဖြစ်ဖို့ အရေးကြီးဆုံးပဲ''





ငှုးရှုထက်နှင့် သဲဝတ်လွှာ ...။

ကျောင်းအဆောင်၏ နောက်ဘက်ရှိ မြက်ခင်းပြင်ဘက်မှာ ဆောင့်ကြောင့်လေးတွေထိုင်ကာ သူတို့နှစ်ဦး မြက်နှုတ်နေရ၏။

ထိုအချိန်မှာ ...

သူတို့နှစ်ဦးကြားရှိ မြေပြင်ပေါ်သို့ တစ်စုံတစ်ရာ ဖုတ်ခနဲပြုတ်ကျလာ၏။

''ဟယ် ... ငှက်ကလေး''

နှင်ဦးသား ထိုနေရာသို့ ကတိုက်ကရိုက် သွားပိုက်ကြသည်။ ငှက်ကလေးက သူတို့ကိုမြင်တော့ ထိတ်လန့်သွားဟန်နှင့် အတောင်ပံတိုတိုလေးနှစ်ဖက်အား တဖျတ်ဖျတ်ခတ်လေသည်။

သို့သော် ပျံသန်း၍ မရဘဲ ယက်ကန်ယက်ကန် ဖြစ်နေရှာ၏။

''ငှက်ကလေး သနားပါတယ်ဟယ်။ ဘယ်ကနေ ပြုတ်ကျလာတာလဲ မသိဘူး''

''အပျံသင်ရင်း ပြုတ်ကျလာတာ ဖြစ်ရမယ်ဟ''

ငှက်ကလေးမှာ အမွေးအတောင်ပင် မဆုံသေး။

''အသိုက်ထဲက ထွက်ကျတာလည်း ဖြစ်နိုင်တာပဲ''

''အသိုက်ရှေ့ရင်း ငှက်မကြီး လွှတ်ကျတာလား မသိဘူးနော်''

ဘေးဘီဝဲယာဆီ သူတို့လျှောက်ကြည့်မိကြသည်။ ငှက်မကြီးကိုလည်း မမြင်၊ ငှက်သိုက်ကိုလည်း မတွေ့။

ငှက်ကလေးမှာ အမြင့်မှပြုတ်ကျလာသဖြင့် နာကျင်နေဟန်ရှိသည်။

''ဒီငှက်ကလေးကို ဘယ်လိုလုပ်ပေးရင် ကောင်းမလဲဟင်''

''အိမ်ခေါ်သွားပြီး ဆေးကုပေးလိုက်ရင်ကော။ သူ နေကောင်းလာပြီး ပျံနိုင်မှ လွှတ်ပေးလိုက်မယ်လေ''

''အဲ့ဒါဆို ငှက်မကြီးက သူ့သားလေးပျောက်လို့ စိတ်ပူနေမှာပေါ့''

''အဲ့ဒါဆို ဘယ်လိုလုပ်ကြမလဲ''

သူတို့နှစ်ဦး စဉ်းစားကြသည်။

''ငှက်မကြီးလာရှာရင် သူ့တို့သားအမိ ပြန်တွေ့အောင် ငှက်ကလေးကို ဒီနားမှာပဲ ထားလိုက်မယ်ဟာ''

''အဲ့ဒါဆို သူ နေဖို့ထိုင်ဖို့နဲ့ စားဖို့သောက်ဖို့ကို ငါတို့ စီစဉ်ပေးရမှာပေါ့။ သူက ကလေးဆိုတော့ ဘာမှ လုပ်တတ်ဦးမှာ မဟုတ်ဘူး''

''အေး ... ဟုတ်တယ်''

သူတို့နှစ်ဦး မြက်ခြောက်တွေကောက်ပြီး တတ်သလောက်မှတ်သလောက် အသိုက်ပြုလုပ်ကြသည်။ ပြီးတော့ ... ငှက်ကလေးကို အသိုက်ထဲထည့်သည်။ နောက် ... ရူးရှထက်က ကျောင်းစိမ်းပုဆိုးကို ခါးတောင်းကျိုက်ပြီး အနီးရှိ ရေတမာပင်ပေါ်တက်ကာ အသိုက်ကို သစ်ကိုင်းခွဆုံတစ်ခုမှာ တင်ထားလိုက်၏။

ပြီးသောအခါ ...

နှစ်ဦးသား သူတို့လုပ်ရပ်အတွက် သူတို့ ကျေနပ်ပီတိဖြစ်နေကြပါ၏။





''ငှက်ကလေးရေ ... တော်ကြာမှ မင်းကို ထမင်းလာကျွေးမယ်နော်''

''ရေပါခပ်ခဲ့မယ် သိလား ...။ ဗိုက်ဆာရင် ခဏလေး အိပ်ပြီးစောင့်နေ''

www.burmeseclassic.com



နေ့လယ်ထမင်းစားကျောင်းဆင်းချိန် ...

စူးရှထက်နှင့် သဲဝတ်လွှာသည် သူတို့နှစ်ဦး ထမင်းအရင်မစားဘဲ ထမင်းချိုင့်ကိုယ်စီနှင့် ရေဘူးလေးတွေကိုင်ပြီး ငှက်ကလေးရှိရာ ထွက်လာခဲ့ကြသည်။

ငှက်ကလေးကိုထားရာ သစ်ပင်ဆီရောက်တော့ ...

စူးရှထက်က သစ်ပင်ပေါ်တက်ပြီး အသိုက်ထဲမှ ငှက်ကလေးကို ထုတ်ယူကာ မြေသို့ချသည်။ ပြီးတော့ ... ငှက်ကလေးကို နှစ်ယောက်အတူ ထမင်းကျွေးကြလေသည်။

ငှက်ကလေးက မစား ... ။

''သူ ဘာလို့ မစားတာလည်း မသိဘူးနော်''

''ဗိုက်ပြည့်နေလို့ ထင်တယ်ဟ''

''သူ့အိမ်နဲ့ သူ့အမေကို လွမ်းလို့ မစားနိုင် မသောက်နိုင်ဖြစ်နေတာ ထင်ပါတယ်ဟယ်''

''နေမကောင်းလို့ မစားနိုင်တာလည်း ဖြစ်နိုင်တာပဲ''

သူတို့ တွေးတောမိသလို ပြောနေကြ၏။

''ငါတို့မရှိတဲ့အချိန်ကျမှ သူဆာနေရင် ဒုက္ခပဲနော်''

''သူဆာတဲ့အချိန် စားလို့သောက်လို့ရအောင် စီစဉ်ပေးခဲ့မယ်





လေ''

''ငါတို့မှာ သူ့အတွက် ပန်းကန်မပါလာတာ။ ဘယ်လိုလုပ်မလဲ''

''သူ့အတွက် ပန်းကန်ရှိပါတယ်ဟ''

''ဘယ်မှာလဲ''

''ဒီမှာလေ''

စူးရှထက်က သူ့ထမင်းချိုင့်ထဲမှ စတီးလ်ဇွန်းကို ထုတ်ပြသည်။ ထိုဇွန်းထဲသို့ ထမင်းဖြူအနည်းငယ်နှင့် ရေကို သမအောင် ရောမွှေ၍ထည့်၏။ ပြီးတော့ ... ငှက်ကလေးနှင့် ထိုဇွန်းကို အသိုက်ထဲမှာ နေရာတကျထားလိုက်လေသည်။

ထိုကိစ္စတွေ ပြီးသောအခါ သဲဝတ်လွှာက ...

''ဗိုက်ဆာပြီဟာ ... ငါတို့လည်း ထမင်းစားရအောင်''

''ငှက်ကလေး အဖော်ရအောင် ဒီမှာပဲ စားကြမယ်လေ''

''အေး ... ကောင်းသားပဲ''

ငှက်ကလေးရှိရာ ရေတမာပင်အောက် မြက်ခင်းပြင်ထက်မှာပဲ သူတို့နှစ်ဦး ထမင်းစားဖို့ ပြင်ဆင်ကြသည်။ ချိုင့်တွေဖွင့်ပြီး ထမင်းစားမယ်လုပ်တော့ ဇွန်းမရှိသဖြင့် စူးရှထက် အခက်တွေ့နေသည်။

ဒါကို သဲဝတ်လွှာ သတိပြုမိသွား၏။

''ရော့ ... ဒီဇွန်းနဲ့စား''

သဲဝတ်လွှာက သူမကိုင်ထားသော ဇွန်းကို စူးရှထက်အားပေး၏။ စူးရှထက်က သဲဝတ်လွှာ၏ ထမင်းချိုင့်ထဲ ကဲကြည့်လိုက်သေးသည်။ ပြီးတော့မှ ... ခေါင်းခါသည်။

''နင့်မှာလည်း ဒီဇွန်းတစ်ချောင်းထဲပါတာ။ နင်ပဲ စားပါဟာ။ ငါက လက်နဲ့ပဲစားလိုက်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



စူးရှထက်က ရေဘူးကိုဖွင့်ပြီး လက်ရေဆေးဖို့ပြင်သည်။ သဲ၀တ်လွှာက စူးရှထက်လက်ကို ဆွဲထားပြီး ...

''လက်နဲ့ မစားပါနဲ့ဟာ။ ခါတိုင်းလည်း နင် ဇွန်းနဲ့ပဲစားတာ ငါတွေ့နေတာပဲ။ လက်နဲ့စားပြီးရင် လက်ဆေးစရာ ဆပ်ပြာလည်းရှိတာ မဟုတ်ဘူးလေ။ အဲ့ဒါဆိုလက်မှာ ဆီတွေကပ်၊ ဟင်းနံ့တွေစွဲပြီး နေရထိုင်ရတာ အဆင်မပြေ ဖြစ်နေမှာပေါ့။ စာရေးစာဖတ်တဲ့အခါကျရင်လည်း ခဲတံ ဘောလ်ပင်ကိုင်ရတာ လက်ကချော်တာနဲ့ ... ဟင်းနံ့တွေ နှာခေါင်းထဲ ဝင်တာနဲ့ ... စာထဲ ကောင်းကောင်းအာရုံမရောက်တော့ဘူးဟ။ ငါဖြစ်ဖူးလို့ နင့်ကို ပြောနေတာ။ ဇွန်းနဲ့ပဲ စားလိုက်နော် ... ရော့ ...''

သဲ၀တ်လွှာက ဇွန်းကို ကမ်းပေးပြန်၏။ စူးရှထက်က ကနုတ်ပန်းတွေနှင့် ကြွေဇွန်းလေးကို ကြည့်လိုက်၊ သဲ၀တ်လွှာမျက်နှာကို ကြည့်လိုက်နှင့် ...။

သဲ၀တ်လွှာက ...

''ဘာလဲ ... နင်က ငါ့ဇွန်းနဲ့ စားရမှာ ရွံလို့လား''

''မဟုတ်ပါဘူးဟာ။ နင့်ကိုငါ အားနာလို့ပါ''

''အားမနာပါနဲ့ ... စားပါဟဲ့ ...''

''ခုနကပြောတော့ ဗိုက်ဆာနေတာဆို။ နင် အရင်စားလေ''

''နင်ပဲ အရင်စားပါ''

''နင် အရင်စားလိုက်ပါဟ။ ငါက မဆာသေးဘူး''

''ဟင့်အင်းဟာ ... နင် အရင်စားရမယ်။ မစားရင် နင့်ကိုငါ မခေါ်တော့ဘူးနော်။ စိတ်ဆိုးမှာ''

''စိတ်တော့ မဆိုးပါနဲ့ဟာ ... စားဆို စားပါ့မယ် ...''

ကြွေဇွန်းလေးကို ယူပြီး စူးရှထက် ထမင်းတစ်လုတ်စားသည်။ ပြီးတော့ သူ ဆက်မစားဘဲ သဲ၀တ်လွှာထံ ဇွန်းလေး ပြန်ကမ်းပေး၏။





''တစ်ယောက်တလဲ စားကြမယ်လေ ... နော် ...''

''ဘာဖြစ်လို့လဲ''

''ဟို ... ဟို ... အဲ ... ငါ ထမင်းဝါးချိန်ရအောင်လို့ပါ''

သဲ၀တ်လွှာက စူးရှထက်ကို ကြည့်ကာ ညင်သာစွာ ချစ်စဖွယ် ပြုံးသည်။ ပြီး ... ဇွန်းလေးကိုယူ၍ ထမင်းတစ်လုပ် ခပ်စားသည်။ နောက် စူးရှထက်အား ဇွန်းလေး ပြန်ကမ်းပေးလိုက်ပါ၏။

ဤသို့သောနည်းဖြင့် ...

သူတို့နှစ်ဦးသည် တစ်ယောက်တလဲ ဇွန်းဖလှယ်ရင်း၊ တစ်ယောက်ကို တစ်ယောက် ဟင်းလျာလေးတွေ အပြန်အလှန်ထည့်ပေးရင်း ပျော်ရွှင်စွာ အတူတကွ ထမင်းစားဖြစ်ကြလေသည်။

ဒီလိုနှင့်ပင် ...

အမှတ်မထင်တွေ့သော ငှက်ကလေးတစ်ကောင်အား အခြေပြုကာ

သာမန် အတန်းဖော်တွေ အဖြစ်မှ သူတို့နှစ်ဦးသည် ရင်းနှီးကျွမ်းဝင်သော သူငယ်ချင်းတွေအဖြစ်သို့ ရောက်မှန်းမသိ ပြောင်းလဲရောက်ရှိသွားခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို ကျောင်းရောက်တာနှင့် ကျောင်းဝေယျာဝစ္စတွေ လုပ်ရောရှိတာလုပ်၊ ဒါမှမဟုတ် စာအုပ်နှင့်မျက်နှာမခွာဘဲ စာကိုသာ အာရုံစိုက်လေ့ရှိသော သူတို့နှစ်ဦးအတွက် ငှက်ကလေးမှာ အဖော်သစ် ဖြစ်လာသည်။

အခုဆို ... သူတို့နှစ်ဦးကို မြင်တာနှင့် ငှက်ကလေးမှာတကျိကျိ အော်နေတတ်ပြီ။ သူတို့ကျွေးသော ထမင်းနှင့်ရေ ဖျော်နယ်ထားသော အစာကိုလည်း ကောင်းစွာ စားသုံးတတ်နေလေပြီ။

ရက် ကြာလာတာနှင့်အမျှ ...

ငှက်ကလေးနှင့် သူတို့နှစ်ဦးကြားရှိ သံယောဇဉ်မှာ ပိုမိုခိုင်မာလာသည့်အတွက် ... ငှက်ကလေး သူတို့အားထားသွားမည့် အရေးကို တွေးတောပူပင်နေမိကြ၏။ ငှက်ကလေးအား ငှက်မကြီး လာခေါ်သွားမည့် အချိန်၊ ငှက်ကလေး အတောင်အလက်စုံလင်၍ ပျံသန်းထွက်ခွာသွားမည့် နေ့ရက်ကို သူတို့နှစ်ဦး ရင်ခုန်စိုးထိတ်စွာ စောင့်စားနေမိကြပါ၏။

တစ်နေ့မှာတော့ ...





မုန့်စားကျောင်းဆင်းချိန် ... ။

ကျောင်းသူကျောင်းသားကလေးငယ်တွေ ပျော်ရွှင်စွာ တဟေးဟေးတဟားဟားနှင့် အခန်းအပြင်ထွက်၍ မုန့်ဝယ်စားကြသည်။

သူတို့နှစ်ဦးကတော့ အတန်းထဲမှာသာ စာကျက်ရင်း အိမ်က ပေးလိုက်သော မုန့်တွေကို စားနေကြ၏။ စာရတော့လည်း အပြန်အလှန် စာပြန်ကြသည်။

သူတို့နှစ်ဦး စာထိုင်ကျက်နေသည့်ခုံပေါ်မှာ စာအုပ်တွေအပြင် မုန့်တွေက တစ်ပုံတစ်ပင်။

အဲဒီအချိန် ...

မလှမ်းမကမ်းမှ ကျောင်းသားလေးနှစ်ဦးနှင့် ကျောင်းသူလေးနှစ်ဦးက သူတို့အား ငေးကြည့်နေကြချေ၏။ အားကျသော အကြည့်တွေနှင့် ဖြစ်ပါ၏။

ထိုအကြည့်တွေကို ခဏအကြာမှာ သူတို့နှစ်ဦး သတိပြုမိသွားသည်။

ဒါကြောင့် ...

သူတို့နှစ်ဦး တိုင်ပင်ပြီး သူတို့တွင်ရှိသော မုန့်တွေကို ထိုလေးယောက်အား သွားပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးသောအခါ ...

''ငါတို့ရဲ့ငှက်ကလေးလည်း ဒီအချိန်ဆို ဆာနေမလား မသိဘူး နော်''

''အချိန်ရသေးတာပဲ။ ငှက်ကလေးဆီ သွားရအောင်လေ''

သူတို့နှစ်ဦး ငှက်ကလေးရှိရာ ထွက်လာခဲ့ကြသည်။

ထိုအချိန် ...

ငှက်ကလေးရှိရာ ရေတမာပင်အောက်၌ ကျောင်းသားတစ်စု ရောက်နေကြသည်။ ကျောင်းသားတစ်ယောက်က သစ်ပင်ပေါ်မော့ကြည့် မိရင်း ငှက်သိုက်ကို တွေ့မြင်သွားလေ၏။

''သစ်ပင်ပေါ်မှာ ငှက်သိုက်ရှိတယ်ကွ''

''အဲ့ဒါဆို ငှက်ဥတက်နှိုက်ကွာ။ ဖောက်သောက်ရတာပေါ့''

''ငါ သစ်ပင်မတက်တတ်ဘူးကွ''

''အဲ့ဒါဆို ခဲနဲ့ထုမယ်ကွာ''

ကျောင်းသားတစ်ယောက်က ပြောပြောဆိုဆို ခဲခပ်ကြီးကြီး တစ်လုံးကောက်ယူပြီး ငှက်သိုက်ကို အားနှင့်လွှဲပစ်သည်။ ကျိုခနဲ အော် မြည်သံတစ်ချက် ကြားရပြီး ငှက်သိုက်ကို-ခဲမှန်ကာ ငှက်ကလေးအောက် သို့ လွင့်စင်ပြုတ်ကျလာ၏။

ထိုဖြစ်စဉ်ကို ရှူးရှထက်နှင့် သဲဝတ်လွှာ အဝေးမှ လှမ်းမြင်လိုက် ရသည်။ သူတို့နှစ်ဦး ကရောသောပါး ပြေးလာကြ၏။

''မလုပ်ကြပါနဲ့ဟယ် ... မလုပ်ကြပါနဲ့ ... ။ အဲဒီငှက်ကလေး ကို ငါတို့မွေးထားတာပါ''

''ငှက်ကလေး ဘာဖြစ်သွားပြီလဲ မသိဘူး''

ရှူးရှထက်နှင့် သဲဝတ်လွှာ ငှက်ကလေးထံ သွားလိုက်ကြသည်။ သူတို့နှစ်ဦးကိုကြည့်ကာ ငှက်ဥသောက်ဖို့ ကြိုးစားသည့် ကျောင်းသား





တွေက ပွစိပွစိနှင့် ...

''အဖြစ်သည်းနေလိုက်တာ ... သစ်ပင်ပေါ်က ငှက်ကိုများ ...''

''သူတို့ကို သွားမထိနဲ့။ သူတို့က ဆရာဆရာမ အချစ်တော် တွေ''

ထိုကျောင်းသားတွေ သူတို့အနီးမှ ထွက်ခွာသွားကြသည်။ ရှူးရှ ထက်နှင့် သဲဝတ်လွှာကတော့ သူတို့တွေကို ဂရုမစိုက်ဘဲ ငှက်ကလေးထံ မှာသာ အာရုံရောက်နေကြသည်။

ခဲလုံးက ငှက်ကလေး၏ ဦးခေါင်းပိုင်းကို ထိမှန်သွားပုံရပါ၏၊ ငှက်ကလေးမှာ မျက်စိတစ်ဖက်ပျက်ပြီး သွေးစတွေနှင့် ဆန့်ငင်ဆန့်ငင် ဖြစ်နေရှာ၏။

''အဖြစ်ဆိုးလိုက်တာ ငှက်ကလေးရယ် ...''

''ငါတို့ အရောက်နောက်ကျလို့ သူ အခုလိုဖြစ်ရတာ ...''

သူတို့နှစ်ဦး ဝမ်းနည်းနေကြ၏။ ငှက်ကလေး အသက်ဆက်ရှင် ရေးအတွက် သူတို့တတ်စွမ်းသမျှ ကြိုးစားကြလေသည်။

သို့ပါသော်လည်း ...

သူတို့လက်ထဲရောက်ရှိပြီး မကြာမီမှာ

ပူနွေးနူးညံ့သော ကိုယ်ခန္ဓာလေး အေးစက်တောင့်တင်းလျက် ငှက်ကလေး သေဆုံးသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်လေးတွေ ဝဲနေသော သူတို့နှစ်ဦးသည်

မြေပြင်အား သစ်ကိုင်းခြောက်နှင့် တူးဆွ၍ ...

ငှက်ကလေး၏ ခန္ဓာကိုယ်အား ရေတမာပင် ခြေရင်းမှာပင် မြှုပ်နှံပေးလိုက်ပါသည်။

ငှက်ကလေး သေဆုံးသွားခဲ့ပြီဖြစ်သော်ငြားလည်း ...

သူတို့နှစ်ဦး၏ ရင်ထဲတွင် ငှက်ကလေးတစ်ကောင် အစဉ်အမြဲ ကိန်းအောင်းတည်ရှိနေဆဲ ဖြစ်လေသည်။





မီးလျှံတွေ ... မီးလျှံတွေ ...

ဖျိုးဖျိုးဖျစ်ဖျစ် မြည်သံပေးလျက် မီးခိုးငွေ့တွေ အလိပ်လိုက်တက်ကာ မီးလျှံတွေ လောင်ကျွမ်းနေချေ၏။

အော်ဟစ်ငိုယိုနေသူတွေ၊ အထုပ်အပိုးတွေဆွဲကာ ပြေးလွှားနေသူတွေ၊ မီးငြိမ်းသတ်ရန် လှုပ်ရှားကြိုးစားနေသူတွေ၊ ဘာတစ်ခုမှ ကူညီမှု မပြုဘဲ လာရောက်ငေးကြည့်နေသူတွေ ... အားလုံး ... အားလုံး ... လမ်းပေါ်မှာ စုပြုံရှုပ်ထွေးနေကြလေ၏။

ကျောင်းရှေ့မှ အဆောက်အဦးတစ်ခုကို မီးလောင်ကျွမ်းနေတာ ဖြစ်ပါ၏။

ဆရာ ဆရာမတွေက ကျောင်းသူကျောင်းသားတွေကို ကျောင်းဝင်းအပြင် မထွက်စေဘဲ စာသင်ခန်းထဲမှာသာနေထိုင်ရန် ကြိုးကြပ်နေကြ၏။ ကျောင်းသူကျောင်းသားအချို့က ကြောက်ကြောက်ရွံ့ရွံ့နှင့် ကျောင်းကို မီးကူးမလာစေရန် ဘုရားစာရွတ် ဆုတောင်းနေကြပြီး၊ ကျောင်းသူကျောင်းသားအချို့ကတော့ စာသင်ခန်းပြတင်းဝမှ ပြင်ပသို့ ငေးကြည့်နေကြလေသည်။

ထိုအုပ်စုထဲမှာ ရူးရှထက်နှင့် သဲဝတ်လွှာလည်း ပါသည်။

သူတို့ ငေးကြည့်နေစဉ်မှာပင် ...



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ကျွမ်းရာနေရာသို့ ပိတ်အကျႌအဖြူ၊ လုံချည်အပြာ၊ ဖိနပ်အနက် ဝတ်ဆင်ထားသူတွေ ရုတ်တရက် ရောက်လာပြီး ကူညီကြသည်။

အိမ်အတွင်းရှိ လူများကို အော်ဟစ်သတိပေးသည်။ မီးသတ်ဌာနနှင့် ရဲဌာနသို့ အလျင်အမြန်အကြောင်းကြားသည်။ အိမ်နီးနားချင်းများထံမှ လှေကားများ၊ ခုန်ချရန် မွေ့ရာ ကော်ဇောများ သယ်ယူလာဖို့ အလောတကြီး ပြောဆိုသည်။

အချို့က ... မီး ကူညီငြိမ်းသတ်ကြသည်။ အချို့က ... ရေဆွတ်ထားသော လက်ကိုင်ပဝါကို ပါးစပ်နှင့် နှာခေါင်းအား စည်းနှောင်၍ ရေဆွတ်ထားသော မိုးကာနှင့် စောင်ကို ခြုံကာ ဝပ်တွား၍သွားပြီး အိမ်အတွင်းရှိ လူများကို ကယ်ထုတ်ကြသည်။

မီးသတ်ကားများ ရောက်လာသောအခါ ...

သူတို့လူစုက အုံနေသော လူထုကို လမ်းရှင်းပေးပြီး သူတို့အချင်းချင်း တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ တခြားလူများ ဝင်မတိုးရအောင် တံတိုင်းသဖွယ် တားဆီး၍ ကာရံထားပေးလေသည်။

ထိုအချင်းအရာကိုကြည့်ပြီး သဲဝတ်လွှာက အနီးရှိ ဆရာမအား မေးသည်။

"ဆရာမ ... သူတို့က ဘာတွေလဲဟင်"

သဲဝတ်လွှာ၏လက်ညှိုးလေးညွှန်ရာကိုကြည့်ပြီး ဆရာမက ...

"အဲ့ဒါ လူသားငှက်ကလေးတွေလေ သမီးရဲ့"

ငှက်ကလေး ... ဆိုသော အသံကြောင့် စူးရှထက်ခေါင်းလေးပါ ဆရာမဘက် လှည့်လာသည်။ သူလည်း သိလိုစွာ မေးလိုက်၏။

"ဘယ်လို ဆရာမ ... အဲ့ဒါ လူသားငှက်ကလေးတွေ ... ဟုတ်လားဟင် ..."





"ဟုတ်တယ်ကွဲ့ ... သူတို့ဟာ လူသားငှက်ပြာကလေးတွေ။ ငှက်ပြာကလေးတွေဟာ လူတွေကို အကူအညီပေးကြတယ်။ သူတို့ဟာ ငှက်ပြာကင်းထောက် အသင်းဝင်တွေပေါ့။ လူတွေကို ကူညီဖို့အတွက်ဆိုပြီး ငှက်ပြာကင်းထောက်အသင်းကို စနစ်တကျ ဖွဲ့စည်းထားတာ"

"ဩော်"

ခဏကြာတော့ ...

ရေအား လူအား နိုင်သလို၊ တက်တက်ကြွကြွနှင့် စည်းလုံးညီညွတ်စွာ ကြိုးစားမှုကြောင့် မီးစွယ်ကျိုးပြီး မီးငြိမ်းသွားလေသည်။

ဆရာမက ကျောင်းသူကျောင်းသားတွေအားလုံး ကိုယ့်နေရာကိုယ် ပြန်ထိုင်စေသည်။ အားလုံး စုံညီ ငြိမ်သက်သောအခါ လေးစားအတုယူဖွယ်ကောင်းသည့် ငှက်ပြာကင်းထောက်အသင်းအကြောင်း ရှင်းပြပြီး ထိုငှက်ပြာကလေးများ၏ ပုံပြင်ကို ပြောပြလေသည်။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''တစ်ခါက ဆင်းရဲနွမ်းပါးတဲ့ လင်မယားနှစ်ယောက်ဟာ တောစပ်မှာ အိမ်ကလေးတစ်လုံးဆောက်ပြီး နေထိုင်ကြတယ် ... တဲ့ ...။

သူတို့မှာ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်ရှိတယ်။ အဲဒီကလေးငယ်တွေဟာ ပျင်းရိဆိုးသွမ်းပြီး အိမ်အလုပ်ကိုလည်း မကူညီကြဘူး။ နေ့စဉ်နဲ့အမျှ အော်ဟစ်ရန်ဖြစ်ပြီး အိမ်က ရှိစုမဲ့စုပစ္စည်းလေးတွေကိုလည်း ဖျက်ဆီးဖျောက်ဖျက်ပစ်ကြတယ်။

သူတို့ကို ဆိုဆုံးမလို့မရတာကြောင့် မိဘနှစ်ပါးဟာ နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲနေရရှာတယ်။ တစ်နေ့တော့ မိခင်ဖြစ်သူက သားသမီးတွေ နားဝင်အောင် ကြံဖန်ပြောဖို့ ကြိုးစားတယ်။

''ဩော် ... ဒို့ရဲ့အိမ်ဟာဖြင့် သိပ်ပြီး ရှုပ်ပွေညစ်ပတ်နေပြီ။ လာပြီး သိမ်းဆည်းရှင်းလင်းပေးမယ့် ငှက်ပြာလေးတစ်ကောင်လောက်များရရင် သိပ်ကောင်းမှာပဲ ...''လို့ ညည်းတွားရင်း ငှက်ပြာကလေးတွေ ဒ့်အိမ်အတွက် အသုံးဝင်ပုံကို သားနဲ့သမီးသိအောင် ပြောပြတယ်။

ဒီလိုနဲ့ပဲ ...

ကလေးနှစ်ယောက်ဟာ သူတို့ခိုင်းစေဖို့အတွက် ငှက်ပြာလေးတစ်ကောင် တွေ့လိုတွေ့ငြား တောစပ်ကို ထွက်ပြီး လိုက်ရှာကြတယ်။ အဲဒီမှာ ပညာရှိဘိုးကွက်ကြီးနဲ့တွေ့တော့ အကျိုးအကြောင်းပြောပြပြီး





မေးတယ်။ ဘိုးကွက်ကြီးက မြောက်ဘက်ရေကန်မှာသွားရှာဖို့ ပြောလိုက်ပါတယ်။

ကလေးနှစ်ယောက်ဟာ ဘိုးကွက်ကြီးပြောတဲ့အတိုင်း မြောက်ဘက်ရေကန်ဆီသွားပြီး ''ငှက်ပြာလေးရေ ... လာ ... လာ ...''လို့ ရေမှာငုံ့ပြီး သုံးကြိမ်သုံးခါခေါ်ပါတယ်။ ဒါပေမယ့် ငှက်ပြာလေးကိုတော့ မတွေ့ရဘဲ သူတို့အရိပ်ကိုသာ ရေပေါ်မှာ မြင်နေရတဲ့အတွက် စိတ်ပျက်လက်ပျက် ဖြစ်နေကြပါတယ်။

အဲဒီအချိန်မှာ ပညာရှိဘိုးကွက်ကြီး ရောက်လာပြီး ...

''ငှက်ပြာကလေးဆိုတာ .တခြား ဟုတ်ပါရိုးလား။ မောင်တို့အမိတို့ပဲ ဖြစ်တယ်။ ကိုယ့်အိမ်ကိုယ်ပြန်ပြီး ငှက်ပြာ အလုပ်ကိုလုပ်ကြ'' ... လို့ ဆုံးမစကားတွေပြောပြီး ပြန်လွှတ်လိုက်တယ် ... တဲ့ ...။

အဲဒီအချိန်ကစပြီး ကလေးနှစ်ယောက်ဟာ အသိတရားရသွားပြီးတော့ ငှက်ပြာလေးတွေလိုပဲ ပေါ့ပါးလျင်မြန်တဲ့ လူလိမ္မာလေးတွေ ဖြစ်သွားကြတယ် ... တဲ့ ...''



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေ ကျောင်းဆင်းချိန်မှာ ...

ကျောင်းရုံးခန်းဆီ အလံတိုင်နှင့် ကျောင်းခေါ်ချိန်စာအုပ်အတူ သွားပို့ရင်း စူးရှထက်က သဲဝတ်လွှာကို ပြောသည်။

''ဒီနေ့ ဆရာမပြောပြတဲ့ ပုံပြင်လေးက ကောင်းတယ်နော်''

''အေး ... ဟုတ်တယ်။ ငါလည်း အဲဒီပုံပြင်လေးကို အရမ်းကြိုက်တာပဲ''

''ငါတို့နှစ်ယောက်လည်း ပုံပြင်ထဲက ကလေးလေးတွေလို လိမ္မာအောင် ကြိုးစားမယ်နော်''

''ငှက်ပြာလေးတွေလိုလည်း လူတွေကို အကူအညီပေးကြမယ်လေ''

''အေး ... ဟုတ်တယ်။ အဲ့ဒါဆို ငါတို့ရဲ့ငှက်ကလေးလည်း ဝမ်းသာမှာဟ။ ငါတို့လူတွေကို တစ်ခါကူညီပြီးတိုင်း ငှက်ကလေးအတွက် ဆုတောင်းပေးကြမယ်လေ''

''အေး ... ကောင်းတယ်''





ထိုအချိန်မှ စတင်ကာ ...

နဂိုဗီဇအခံမှာပင် ကူညီချင်စိတ် ထက်သန်သော သူတို့နှစ်ဦးသည်

ငှက်ပြာကလေးတွေသဖွယ် အခက်အခဲရှိသူတွေကို ကူညီကယ်တင်နိုင်ဖို့ အာရုံစိုက် ကြိုးပမ်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com




မှတ်ချက်။ ။ စာမျက်နှာ အခက်အခဲနှင့် (ထုတ်ဝေသူ ဦးစိန်တိုး၏ မအီမလည်မျက်နှာကြီးကို မြင်ယောင်မိပါသောကြောင့်) စာဖတ်သူများလည်း မျှင်းရိုငြီးငွေ့မည်စိုးပါသဖြင့် ...

ငှက်ပြာကင်းထောက်အသင်းနှင့် ပတ်သက်၍ အသေးစိတ် မရှင်းပြတော့ပါ။

သို့သော် ...

ငှက်ပြာကင်းထောက်အသင်းဝင်များ စုရုံးဆုံတွေ့သည့်အခါ အသုံးပြုလေ့ရှိသော နတ်သမီးစည်းဝိုင်းအား ဗဟုသုတအလို့ငှာ ဖော်ပြအပ်ပါသည်။



⊙ နတ်သမီးကျောက်ဖျာ။

× အတွင်းစည်းဝိုင်း။

o–o နတ်သမီးစည်းဝိုင်း။





နတ်သမီးကျောက်ဖျာဟုခေါ်ဆိုသော မှိုပွင့်သဏ္ဌာန် အမှတ်အသားတစ်ခုကို သစ်သားနှင့်ပြုလုပ်၍ စိုက်ထူထားရှိသည်။ ငှက်ပြာကင်းထောက်ဆရာမက ထိုနတ်သမီးကျောက်ဖျာရှေ့တွင်ရပ်ကာ၊ ငှက်ပြာကလေးများက ကျောက်ဖျာကို ပတ်လည်ဝိုင်း၍ စည်းဝေးကြသည်။

ငှက်ပြာတစ်စုတွင် (၆)ယောက်စီခွဲထား၍ ရွှေပြည်စိုး၊ ကြိုးကြာ၊ ဇင်ယော်၊ ဟင်္သာ၊ ဇာမဏီ ... စသည်ဖြင့် ငှက်နာမည်များ ပေးထားကြသည်။ ကိုယ့်အစုနှင့်ကိုယ် လက်မောင်းချင်းထိကာ ညီညာစွာရပ်၍ ငှက်ပြာဆရာမ၏ စကားကို နားထောင်ကြရသည်။ ငှက်ပြာတစ်စု ခေါင်းဆောင်တစ်ယောက် အုပ်ချုပ်လေ၏။

ငှက်ပြာဆရာမ မှာကြားသော စကားများကို နားထောင်ရသည့်အခါ အတွင်းစည်းဝိုင်းတွင် တွေ့ဆုံကြ၍၊ နတ်သမီးစည်းဝိုင်းဆိုသည်မှာ ကျယ်နိုင်သမျှကျယ်အောင် လက်နှစ်ဘက်ဆန့်တန်း၍ ဆက်ထားရသော စည်းဝိုင်းကိုဆိုလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝဆိုတာ
အပေါ်ယံအလွှာမှာ
ရယ်သံတွေနဲ့ တန်ဆာဆင်ထားတဲ့
မျက်ရည်စက်တွေပါပဲ ...





## အခန်း (၁)

ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ...

တစ်ဦးလက်ကို တစ်ဦး ယုယစွာဆုပ်ကိုင်လျက် ပလက်ဖောင်းပေါ်မှာ ဟိုဒီငေးရင်း လမ်းလျှောက်နေကြလေသည်။

အချိန်ရာသီသည် မိုးဝတ်မိုးမြူတွေ ဝဲဝေ့နေသော ဝဿန်ကာလ နံနက်ခင်းဖြစ်၏။

မြင်ကွင်းတစ်လျှောက် တောက်ပစိုစိမ်းနေသည်။ လတ်ဆတ်သော လေညှင်းသည် သိမ်မွေ့စွာ ကူးချည်သန်းချည်ပြုလျက်ရှိ၏။ နံနက်ခင်း၏ သာယာမှုတွင် လူသူကျဲပါးဆိတ်ငြိမ်နေပါသည်။

နှစ်ဦးသား ဖြည်းဖြည်းချင်း ရွေ့လျားနေရာမှ ...

''ဟဲ့ ... စူးရှ ... ဟိုမှာတွေ့လား''

''ဘာလဲဟ''

''ဟိုမှာလေဟာယ်''

ကောင်မလေးက ရှေ့တစ်နေရာကို လက်ညှိုးညွှန်ပြသည်။ ထိုနေရာတွင် မျက်မှောင်ကြုတ်လိုက်၊ ခေါင်းကုတ်လိုက်နှင့် အကြံအိုက်နေဟန်ရှိသော လူတစ်ဦးအား တွေ့ရသည်။

ထိုလူကိုကြည့်ပြီး ကောင်လေးက နားမလည်ဟန်ဖြင့် ...

www.burmeseclassic.com



''ဘာလဲ သဲရဲ့။ နင် ဘာကိုဆိုလိုတာလဲ''

ကောင်မလေးက ...

''အဲဒီလူကိုကြည့်ရတာ အခက်အခဲတစ်ခုခုတွေ့နေပုံရတယ်''

''အဲဒီတော့''

''သူ့ကို ငါတို့နှစ်ယောက် သွားကူညီကြမယ်လေဟာ ... နော်''

ကောင်မလေးက မျက်လွှာလေးအား ပင့်၍ ခွင့်တောင်းသလို ပြော၏။ ထိုအခါ ကောင်လေးက ကောင်မလေးကို နူးညံ့စွာ စိုက်ကြည့်ပြီး ပြုံး၍ ခေါင်းညိတ်ပြပါသည်။

''သွားကူညီကြတာပေါ့ သဲရယ်။ ဒါပေမယ့် သူ့အခက်အခဲက ငါတို့ကူညီနိုင်တာမျိုးဖြစ်ဖို့တော့ လိုတယ်''

ကောင်လေးက ချင့်ချိန်၍ ပြောရာ၊ ကောင်မလေးက ချစ်စဖွယ် ပြုံး၍ ...

''ဘာပဲဖြစ်ဖြစ်ပေါ့ဟာ။ ပြဿနာတစ်ခုကို ခေါင်းတစ်လုံးထဲ စဉ်းစားတာနဲ့စာရင် ခေါင်းသုံးလုံးနဲ့ စဉ်းစားတာက လမ်းကြောင်းမှန်နဲ့ ပိုနီးစပ်နိုင်ပါတယ်''

''အေး ... အဲ့ဒါတော့ ဟုတ်တယ်''


ကောင်မလေးစကားကို ကောင်လေးက သဘောတူထောက်ခံ၏။

ထို့နောက် ...

သူတို့နှစ်ဦးသည် ထိုလူရှိရာဆီ ခပ်သွက်သွက် လျှောက်လှမ်းသွားလိုက်ကြလေ၏။







''ပြဿနာက အဲဒီ အလံတွေပဲကွ''

''ဗျော်''

ပတ်ပတ်လည်မှာ အထိမ်းအမှတ် အလံတွေ လွှင့်ထူထားရှိသော အဆောက်အဦးတစ်ခုကိုပြ၍ ထိုသူက ညည်းသည်။

''အလံက ၁၂ ခုတည်းရယ်''

''အင်း''

''အဲဒီ ၁၂ခုတည်းနဲ့ ဘယ်ဘက်ကပဲကြည့်ကြည့် အလံငါးခုစီ မြင်ရအောင် လုပ်ထား ... တဲ့''

''ဟင်''

''အခု ငါလုပ်တာ တစ်ဖက်ကို လေးခုစီပဲမြင်ရတယ်''

''အင်း''

''အဲ့ဒါကြောင့် ငါ အကြပ်ရိုက်နေတာ''

''ဗျော်''



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနှင့် ကောင်မလေး ဖြစ်စဉ်ကို သဘောပေါက်သွားသည်။ တစ်ဦးနှင့်တစ်ဦး အဓိပ္ပာယ်ပါပါ ကြည့်ကြ၏။

ပြီးနောက် ...

နှစ်ဦးသား ခေါင်းချင်းဆိုင် တိုင်ပင်လေသည်။ မြေပြင်ပေါ်တွင်လည်း တုတ်ဖြင့် ရေးခြစ်ကြလေ၏။

ခဏမျှကြာသောအခါ ...

''ဒီကိစ္စကို ဒီလိုလုပ်လိုက်ဗျာ''

''ဘယ်လိုလဲ''


''ဒီလို ... ''

ကောင်လေးနှင့် ကောင်မလေးက အေးဆေးစွာ ပြောပြသည်။ နားထောင်ရင်း ထိုလူ့မျက်နှာ ပြုံးလာသည်။

မကြာမီတွင် ...

အဆောက်အဦး ပတ်ပတ်လည်ရှိ အလံလွှင့်ထူပုံမှာ ပြောင်းလဲသွားသည်။

အောက်ပါအတိုင်း ဖြစ်၏။







ဤသို့ဖြင့် ...

လူငယ်နှစ်ဦး၏ ကူညီမှုကြောင့် လူရွယ်တစ်ဦး အခက်အခဲမှ လွတ်မြောက်သွားခဲ့လေသည်။

မကြာမီ ...

လူငယ်နှစ်ဦး၏ နှုတ်ဖျားဆီမှ တိုးဖွဖွ ရေရွတ်ဆုတောင်းသံတစ်ခု ထွက်ပေါ်လာပါ၏။

''ငှက်ကလေး ကောင်းရာဘုံဘဝ ရောက်ပါစေ ... ''



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ကျောင်းကင်တင်းမှာ လူငယ်တစ်စု ထိုင်နေကြသည်။ သူတို့အမူအရာတွေ ကြည့်ရတာ ပြဿနာတစ်စုံတစ်ခု ကြုံတွေ့နေပုံရ၏။

ကောင်လေးသုံးယောက်ကတော့ သိသိသာသာပင် စိတ်ရှုပ်ဟန် ပေါ်လွင်ထင်ရှားနေပါသည်။

''နင်တို့ရောဂါကလည်းဟယ် ... ဆေးစပ်ပေးဖို့ ခက်လိုက်တာ''

ကောင်မလေးတစ်ယောက်က ခေါင်းကုတ်ရင်း ညည်း၏။ ကောင်လေးသုံးယောက်က မျက်မှောင်ကြုတ်လျက် ငြိမ်နေကြသည်။

အခြားကောင်မလေးတစ်ယောက်က တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ...

''ဟဲ့ ... ဝေမာ ... ဒီကိစ္စ ဟိုနှစ်ယောက်ကို ပြောကြည့်ရင် မကောင်းဘူးလား''

''ဘယ်နှစ်ယောက်လဲ သန္တာရဲ့''

''စုးရှထက်နဲ့ သဲဝတ်လွှာလေ''

''အေး ... ဟုတ်သားပဲ။ သူတို့နှစ်ယောက်က လူတွေကို ကူညီချင်နေတာ။ ပြီးတော့ နှစ်ယောက်စလုံးက ဉာဏ်လည်းကောင်းတယ်။ ဗဟုသုတလည်း ရှိတယ်ဟ။ သူတို့ကို အကြံဉာဏ်တောင်းကြည့်ရင်





တစ်ခုခု ထူးခြားနိုင်တယ်''

ဝေမာဆိုသော ကောင်မလေး၏ စကားဆုံးတော့ သန္တာဆိုသော ကောင်မလေးက ...

''ဒါဆို ငါတို့တွေ သူတို့နှစ်ယောက်ကို လိုက်ရှာကြမယ်လေ''

''အေး ... ကောင်းတယ်''

အားလုံး သဘောတူညီမှုရတော့ ...

သူတို့လူစု ကင်တင်းထဲမှ ထွက်လာခဲ့ကြပါသည်။ ခြေလှမ်းတွေက သွက်လက်ဖျတ်လတ်နေကြချေ၏။

ဦးတည်ရာက ...

စုးရှထက်နှင့် သဲဝတ်လွှာဆီသို့ ... ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ...

စူးရှထက်နှင့် သဲဝတ်လွှာသည် ရဲခေါင်စိုးနှင့် အားမာန်ဆိုသော ကောင်လေးနှစ်ယောက် စကားပြောတာကို ထိုင်နားထောင်နေတာဖြစ်၏။

ရဲခေါင်စိုးက အားမာန်ကို မေးသည်။

''မိန်းကလေးတစ်ယောက်ကို ရေကူး ဘယ်လိုသင်ပေးရင် ကောင်းမလဲကွ''

အားမာန်က ခြေဟန်လက်ဟန်နှင့် အားရပါးရဖြေသည်။

''ပထမဆုံး သူ့ရဲ့ခါးလေးကို လက်ဝဲလက်နဲ့ ခပ်တင်းတင်းလေး ဖက်။ ပြီးရင် သူ့ရဲ့လက်ကိုဆွဲပြီး ကိုယ့်လက်နဲ့ ဖျစ်ညှစ်ထား။ အဲဒီနောက်မှာတော့ ... ဂလု ...''

တံတွေးပင် မျိုချလိုက်သေးသည်။

''ဟိတ်ကောင် ... ငါ့ညီမကို သင်ပေးမလို့ မေးတာနော်''

''ဟာကွာ ... အဲ့ဒါများ စောစောထဲက ပြောပါလား။ သူ့ကို ရေထဲကန်ချလိုက်ပြီးနေတာကို''

''အောပေး''

ရဲခေါင်စိုးက အားမာန်လက်မောင်းကို လက်သီးနှင့်ထိုး၏။ သူတို့





နှစ်ဦးအားကြည့်ကာ စူးရှထက်နှင့် သဲဝတ်လွှာ ရယ်ဖြစ်ကြလေသည်။

ထိုစဉ်မှာပင် ...

''သြ ... နင်တို့က ဒီမှာ ရောက်နေတာကိုး။ ငါတို့က လိုက်ရှာနေတာ''

သူတို့ထိုင်နေရာ သစ်ပင်အောက်သို့ ဝေမာတို့လူစုရောက်လာကြသည်။ အင်အားတောင့်တင်းစွာနှင့်ပေါ့။

''ကိစ္စရှိလို့လား''

သဲဝတ်လွှာမေးတော့ သန္တာက သူတို့နှင့်အတူပါလာသော ကောင်လေးသုံးယောက်ကိုပြကာ ...

''သူတို့သုံးယောက်ကလေ''

''အင်း''

''ငါတို့ အတန်းထဲက ငွေသော်တာကို ကြိုက်လို့ ... တဲ့''

''ဩော်''

''သုံးယောက်စလုံးက သူငယ်ချင်းတွေ ဖြစ်နေတော့ ပြိုင်မလိုက်ချင်ကြဘူး။ ဒါပေမယ့် ဘယ်သူတွေက နောက်ဆုတ်ပေးရမှန်းလည်း ခေါ်ခွဲမရဘူးဖြစ်နေတယ်။ အဲ့ဒါကြောင့် နင်နဲ့စူးရှကို လာစဉ်းစားခိုင်းတာ''

''ဩော်''

စူးရှထက်နှင့်သဲဝတ်လွှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ဖြစ်ကြသည်။ သဲဝတ်လွှာက မျက်ဝန်းတောက်တောက်ကလေးတွေကိုဝင့်ကာ

''ဒီကိစ္စကို သုမ္မစာရီ ဖြတ်ထုံးထဲက သူဌေးသားသုံးဦးလိုမျိုး မေးလိုက်ရင် မကောင်းဘူးလား''

''အင်း ... ကောင်းသားပဲ''

စူးရှထက်က ခေါင်းညိတ်၍ အတည်ပြုပေးသည်။ ထိုအခါ သဲဝတ်လွှာက ကောင်လေးသုံးယောက်ကို ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



''ရှင်တို့ သဘောတူမယ်ဆိုရင် ရှင်တို့သုံးယောက်ကို ကျွန်မ မေးခွန်းတစ်ခု မေးချင်တယ်။ ရမလား''

''ရပါတယ်''

''မေးပါ''

''သဘောတူပါတယ်''

မျှော်လင့်ချက်နှင့် လာသူတွေမို့ ကောင်လေးသုံးယောက်က ကျေကျေနပ်နပ်ပင် လက်ခံကြသည်။ သဲဝတ်လွှာက ...

''ငွေသော်တာက ကျွန်မတို့နဲ့ တစ်ခန်းထဲဆိုတော့ ကျွန်မရဲ့ သူငယ်ချင်းလိုပါပဲလေ။ ရှင်တို့တွေ ငွေသော်တာ့အပေါ် ဘယ်လိုသဘောထားသလဲ သိရအောင် မေးခွန်းတစ်ခု မေးမယ်နော်''

အားလုံး နားစွင့်ထားကြ၏။

''တကယ်လို့ ... ငွေသော်တာဟာ ဒီရက်ပိုင်းအတွင်းမှာပဲ သေဆုံးသွားခဲ့မယ်ဆိုရင် ရှင်တို့ ဘာလုပ်မလဲ''

''အဲ ... ''

ကောင်လေးသုံးယောက် ငိုင်သွားကြလေသည်။

''သေချာ စဉ်းစားပြီးမှ ရင်ထဲရှိတဲ့အတိုင်း ဖြေနော်''

သဲဝတ်လွှာက သတိပေးစကားဆိုလိုက်၏။ ကောင်လေးသုံးယောက် စဉ်းစားဟန်ဖြင့် ငြိမ်သက်နှုတ်ဆိတ်နေကြ၏။

ခဏကြာမှ ကောင်လေးတစ်ယောက်က စပြောသည်။

''သူသေသွားရင်လည်း ကျွန်တော်ကတော့ ဆက်ချစ်နေဦးမှာပဲ''

''အင်း''

နောက်ကောင်လေးတစ်ယောက်က ...

''သူသေသွားရင်တောင် သူ့ကိုသတိရစိတ်နဲ့ သူ့အုတ်ဂူလေးဆီ





ကျွန်တော် နေ့တိုင်းရောက်ဖြစ်နေမှာပါ''

''အင်း''

နောက်ဆုံးတစ်ယောက်ကတော့ ပြတ်သား၏။

''သူသေသွားရင် ကျွန်တော်ကတော့ စိတ်ဆင်းရဲခံပြီး လွမ်းဆွေးမနေတော့ဘူး။ အခြားအသစ်တစ်ယောက်ပဲ ထပ်ရှာတော့မယ်''

''ဩော်''

ကောင်လေးသုံးယောက်၏ အဖြေစကားပြီးဆုံးသွားပြီဖြစ်သည်။ သဲဝတ်လွှာက စူးရှထက်ကိုကြည့်ကာ ...

''ဒီကိစ္စမှာ ဘယ်သူ့ကို ရွေးချယ်သင့်တယ် ထင်လဲဟင် စူးရှ''

စူးရှထက်က ချက်ချင်းမဖြေချေ။

စဉ်းစားနေဟန်ဖြင့် ...

''ဒီကိစ္စနဲ့ သက်ဆိုင်တဲ့ ဖြတ်ထုံးပုံပြင်ကို အရင် ပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်''

''အင်း ... ပြောပြလိုက်လေ''

သဲဝတ်လွှာက သဘောတူထောက်ခံ၏။ စူးရှထက်က ကောင်လေးသုံးယောက်ကို ဝေ့ကြည့်ပြီး ...

''ကမ္ဘောဇတိုင်းမှာ တစ်ဦးနဲ့တစ်ဦး အလွန်ချစ်ခင်ရင်းနှီးကြတဲ့ သူဌေးကြီးလေးဦး ရှိတယ် ... တဲ့''

''အင်း''

အားလုံးပဲ ဂရုတစိုက် နားထောင်ကြ၏။ စူးရှထက်က တည်ငြိမ်စွာပြောသည်။

''သူဌေးသုံးဦးမှာ သားတစ်ယောက်စီ အသီးသီးရှိပြီး၊ သူဌေးတစ်ဦးမှာတော့ ကြန်အင်လက္ခဏာနဲ့ ပြည့်စုံတဲ့ သမီးတစ်ယောက်ရှိတယ် ... တဲ့''

www.burmeseclassic.com



''အင်း''

''အဲဒီသူဌေးသမီးကို သူဌေးသားသုံးဦးစလုံးက ပိုင်ဆိုင်ချင်ကြတယ်''

''ဩော်''

''ဒါကြောင့် ငယ်ရွယ်စဉ်မှာပဲ အပြိုင်အဆိုင် ပြောဆိုတောင်းခံကြတယ်''

''အင်း''

''အဲဒီမှာ သူဌေးသားတစ်ဦးက ... အကယ်၍ ဤသတို့သမီးငယ်ဟာ အသက် ၁၅ နှစ် မပြည့်မီ ကွယ်လွန်ခဲ့သည်ရှိသော် ရုပ်အလောင်းကို မိမိကိုယ်တိုင်ထမ်း၍ သင်္ဂြိုဟ်ပါမည် ... လို့ ပြောတယ်''

''ဩော်''

''ဒုတိယတစ်ဦးကတော့ အဲဒီလိုသာ သတို့သမီးငယ် ကွယ်လွန်ခဲ့ရင် အရိုးကို လွယ်ပါမယ် ... လို့ ပြောတယ်''

''ဩော်''

''တတိယသူဌေးသားကတော့ လုပ်တိုင်းသင်္ချိုင်းမှာ မိမိစောင့်ပါမည် ... လို့ ပြောတယ်''

''ဩော်''

''ဒီလိုနဲ့ပဲ ... သတို့သမီးငယ်ဟာ အသက် ၁၅ နှစ်မပြည့်မီမှာ ရောဂါကြောင့် တကယ်ပဲ ကွယ်လွန်သွားခဲ့တယ်''

''ဟင်''

''သူဌေးသားသုံးဦးစလုံးကလည်း သူတို့ထားရှိတဲ့ ကတိအတိုင်း အသီးသီးဆောင်ရွက်ကြတယ်''

''အင်း''

''တစ်နေ့ ... ဟိမဝန္တာကလာတဲ့ ဇော်ဂျီရသေ့တစ်ပါးဟာ အရိုးစု လွယ်သူနဲ့တွေ့ပြီး အကျိုးအကြောင်း မေးမြန်းသိရှိတဲ့အခါ ကရုဏာသက်သွားတယ်။ အဲ့ဒါကြောင့် သူ့ရဲ့အတတ်ပညာနဲ့ အရိုးစုကို ပြန်လည်အသက်ဝင်စေခဲ့တယ်။ ဒါကြောင့်မို့ အရိုးစုကနေ ရှေးယခင်ကအတိုင်း ကြန်အင်လက္ခဏာနဲ့ ပြည့်စုံတဲ့ သတို့သမီးငယ် ပြန်ဖြစ်လာတယ်''





''ဩော်''

''အဲဒီအခါ သူဌေးသားသုံးဦးဟာ သူ ရထိုက်တယ်၊ ငါ ရထိုက်တယ်နဲ့ အငြင်းပွားကြတယ်''

''အင်း''

''နောက်တော့ သူတို့ဟာ သုဓမ္မစာရီ မင်းသမီးဆီမှာ အဆုံးအဖြတ် ခံယူဖို့သဘောတူလိုက်ကြတယ်''

''ဩော်''

အားလုံးပဲ ပုံပြင်အပေါ် စိတ်ဝင်တစား ရှိနေကြပါ၏။

''သုဓမ္မစာရီမင်းသမီးက ဘယ်လို ဆုံးဖြတ်ပေးသလဲဆိုတော့''

''ဘယ်လိုလဲဟင်''

''လုပ်တိုင်းသင်္ချိုင်းမှာ စောင့်တဲ့လူက သတို့သမီးငယ်ကို ရယူစေလို့ အဆုံးအဖြတ် ပေးလိုက်တယ်''

''ဟင်''

''သူဌေးသားသုံးဦးစလုံးဟာ မိမိတို့ကတိအတိုင်း စောင့်ထိန်းဆောင်ရွက်ခဲ့ကြတာ မှန်ပေမယ့်၊ လုပ်တိုင်း သင်္ချိုင်းမှာ စောင့်ရသူဟာ အမျိုးခုနစ်ဆက်တိုင်အောင် အယုတ်အညံ့ခံ၍ စောင့်ရသူဖြစ်တယ်။ သတို့သမီးငယ်ဟာလည်း သူ စောင့်နေခိုက်မှာ အသက်ပြန်ရှင်လာတာဖြစ်တယ်။ ဒါကြောင့် သေနေစဉ်မှာတောင် အတူနေခဲ့သူဖြစ်လို့ အသက်ပြန်ဝင်လာတဲ့အခါမှာလည်း အတူနေထိုက်တယ်လို့ ဆုံးဖြတ်ပေးလိုက်တာ''

''ဩော်''

www.burmeseclassic.com



စုံးရှုထက်က ကောင်လေးသုံးယောက်ကို တစ်ဦးချင်းစီ စိုက်ကြည့်၏။ ပြီးမှ သဲဝတ်လွှာဘက်လှည့်ကာ ...

''ဒါကတော့ သူတို့သုံးယောက်ထဲမှာ ဒုတိယဖြေတဲ့တစ်ယောက်က ငွေသော်တာကို ဆက်လိုက်သင့်တယ်လို့ ယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ ... အဖြေသုံးခုထဲမှာ သူ့အဖြေက သံယောဇဉ်နဲ့ တွယ်တာမှု အပေါ်လွှင်ဆုံးဖြစ်နေလို့ပဲ''

သဲဝတ်လွှာ ခေါင်းညိတ်သည်။

''ဒါလည်း သူ့ကိုပဲ ရွေးချယ်ဖို့ ရည်ရွယ်ထားတာပါ။ သူ့အဖြေက ဖြတ်ထုံးနဲ့လည်း နီးစပ်တယ်။ ဒါကြောင့် ... တကယ်လို့ ငွေသော်တာ သေဆုံးသွားခဲ့မယ်ဆိုရင် ... သတိရစိတ်နဲ့ အုတ်ဂူလေးဆီ နေ့တိုင်းရောက်ဖြစ်နေမှာပါလို့ ဖြေတဲ့သူက ငွေသော်တာရဲ့အချစ်ကို ရဖို့ကြိုးစားပြီး ... အခြားနှစ်ယောက်ကတော့ သူငယ်ချင်းအတွက် နောက်ဆုတ်ပေးစေချင်တယ်''

ကောင်လေးသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ သဲဝတ်လွှာက ...

''ဒီလို ဆုံးဖြတ်တာကို သဘောမကျဘူးဆိုရင်လည်း ရှင်တို့ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်။ ဒါမှမဟုတ် ကျန်နှစ်ယောက်ကလည်း ဆက်လိုက်ချင်သေးတယ်ဆိုရင်တော့ တစ်ယောက်ကြိုးစားလို့ မရဘူးဆိုတာ သေချာမှ နောက်တစ်ယောက်က လိုက်ကြပါ။ အဲဒီလိုလိုက်တဲ့ အခါမှာ ဒုတိယဖြေတဲ့ တစ်ယောက်ကို ပထမဆုံး ဦးစားပေးသင့်ပြီး၊ ပထမဆုံးဖြေတဲ့ တစ်ယောက်ကိုတော့ ဒုတိယနေရာမှာ ထားသင့်ပါတယ်။ တတိယမြောက် ဖြေတဲ့လူကတော့ ကိုယ့်စိတ်ကိုယ် ထိန်းသိမ်းနိုင်စွမ်းရှိပုံရတာကြောင့် သူငယ်ချင်းနှစ်ယောက်ကို ညှာပြီး နောက်ဆုံးအဆင့်မှာသာ နေပေးလိုက်စေချင်ပါတယ်''





သဲဝတ်လွှာစကားဆုံးသောအခါ ကောင်လေးသုံးယောက် အချင်းချင်း တွတ်တီးတွတ်တာ တိုင်ပင်ကြ၏။

ပြီးသောအခါ ...

''အဲဒီအစီအစဉ်ကို ကျွန်တော်တို့ သဘောကျပါတယ်''

''ဟုတ်တယ်။ အဲ့ဒါ အကောင်းဆုံးပဲ။ မျှတတယ်''

''ကျွန်တော်လည်း သဘောတူပါတယ်''

သဲဝတ်လွှာက ကျေနပ်ဟန်ဖြင့် သိမ်မွေ့စွာပြုံးကာ ...

''ရှင်တို့ အချင်းချင်း စိတ်ဝမ်းမကွဲဘဲ အဆင်ပြေရင်ပြီးတာပါပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်''

''ဘာလဲ''

''ငွေသော်တာကို အကျိုးအကြောင်း ဖွင့်ပြောပြစေချင်တယ်။ နောက်မို့ဆို ရှင်တို့သုံးယောက်ဟာ သူငယ်ချင်းတွေမှန်း သိသွားရင် သူ့စိတ်မှာ အစွန်းအထင်း တစ်ခုခု ဖြစ်သွားမှာ စိုးလို့ပါ''

သဲဝတ်လွှာက မိန်းမသားချင်း စာနာမှုဖြင့် သတိပေးစကားဆိုသည်။ ထို့နောက်... စုံးရှုထက်နှင့် သဲဝတ်လွှာသည် အားလုံးကို နှုတ်ဆက်ပြီး ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

ကျန်ရစ်သူတွေက သူတို့နှစ်ဦးအား မျက်စိတစ်ဆုံး လိုက်လံငေးကြည့်နေကြချေ၏။

www.burmeseclassic.com



''သူတို့နှစ်ယောက်က ထူးခြားတယ်နော်''

မြင်ကွင်းထဲမှ စူးရှထက်နှင့် သဲ၀တ်လွှာ ပျောက်ကွယ်သွားသောအခါ ကောင်လေးတစ်ယောက်က ပြောသည်။

အခြားကောင်လေးတစ်ယောက်ကလည်း မှတ်ချက်ချ၏။

''သူတို့နှစ်ယောက်ကို ကြည့်ရတာ အရွယ်နဲ့မလိုက်အောင် တည်ငြိမ်ရင့်ကျက်နေသလိုပဲ''

ထိုအခါ ဝေမာက ...

''သူတို့နှစ်ယောက်ဟာ ငယ်ငယ်လေးတည်းက လူတွေကို ကူညီရတာ ဝါသနာပါတာဟ။ သူတို့နှစ်ယောက်ကို တချို့က ဖီလော်ဆိုဖာစုံတွဲလို့တောင် ခေါ်ကြတယ်''

''ဩော်''

သန္တာက သက်ပြင်းချ၍ ...

''သူတို့ ချစ်သူနှစ်ဦးဟာ ထူးခြားသလို သနားဖို့လည်းကောင်းတယ်''

''ဘာဖြစ်လို့လဲဟင်''

ကောင်လေးတစ်ယောက်က သိလိုဟန်ဖြင့် မေးသည်။ ဖြေသံက ချက်ချင်းထွက်မလာဘဲ ခဏတာမျှ တိတ်ဆိတ်သွားချေ၏။





ပြီးမှ ...

''သဲ၀တ်လွှာဟာ ... သူ့ရောဂါကြောင့် ... မကြာခင် လပိုင်းအတွင်းမှာပဲ ... မလွဲမသွေ သေဆုံးရတော့မှာ ...''

''ဟင်''

ကောင်လေးသုံးယောက် တအံ့တသြဖြစ်သွားကြ၏။ တစ်ယောက်က မယုံမရဲဟန်ဖြင့် ...

''တကယ် ... တကယ် ပြောနေတာလားဟင် ...''

''တကယ်ပြောနေတာပါဟာ ...''

''ငါတို့ ညာနေတာ မဟုတ်ပါဘူး ...''

ပြောနေရင်း ဝေမာနှင့် သန္တာ၏မျက်ဝန်းအစုံမှာ မျက်ရည်တွေဝေ့ဝဲလာသည်။ စကားမဆက်နိုင်လောက်အောင်ပင် သူတို့ ထိခိုက်ကြေကွဲဖြစ်မိနေကြ၏။

အားမာန်က နာကျင်တုန်ယင်နေသော အသံဖြင့် ...

''သူတို့နှစ်ယောက်ဟာ ငါတို့ရဲ့ အချစ်ဆုံး သူငယ်ချင်းတွေပါကွာ။ သူတို့နှစ်ယောက်ဟာ ငယ်ငယ်တည်းက ငါတို့အပေါ် အရမ်းကောင်းခဲ့တာ။ အရင်တုန်းကဆို ဘယ်သွားသွား ဘယ်လာလာ ငါတို့အားလုံး တတွဲတွဲပေါ့။ အခုတော့ ... သူတို့နှစ်ယောက်ဟာ ခွဲခွာရမယ့်အချိန်အတွက် ကြိုတင်ပြင်ဆင်ပြီး စိတ်ချမ်းသာမှုကို ရှာဖွေနေကြတာ။ သက်မှတ်ချက်နဲ့နေရတဲ့အချိန်ကာလလေးအတွင်းမှာ သူတို့ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ်နေပါစေဆိုပြီး ငါတို့ကလည်း ရှောင်ပေးနေကြတာပါ''

''ဩော်''

ကောင်လေးသုံးယောက် မျက်နှာမှာ စိတ်မကောင်းဟန်တွေ ပေါ်လွင်ထင်ရှားလာသည်။

ရဲခေါင်စိုးကလည်း ဝမ်းနည်းဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



''သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် အရမ်း ချစ်ကြတာ။ ရောဂါရှိလျက်နဲ့ သဲဝတ်လွှာ ကျောင်းဆက်တက်နေတာဟာ လည်း သူတို့ချစ်သူနှစ်ဦး တွေ့ခွင့်ရဖို့အတွက် တက်နေတာ။ သူတို့နှစ် ယောက်ဟာ ပညာကိုလည်း အရမ်းလိုလားတယ်။ ပြီးတော့ လူတွေကို လည်း အရမ်းကူညီချင်ကြတယ်။ သူတို့နှစ်ယောက်ဟာ အခြားလူတွေရဲ့ အခက်အခဲပြဿနာတွေကို တတ်နိုင်သလောက် ကူညီဖြေရှင်းပေးရင်း သူတို့ချစ်သူနှစ်ဦး သေကွဲ ကွဲရမယ့် ခွဲခွာချိန်ကို စောင့်စားနေကြတာ''

''ဩော်''

''ဖြစ်ရလေဗျာ ...''

လေအဝှေ့မှာ သစ်ရွက်တစ်ရွက် မြေလွှာပေါ် လူးလိမ့်လွင့်ကြွေ ကျလာသည်။ နပျိုလတ်ဆတ်ဆဲ အစိမ်းရောင် သစ်ရွက်ကလေးဖြစ်သည်။

သို့ရာတွင် ...

ထိုသစ်ရွက်ကလေး၏ အညာမှာ ဒဏ်ရာရနေတာ တွေ့မြင် လိုက်ရလေ၏။





အခန်း (၃)

ကန်ရေပြင်နံဘေးရှိ ခုံတန်းပြာလေးပေါ်တွင် စူးရှထက်နှင့် သံပတ် လွှာ အတူတကွ ထိုင်နေကြပါသည်။ သူတို့နှစ်ဦး၏မျက်နှာပြင်တွင် အသိ ရခက်သော အရိပ်အယောင်တွေ ယှက်သန်းမင်းမူနေကြလေသည်။

ဝန်းကျင်တစ်ခွင်သည် ချမ်းငြိမ်းကြည်လင်ကာ တိတ်ဆိတ်ငြိမ် သက်လျက် ရှိပါ၏။

''ဒီနေရာလေးက ငါတို့အတွက် အမှတ်တရနေရာလေးနော်''

သဲဝတ်လွှာက ညင်သာဖွဖွ ပြော၏။

''ဒီနေရာလေးမှာပဲ နင်က ငါ့ကို ချစ်တဲ့အကြောင်း ဖွင့်ပြောခဲ့ တယ်။ ငါ နင့်ကို အဖြေပေးတော့လည်း ဒီနေရာလေးမှာပဲ။ ငါတို့နှစ် ယောက် ချစ်သူတွေ ဖြစ်သွားတော့လည်း ဒီနေရာလေးကို ခဏ ခဏ လာဖြစ်တယ်နော်''

အတိတ်က ပုံရိပ်တွေက ရုပ်ရှင်အနေးပြကွက်သဖွယ် စူးရှထက် အာရုံထဲ တိုးဝှေ့ဝင်လာလေသည်။

ဟိုအရင် တစ်ချိန်ကပေါ့ ...

ဒီနေရာလေးမှာ သဲဝတ်လွှာ တစ်ယောက်တည်း စာတိုင်ဖတ် နေသည်။ အဲသည်အခိုက် ကံ့ကော်ပန်းတွေနှင့် သူ ရောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



ပန်းပေါင်းလက်ကနှင့်တကွ သူမအား ချစ်ခွင့်ပန်ခဲ့ခြင်း ဖြစ်၏။

''ဝတ်လွှာ ... ရာသီအလိုက်ပွင့်တဲ့ပန်းတွေရှိတယ်။ မိဿရာသီမှာ ကံ့ကော်ပန်း။ ပြိဿရာသီမှာ စကားပန်း။ မေထုန်ရာသီမှာ စပယ်ပန်း။ ကရကဋ်ရာသီမှာ ပုန်းညက်ပန်း။ သိဟ်ရာသီမှာ ခတ္တာပန်း။ ကန်ရာသီမှာ ယင်းမာပန်း။ တူရာသီမှာ ကြာမျိုးငါးပါး။ ဗြိစ္ဆာရာသီမှာ ခဝဲပန်း။ နေုရာသီမှာ သဇင်ပန်း။ မကာရရာသီမှာ ခွာညိုပန်း။ ကုံရာသီမှာ ပေါက်လဲပန်း။ မိန်ရာသီမှာ သရဖီပန်း။ အခုက မတ်လ ၂၁ ရက်နဲ့ ဧပရယ်လ် ၂၀ ရက် အတွင်းမှာဆိုတော့ Aries မိဿရာသီပေါ့။

နှစ်တစ်နှစ်မှာ ဆယ့်နှစ်လရာသီ အမြဲရှိနေသလို ငါ့ရင်ထဲမှာလည်း တစ်သက်တာ ထာဝရကာလပတ်လုံး နင် အမြဲရှိနေမှာပါ ဝတ်လွှာ။ ဒါကြောင့် ရာသီပန်းဖြစ်တဲ့ ကံ့ကော်ပန်းလေးတွေနဲ့အတူ ဖွင့်ဟ တောင်းဆိုပါရစေ ...။

နင့်ကိုငါ ချစ်တယ် ဝတ်လွှာ ...။ အဲဒီအတွက် ... နင့်အချစ်ကိုလည်း ငါ ပိုင်ဆိုင်ပါရစေ ...''

ကံ့ကော်ပန်းလေးတွေပေးပြီး သူ တောင်းဆိုတော့ သူမ မျက်နှာနုနုမှာ ပန်းသွေးရောင်တွေ ရှက်ကြွလာ၏။ အဲသည်အချိန်တုန်းက သူ တော်တော်ရင်ခုန်နေကာ ဘာကိုမှန်းမသိ ကြောက်လန့်နေမိကြောင်း ကောင်းစွာ အမှတ်ရပါသေးသည်။

သူမက ပန်းလေးတွေကို ပွေ့ပိုက်ယူပြီးနောက် ... သူ့အား မျက်လွှာပင့်၍ကြည့်ကာ ...

''နင် ငါ့အချစ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင် ... မြစ်ချောင်းအင်းအိုင်ထဲက ရေတွေ ကောင်းကင်မှာ စီးဆင်းနေတဲ့အချိန် ဒီနေရာကိုလာခဲ့ပါ။ အဲဒီအခါကျရင် မီးကို စက္ကူနဲ့ထုပ်ပြီး မလောင်ကျွမ်းစေဘဲ ယူခဲ့ရမယ်။ လေကို သယ်ဆောင်နိုင်တဲ့ အမွှေးနံ့သာတိုင်တစ်တိုင်လည်း ပါရမယ်။





ကျေးဇူးရှင်ကို ကျေးမစွပ်၊ မတော်လှန်တဲ့သူကိုလည်း အဖော်အဖြစ်ခေါ်ခဲ့ရမယ်။ ပြီးတော့ ... သစ်ပင်ဖျားမှာ သီးပွင့်နေတဲ့ ပုလဲပန်းတွေကိုလည်း ငါ့ရှေ့မှာပဲ ဆွတ်ခြွေပြရမယ်''

ထိုကဲ့သို့ အချက်ငါးချက်ပါသော သူမ၏တောင်းဆိုမှုကို ရက်သတ္တပတ်ခန့်အကြာမှာ သူ လုပ်ဆောင်ပြနိုင်ခဲ့ပါသည်။

ထိုနေ့က ...

ငွေ့ရည်ဖွဲ့ မိုးတိမ်တွေ ကောင်းကင်မှာ လေသယ်ရာ ရွေ့လျားနေကြချေ၏။ အဲသည်အချိန်မှာ ... စက္ကူမီးပုံးငယ်ကို မီးထွန်းလျက် ... နံ့သာဖြူ ခေါက်ယပ်တောင်လေးကို ကိုင်ဆောင်ကာ ... ၊ အဖော်အဖြစ် ခွေးတစ်ကောင်ကို ခေါ်ယူ၍ ... ဤနေရာသို့ သူ အရောက်လာခဲ့ပါသည်။

ထိုင်ခုံလေးမှာ ထိုင်လျက် စာဖတ်ရင်း စောင့်မျှော်နေသော သူမကို တွေ့သောအခါ ...

နံနက်ခင်းက ရွာသွန်းထားသော မိုးကြောင့် အဖျားမှာ ရေစက်ကလေးတွေ သီးနေကြသည့် မြက်ပင်တို့အား ...

အိတ်ထဲမှ လက်ကိုင်ပဝါထုတ်၍ အုပ်ကာ

ဆွဲယူလှုပ်ရမ်းပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''စူးရှရယ် ... နင်က ငါနဲ့ပတ်သက်ရင် ငယ်ငယ်လေးတည်းက ဘာမဆို အလေးအနက် ထားတယ်နော်။ အဲဒီလို ချစ်သူမျိုးရဲ့အနားမှာ အချိန်အကြာကြီး နေမပေးနိုင်တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါဟာ''

ရုတ်တရက် သဲဝတ်လွှာမျက်နှာ ညှိုးကျသွားသည်။ ဝမ်းနည်းကြေကွဲမှုများသည် သူမ ရင်ထဲသို့ အရှိန်အဟုန်းပြင်းပြင်း တိုးဝင်ရောက်ရှိလာ၏။

သို့သော် ...

သူမ ခံစားနေရသော ဝေဒနာတွေကို လျစ်လျူရှု၍ ချစ်သူအား ကရုဏာဖြင့် ကြည့်ကာ ...

''စူးရှ ... ငါသေရင် နင် ချစ်သူအသစ်ရှာနော်''

''ဘာလို့ ရှာရမှာလဲ သဲရယ်။ ငါ့အချစ်က တခြားတစ်ယောက်ဆီ လွှဲပြောင်းလို့ရတဲ့အချစ်မျိုး မဟုတ်ပါဘူးဟာ။ နင် တစ်ယောက်တည်းအတွက်ပဲ ဖြစ်ပေါ်လာတဲ့ အချစ်ပါ။ နင် သေဆုံးသွားခဲ့ရင်လည်း ငါ့နှလုံးသားက သစ္စာရှိရှိနဲ့ နင့်ကိုပဲ ဆက်ချစ်နေမှာပါ''

စူးရှထက်က ခိုင်မာစွာ ပြော၏။ သဲဝတ်လွှာက ပင့်သက်ရှိုက်ကာ ...

''နင့်ကိုလေ ...''





''အင်း ...''

''တိုတစ်နေ့က ငါတို့ ကူစဉ်းစားပေးခဲ့တဲ့ ကောင်လေးသုံးယောက်ထဲက နောက်ဆုံးဖြေတဲ့ကောင်လေးရဲ့စိတ်မျိုး ရှိစေချင်တယ်''

''ဘာဖြစ်လို့လဲဟင်''

''အဲဒီလိုစိတ်ထားမျိုးရှိတဲ့လူက ခံစားရ သက်သာတယ်ဟ။ နောက်မို့ဆို ငါ မရှိတော့ရင် နင် တစ်ယောက်တည်း အထီးကျန်နေမှာ''

''ဘာလို့ အထီးကျန်ရမှာလဲ သဲရယ်။ နင့်ကို သတိရတိုင်း နင်နဲ့အတူ သွားခဲ့လာခဲ့တဲ့ နေရာတွေကို ပြန်သွားပြီး အမျှင်းဖြေမှာပေါ့ဟ''

''ယုတ္တိမရှိတဲ့စကားလုံးတွေနဲ့ ငါ့ကို နှစ်သိမ့်မနေစမ်းပါနဲ့ စူးရှရယ်။ အဲဒီလိုတွေလုပ်ရင် နင် ပိုခံစားရမှာပေါ့။ ငါ့ကို နင် တွေးမျှား မှတ်နေလားဟင် ...။ ငါ့ကို မညာပါနဲ့ဟာ ...''

သဲဝတ်လွှာက စူးရှထက်ရင်ဘတ်ကို လက်သီးဆုပ်ကလေးတွေနှင့်ထုကာ ဝမ်းပမ်းတနည်းပြောသည်။ သူမ မျက်ဝန်းမှာ မျက်ရည်တွေစိုကာ သူမအသံမှာလည်း ရှိုက်သံတွေ ကပ်ငြိပါလာ၏။

စူးရှထက်က ကျလုဆဲဆဲ သူ့မျက်ရည်စက်တွေကို ချုပ်ထိန်းကာ

''ဝမ်းနည်းစရာတွေကို စိတ်ဆင်းရဲခံပြီး ပြောမနေပါနဲ့တော့ သဲရယ်။ အခုအချိန်မှာ ဖြစ်မလာသေးတာတွေကို ငါတို့ကြိုးစားပြီး မေ့ထားလိုက်ကြရအောင်။ ငါတို့နှစ်ယောက်တွေ့တဲ့ ဆုံတဲ့အချိန်မှာ ပျော်အောင်နေပြီး စိတ်ချမ်းသာစရာတွေပဲ ရှာဖွေကြမယ်နော်။ အခု ... နင် ဘယ်သွားချင်လဲ၊ ဘာစားချင်လဲ၊ ဘာလုပ်ချင်လဲ ... ငါ့ကိုပြော ...။ ငါ အားလုံး ဖြည့်ဆည်းပေးမယ် ...''

စူးရှထက်က သဲဝတ်လွှာ၏ ပခုံးသားနှစ်ဖက်ကို ယုယုယယ ဆုပ်ကိုင်၍ မေးသည်။ သဲဝတ်လွှာက စူးရှထက်ရင်ခွင်ထဲ မျက်ရည်တွေနှင့် ခေါင်းတိုးဝင်ကာ ဘာမှမဖြေဘဲ တသိမ့်သိမ့်ရှိုက်ငိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စူးရှထက်က ...

''နင်မပြောလည်းဘဲ နင့်အကြိုက်နဲ့နင် နှစ်သက်တာတွေကို ငါ သိပါတယ် သဲရယ်။ လာ ... ထ ... ငါတို့နှစ်ယောက် ကစားကွင်းတွေ သွားကြမယ်။ မုန့်တွေ လျှောက်စားကြမယ်။ အခက်အခဲတွေ့နေတဲ့ လူတွေနဲ့ကြုံရင် တတ်နိုင်သလောက် ကူညီကြမယ်လေ ...။ လာကွာ ... မငို နဲ့တော့ ...။ ထ ... သွားမယ် ...''

ချော့မော့၍ မျက်ရည်တွေ သုတ်ပေးပြီး သဲဝတ်လွှာကို စူးရှထက် ခေါ်ဆောင်လာခဲ့ပါသည်။

ထို့နောက် ...

သူတို့နှစ်ယောက်သည် အာရုံလွဲပြောင်းသည့်အနေနှင့် ...ကစား ကွင်းတွေသွားကြသည်။ မုန့်တွေ ဝယ်စားကြသည်။ အခက်အခဲတွေ့နေ သူတွေနှင့်ကြုံလျှင် တတ်စွမ်းသလောက် အကူအညီပေးကြသည်။

ဝေဒနာတွေ ကိန်းဝပ်နေသော သူတို့ချစ်သူနှစ်ဦး၏ ပစ္စုပ္ပန်ရှင် သန်ပုံမှာ ...

ပတ်ဝန်းကျင် လင်းထိန်တောက်ပဖို့ ကိုယ်တိုင်က လောင်ကျွမ်း ခံနေရသည့် ဆီမီးခွက်ကလေး နှစ်ခွက်ပမာ ...

ဖြစ်၏။





## အခန်း (၄)

''ပြဿနာကတော့ အမွေကိစ္စပဲကွဲ့''

''ဟုတ်ကဲ့''

''ကိုစိုးတိန်က မိန်းမသိပ်ရှုပ်တာ''

''ဟင်''

''ကိုစိုးတိန်ဆိုတာ အန်တီ့ယောကျ်ားပေါ့ကွယ်''

''သြော်''

''သူက အန်တီ့အပြင် နောက်မိန်းမသုံးယောက်ပါ တရားဝင် ယူထားတာ''

''အင်း ... အင်း ...''

''အန်တီကတော့ မယားကြီးပေါ့''

''သြော်''

''အခုတော့ ကိုစိုးတိန် သေသွားပြီ''

''ဟင်''

''အလုပ်များတဲ့ ဒဏ်တွေပေါ့ကွယ်''

''ဟယ်''

''မယားလေးယောက်စာအတွက် ရှာရဖွေရတာကို ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ''

''ဩော် ... ဟုတ်ကဲ့ ...''

''လူသာသေသွားတယ်နော်''

''ဟုတ်ကဲ့''

''ဟိုဒင်း ... အဲ ... စိတ်ကတော့ သေဦးမှာမဟုတ်ဘူး''

''ဟင်''

''သူက ဇွဲသိပ်ကြီးတာ ... ဇွတ်လည်းဇွတ်''

''အင်း ... အင်း ...''

''သွေးလည်း အရမ်းကောင်းတဲ့လူနော့''

''အဲ ...''

''လုပ်ရာလုပ်ကွက်လည်း သိပ်ကျွမ်းကျင် သိပ်ပီပြင်တာ ... အန်တီ အသိဆုံး''

''အင်း ... အင်း ...''

''အဲ့ဒါကြောင့်မို့လည်း မသေခင် ထင်တိုင်းကျဲခဲ့တာပေါ့''

''ဩော်''

''စီးပွားရေးနဲ့ ပတ်သက်ပြီး ပြောပါတယ်''

''ဟုတ်ကဲ့ ဟုတ်ကဲ့''

လုံးလုံးကောက်ကောက် အမျိုးသမီးကြီးတစ်ဦးပြောတာကို ဗူးရှ ထက်နှင့် သဲ၀တ်လွှာ ဂရုတစိုက်နားထောင်ပေးနေကြ၏။

''ကိုစိုးတိန်က အမွေကိစ္စနဲ့ပတ်သက်ပြီး သေတမ်းစာသဘော မျိုး ရေးသွားတယ်လေ''

''ဟုတ်ကဲ့''

''သူသေရင် ဘဏ်မှာအပ်ထားတဲ့ငွေကို အန်တီနဲ့ သူ့အငယ် အနှောင်းသုံးယောက် ခွဲဝေယူဖို့ စီစဉ်ခဲ့တယ်''





''ဟုတ်ကဲ့''

''အန်တီက ငွေရဲ့ ၅၅ ရာခိုင်နှုန်းကို ယူရမှာဖြစ်ပြီး၊ ကျန်တဲ့ သုံးယောက်ကိုတော့ ၁၅ ရာခိုင်နှုန်းစီ ပေးရမှာ''

''ဩော်''

''အန်တီ့ကိုတော့ ချစ်ရှာသားပဲ''

အမျိုးသမီးကြီးက ခေါင်းကိုခါကာ ...

''မထင်နဲ့ကွဲ့။ ကိုစိုးတိန်က သူသေခါနီးဆဲဆဲမှာ လက်ဝတ် လက်စားနဲ့ အတွင်းပစ္စည်းတွေအားလုံး သူ့ရဲ့ ရုံးပတီသီးမလေးကို ပေး ပစ်ခဲ့တာ''

''ဘယ်လို ... ရုံးပတီသီးမလေး ... ဟုတ်လား ...''

''အင်းလေ ... ဘောင်းဘီဖင်ကျပ်နဲ့ သူ့ရဲ့အထွေးဆုံးမယားငယ်ပေါ့ မယားငယ်ပီပီ အသံက တုံးညပ်သလို ချွဲပျစ်ပျစ်နဲ့မို့ ရုံးပတီသီးမလို့ပြော တာ''

''ဩော်''

''အဲဒီမျောက်ဖင်နီမ အများကြီးရသွားလို့ နည်းနည်းမှမကျေနပ် ဘူး''

''ဟုတ်ကဲ့''

''သူက ခဏလေးရယ်လေ''

''အင်း ... အင်း ...''

''အန်တီက အကြာကြီးဆိုတော့ ပိုရသင့်တာပေါ့''

''ဩော်''

''နေမကောင်းချိန်မှာ ပြုစုရတာကို ပြောတာပါ''

''ဟုတ်ကဲ့ ဟုတ်ကဲ့''

ဗူးရှထက်နှင့် သဲ၀တ်လွှာ စိတ်ရှည်ရှည် ထားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



''ကိုစိုးတိန် မသေဆုံးခင်မှာပဲ … သူ့ရဲ့ဒုတိယမြောက် ရုံးပတီသီးမ အရင် ရောသွားခဲ့တယ်''

''ဟင်''

''အဲဒီကောင်မ ရောပြီးလို့ တစ်ပတ်လောက်ကြာမှ ကိုစိုးတိန် ရောတာ''

''ဩော်''

''အဲဒီလိုတွေဖြစ်ကုန်တာကြောင့် အန်တီလည်း မစဉ်းစားတတ်တော့ဘူးကွယ်''

''ဘာကိုလဲဟင်''

''လူနှစ်ယောက် ဆက်တိုက်သေဆုံးတာကိုလား''

''မဟုတ်ပါဘူးကွယ်။ အန်တီရမယ့်ဝေစုကို ပြောနေတာပါ''

''အင်''

တံတွေးတောင် နင်သွားသည်။ လောကီသား ပီသလှပါပေ။

''အဲ့ဒါ အန်တီ့ကို စဉ်းစားပေးစမ်းပါဦးကွယ်။ အန်တီ ဘယ်လောက်တွေရမလဲဆိုတာ သိချင်လို့ပါ''

စူးရှထက်နှင့် သဲဝတ်လွှာ မျက်လုံးချင်း ဆုံကြသည်။ ပြီးမှ … စူးရှထက်က …

''ဘဏ်မှာရှိတဲ့ငွေက ဘယ်လောက်လဲခင်ဗျ''

''တစ်ရာ''

''ဟင် … တစ်ရာတည်းရယ်''

''သိန်းတစ်ရာပါကွယ်''

''ဩော်''

''ဘဏ်တိုးနဲ့ ဘာနဲ့ဆိုနည်းနည်းတော့ ကျော်တာပေါ့။ ဒါပေမယ့် အဲဒီတစ်ရာကိုပဲ ခွဲယူရမယ့်လူတစ်ယောက် သေသွားပြီဆိုတော့





အန်တီ ဘယ်လောက်ပိုရမလဲ သိချင်တာ''

''အင်းပါ … ဟုတ်ပါပြီ''

ဇလော်ဆိုဖာစုံတွဲ အလုပ်ရသွားသည်။ သူတို့နှစ်ဦးကလည်း ဒီလိုကိစ္စရပ်တွေမှာ ဝါသနာထုံမွေ့လျော်ကြသည်ပဲလေ။

သဲဝတ်လွှာက …

''သေဆုံးသွားပြီဖြစ်တဲ့ ဦးစိုးတိန်ရဲ့ဒုတိယမြောက်အိမ်ထောင်မှာ သားသမီးတွေ ကျန်ခဲ့လား''

''အင်း … ကျန်ခဲ့တယ်။ သုံးယောက်တောင်ပဲ။ တတိယအိမ်ထောင်နဲ့က နှစ်ယောက်။ အန်တီနဲ့ဆို လေးယောက်တောင်။ သူက သွေးကောင်းတာကိုး … ဗွတ်လည်းဗွတ်လေ …''

''အင်းပါ … ဒါဆို ရှင်းရှင်းလေးပဲ အန်တီရယ်။ အန်တီရဲ့မူရင်းဝေစုက ၅၅ ရာခိုင်နှုန်းဆိုတော့ … အားလုံးသဘောတူညီမှုရှိရင် အန်တီ ၅၅သိန်း ရမှာပေါ့''

''ဟင် … ၅၅ ထဲ ရမှာ''

''အင်းလေ''

''ဟုတ်လို့လား။ တစ်ယောက် သေထားတယ်လေ''

ဇောက တက်နေသေးသည်။ သဲဝတ်လွှာက …

''အန်တီရှင်းအောင် ဥပမာနဲ့ ပြောပြပါ့မယ်။ မရှင်နဲ့ မသင်းကြည်ဆိုတဲ့ စီရင်ထုံးမှာဆိုရင် လူတစ်ယောက်မှာ မယားသုံးယောက်ရှိတယ်။ ပထမ,မယားနဲ့ ဒုတိယမယား ကွယ်လွန်ပြီး သားသမီးတွေ ကျန်ရစ်တယ်။ တတိယမယားနဲ့လည်း ကလေးတွေရတယ်။ အဲဒီလူဟာ အထက်သားသမီးတွေ၊ တတိယမယားနဲ့ အမွေခွဲဝေပေးရေးစာချုပ် ချုပ်ဆိုတယ်''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီစာချုပ်မှာ ပထမမယားနှစ်ယောက်နဲ့ရတဲ့ သားသမီးတွေက မိခင်ရဲ့ပစ္စည်းတွေကို ရရှိတယ်။ တတိယမယားနဲ့ သားသမီးတွေက ဘယ်ပစ္စည်းတွေရလဲဆိုတာတော့ အတိအကျ ဖော်ပြမထားဘူး။ ပစ္စည်းများကို အပြီးအပိုင်ရတယ်လို့ပဲ ပြဆိုထားတယ်''

''ဩော်''

''အဲဒီစာချုပ်ချုပ်ဆိုတဲ့နေ့မှာပဲ ပထမ မယားနှစ်ယောက်က မွေးတဲ့ သားသမီးတွေက ဖခင်ဖြစ်သူကို ကိုယ်စားလှယ်စာပေးပြီး ၎င်းတို့ရဲ့ဖခင် မသေမချင်း၊ ၎င်းတို့ရရှိတဲ့ ပစ္စည်းတွေထဲက အကျိုးခံစားခွင့်များကို ခံစားခွင့်ရှိကြောင်း၊ ဖခင်မသေမီ ကိုယ်စားလှယ်စာ ပြန်လည်ရုတ်သိမ်းခွင့် မပြုပါလို့လည်း ချွင်းချက်ထားတယ်''

''ဩော်''

''အဲဒီအမွေခွဲစာချုပ်ဟာ သေတမ်းစာ မမည်ပါဘူး။ ဒါပေမယ့် တည်မြဲနိုင်မာတယ်လို့ ဆုံးဖြတ်တယ်။ ဘာကြောင့်လဲဆိုတော့ ပစ္စည်းရှင်ဟာ ၎င်းရဲ့[illegible]းများမှ ရာသက်ပန်အကျိုးခံစားခွင့်ကို အခြားသူတစ်ဦးတစ်ယောက်ကို ကိုယ်စားလှယ်လွှဲစာနဲ့ ခံစားခွင့်ပေးနိုင်လို့ပါပဲ''

''အင်း ... အင်း ...''

''ဒါကြောင့် ဒုတိယအိမ်ထောင်ဖြစ်တဲ့ အမျိုးသမီး သေဆုံးသွားပေမယ့် သားသမီးတွေ ကျန်ရစ်တာကြောင့် သူ့ရဲ့ခံစားခွင့်ကို ကျန်ရစ်သူသားသမီးတွေ ရရှိမှာ ဖြစ်ပါတယ်။ ပြီးတော့ မြန်မာဗုဒ္ဓဘာသာဝင်တွေဟာ သေပြီးနောက်မှ ပစ္စည်းကို ဝေဖန်ချထားရန် သေတမ်းစာ မပြုလုပ်နိုင်ပါဘူး။ အပေးစာချုပ်ဟန်ဆောင်ပြီး သေတမ်းစာပြုလုပ်ခွင့်ကို ဘယ်ဗုဒ္ဓဘာသာလူမျိုးကိုမှ ခွင့်မပြုကြောင်းဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် မို့ ဦးစိုးတိန် ရေးသားစီစဉ်သွားတဲ့ အမွေခွဲဝေရေးကိစ္စကိုလည်း တရားဥပဒေအရ အတည်မှတ်ယူလို့ မရပါဘူး''





''ဩော်''

အမျိုးသမီးကြီး မျက်နှာငယ်သွားသည်။ ရှုံးရှုထက်က ...

''မြန်မာတစ်ပြည်လုံးမှာ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေကို ၁၉၂၂ ခုနှစ်မှာ စတင်အတည်ပြုခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းတစ်စုံတစ်ရာ ပေးကမ်းလိုရင် ထိုအက်ဥပဒေအရ ပြုလုပ်ရပါတယ်။ ၎င်းအက်ဥပဒေ ၁၂၂ နှင့် ၁၂၃ အရ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်း တစ်စုံတစ်ရာ ပေးကမ်းလိုရင် ...

(၁) စာချုပ်စာတမ်း ပြုလုပ်ရပါတယ်။

(၂) အသိသက်သေအနည်းဆုံး လူနှစ်ယောက် လက်မှတ်ထိုးရပါမယ်။

(၃) ပစ္စည်းရသူ (သို့မဟုတ်) ၎င်းရဲ့ကိုယ်စားလှယ်က ပေးကမ်းခြင်း သဘောတူလက်ခံကြောင်း လက်မှတ်ရေးထိုးရပါမယ်။

(၄) စာချုပ်ကို မှတ်ပုံတင်အက်ဥပဒေအရ မှတ်ပုံတင်ရပါမယ်။

ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း စိန် ရွှေ အစရှိတာတွေကတော့ ဘယ်လောက်ပဲ အဖိုးတန်တန် ... စာချုပ်စာတမ်းမပြုလုပ်ဘဲ လက်ထိလက်ရောက် ပေးကမ်းရင် တည်မြဲနိုင်မာပါတယ်''

ရှုံးရှုထက် စကားဆုံးတော့ အမျိုးသမီးကြီး မျက်နှာပျက်သွားသည်။

''ဟင် ... ဒါဆို ... လက်ဝတ်လက်စားနဲ့ အတွင်းပစ္စည်းတွေအကုန်လုံး ဟိုမျောက်ဖင်နီ ရုံးပတီသီးမ အပိုင်ရသွားပြီပေါ့''

ရှုံးရှုထက်က ...

''အဲဒီလိုလည်း တသမတ်တည်း ယူဆလို့ မရပါဘူး ခင်ဗျာ။ သေဆုံးခါနီးဆဲဆဲမှာ ပေးကမ်းခဲ့တာဆိုရင် ဥပဒေအရ တည်မြဲနိုင်မာခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး။ သေခါနီးဆဲဆဲ ပေးကမ်းခြင်းဆိုတာ သေတမ်းစာပြုလုပ်တဲ့ သဘောမျိုးပါပဲ။ အကယ်၍ သေခါနီးဆဲဆဲ ပေးကမ်းခြင်းကို အသိအမှတ် ပြုလိုက်မယ်ဆိုရင် မြန်မာဗုဒ္ဓဘာသာတရားဥပဒေကို ချိုးဖောက်ခွင့်ပြုရာ ရောက်ပါတယ်''

''ဟယ် ... ဒါဆို ငါ့ပစ္စည်းတွေ ပြန်ရဖို့ မျှော်လင့်ချက်ရှိသေးတာပေါ့။ အဟီးဟီး''

အမျိုးသမီးကြီး အူမြူးသွားသည်။ စူးရှထက်နှင့် သဲဝတ်လွှာကို ဝင့်ဝင့်ဝါးဝါး ကြည့်ကာ ...

''အဏ်ကငွေတွေနဲ့ လက်ဝတ်လက်စားအတွင်းပစ္စည်းတွေ အားလုံး အန်တီ တစ်ယောက်တည်း အပိုင်ရအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဟင်''

စူးရှထက်နှင့် သဲဝတ်လွှာ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး သက်ပြင်းချကြ၏။ သဲဝတ်လွှာက ခေါင်းကိုခါ၍ ...

''အဲ့ဒါတော့ မပြောတတ်ဘူးရှင့်'

စူးရှထက်က ...

''အဲဒီကိစ္စကို အန်တီတို့ မိသားစုချင်း နားလည်မှုယူပြီး ရှင်းရှင်းရှင်း။ ဒါမှမဟုတ် ဥပဒေအဆုံးအဖြတ် ခံယူပြီး ရှင်းရှင်းရှင်းပေါ့''

''ဩော် ... အင်း ... အင်း ... ကိုစိုးတိန် ... ကိုစိုးတိန် ရှင်သရမ်းခဲ့တာ ... ရှင် လွှတ်သရမ်းခဲ့လို့ အခုလိုတွေ ဖြစ်နေရတာ''

မျက်မှောင်ကြီး ကျုံ့တွဲပြီး ပါးစပ်က ပွစိပွစိဖြင့် အမျိုးသမီးကြီး ရေရွတ်ကျန်ခဲ့၏။ စူးရှထက်တို့စုံတွဲကတော့ ထိုနေရာမှ သွက်လက်စွာ သုတ်ချေတင်လာခဲ့ပါသည်။

ယမ်းခိုးတွေ ဝေနေသလို စိတ်မှာ ခံစားရ၍ဖြစ်၏။





အထူးသတိပေးချက်။ ။ ကိုစိုးတိန်ဟူသော အမည်အား စကားလိမ် အမှတ်နှင့် ကိုစိန်စိုးဟူ၍ မဖတ်စေလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



''လူတွေဟာ တစ်ယောက်တစ်မျိုးစီတော့ အပူတွေရှိနေတာ ပဲနော်''

''ပုထုဇဉ်ဆိုတော့လည်း ဒီလိုပဲပေါ့ သဲရယ်''

စူးရှထက်နှင့် သဲဝတ်လွှာ ဘုရားရင်ပြင်တော်ပေါ် ရောက်ရှိနေကြပါသည်။

''ကမ္ဘာလောကကြီးဟာ ဝဲဂယက်နဲ့တူတဲ့ စားကျက်ကြီးလိုပဲ။ ဘယ်သူ့ကို မှန်တယ် ဘယ်သူ့ကို မှားတယ်လို့ ပြောရမှန်းလည်း မသိဘူး။ အဲဒီ သာဓကတွေ ပေါ်လွင်စေတဲ့ အက်ဆေးလေးတစ်ပုဒ်ကို ငါ ငယ်ငယ်တုန်းက ဖတ်ဖူးတယ်။ ရေးတဲ့ဆရာ အမည်ကို မမှတ်မိတော့ပေမယ့် ဇာတ်လမ်းလေးကိုတော့ အခုချိန်ထိ စွဲစွဲလမ်းလမ်းနှင့် မှတ်မိနေတုန်းပဲ''

''ဘယ်လိုဇာတ်လမ်းလေးလဲဟင်''

''တိရစ္ဆာန်တွေရဲ့ အစာရှာပုံကို ရေးဖွဲ့ထားတာပါ။ ကြက်မကြီးဟာ မြေပြင်ကို ခြေနဲ့ယက် ပိုးကောင်မွှားကောင်လေးတွေ ရှာဖွေပြီး ကြက်သားပေါက်ကလေးတွေကို စားစေတယ်။ အဲဒီအချိန်မှာ ကြက်သားပေါက်ကလေးတွေ အစာဝဖို့ပဲ သူ ဂရုစိုက်နေတာ။ ပိုးကောင်မွှားကောင်လေးတွေရဲ့ ဒုက္ခဆင်းရဲကို ထည့်တွေးမိမှာ မဟုတ်ဘူး။ တွေးမိရင်တောင် သူ့သားသမီးတွေ အစာဝဖို့က ပိုအရေးကြီးနေတယ်လေ''





''အင်း ... ဟုတ်တယ်နော်''

''ခဏကြာတော့ ကောင်းကင်ကနေ သိမ်းငှက်ကြီးတစ်ကောင် ထိုးဆင်းလာတယ်။ ကြက်မကြီးဟာ သူ့သားသမီးတွေကို သိမ်းငှက်ရန်က ကာကွယ်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် သိမ်းငှက်ကြီးဟာ ကြက်သားပေါက်လေးတစ်ကောင်ကို အမိအရ သုတ်ချီသွားနိုင်ခဲ့တယ်။ အဲဒီတော့မှ ကြက်မကြီးဟာ ဒေါသတကြီးနဲ့ ဝမ်းနည်းပက်လက်ဖြစ်ကျန်ခဲ့တယ်။ သိမ်းငှက်ကြီးကလည်း သူ စွန့်စားပြီး ယူလာတဲ့အစာကို သူစားတာ မဟုတ်ဘူး။ သစ်ပင်ပေါ်က သိမ်းငှက်ကလေးတွေကို ကျွေးတာ''

''သြော်''

''လူ့လောကမှာလည်း လူတွေ ဖြစ်ပျက်ရှင်သန်နေကြတာ အဲဒီသဘောတရားအတိုင်းပါပဲလေ။ ကိုယ့်အတွက် ရှာဖွေနေတဲ့လူတွေရှိသလို ကိုယ့်ဖို့ထက် ကိုယ့်မိသားစု၊ ကိုယ့်သားသမီးတွေအတွက် ပူပင်နေကြတဲ့ လူတွေက များပါတယ်''

စူးရှထက်က တည်ငြိမ်လေးနက်စွာ ပြော၏။ သဲဝတ်လွှာက ပင့်သက်ရှိုက်ကာ ...

''ငါ သဘောကျတဲ့ ကဗျာလေးတစ်ပုဒ်လည်းရှိတယ်။ ကဗျာဆရာကိုတော့ မမှတ်မိတော့ဘူး။ ကဗျာလေးက တိုတိုနဲ့ ထိထိမိမိရှိပြီး အဓိပ္ပာယ်က အရမ်းလေးနက်တယ်''

''ငါ့ကို အဲဒီကဗျာလေး ရွတ်ပြပါလား သဲ''

စူးရှထက် တောင်းဆိုတော့ သဲဝတ်လွှာက ထိုကဗျာကိုရွတ်ပြသည်။

''လေရိုင်းက ပြောတယ်

သူ ကျိုးစားလိုက်တာပါ ... တဲ့ ...

ဒါပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်လေးမှာတော့ ကြွေသွားရှာပြီ''

ဝန်းကျင်တစ်ခွင် တိတ်ဆိတ်သွားသယောင် မှတ်ထင်ခံစားရ၏။ သူတို့နှစ်ဦးသည် ဘုရားဝတ်ပြု ရေသပ္ပာယ်ပြီး ရင်ပြင်တော်ပေါ်တွင် သန့်ရှင်းရေးလုပ်၍ အေးချမ်းမှုကို ရယူတည်ဆောက်ကြလေသည်။

ခဏအကြာမှာ ...

''စူးရှ ... ဟိုမှာကြည့်စမ်း''

သဲဝတ်လွှာ မျက်လုံးဦးတည်ရာသို့ စူးရှထက် ကြည့်လိုက်သည်။ ထိုအခါ မွေးနံ့ထောင့်ရှိ ဘုရားဆင်းတုတော်တစ်ဆူအား လူတစ်ဦး ရေသပ္ပာယ်နေတာ တွေ့ရ၏။

ထိုလူ ရေသပ္ပာယ်နေပုံမှာ ရေခွက်နှစ်ခွက်ကို ဘယ်တစ်ဖက် ညာတစ်ဖက်ကိုင်ကာ ဆင်းတုတော်ဦးခေါင်းပေါ်မှ ဘယ်ပြန်ညာပြန် မနား တမ်း တရစပ် လောင်းချနေ၏။ ပါးစပ်မှလည်း ... ၁၁, ၁၂, ၁၃, ၁၄, ၁၅, ... ဟု ရေရွတ်နေတာ တိုးဖွဖွကြားရသည်။ ကေန္တ သက်စေ့ပြည့် အောင် ကတိုက်ကရိုက် ကြိုးပမ်းအားထုတ်နေပုံပေါ်သည်။

''ရေသပ္ပာယ်တာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ဝတ်ကျေတန်း ကျေနဲ့ တာဝန်တစ်ခုပြီးအောင် ဆောင်ရွက်နေသလိုပဲ''

''ဆင်းတုတော် ရေမွန်းပြီး နှာစေးမှာတောင် စိုးရတယ်နော်''

သူတို့နှစ်ဦး မရယ်ဖြစ်ကြပါ။

''တချို့ဆို ဘုရားကို ဆီမီးကပ်လှူ အမွှေးနံ့သာတိုင်တွေ ပူဇော် တာ ပြီးစလွယ် လုပ်နေသလိုပဲ။ အဲ့ဒါတွေက ဘုရားကို အပူကပ်ပြီး ညှော် တိုက်နေသလိုပဲ ငါ့စိတ်ထဲ ခံစားရတယ်''

''ဦးပေါက်ဆိန်ပေါက်ချပြီး ထွက်သွားကြတာတွေလည်း အများ ကြီးပါပဲ''

သဲဝတ်လွှာက ရင်ပြင်တော်ပေါ်မှာ လှုပ်ရှားသွားလာနေသူများ





ကို ဝေ့ကြည့်ပြီး ...

''စူးရှ ... ငါ အလှူအတန်း လုပ်ချင်တယ်''

''ဘယ်လို အလှူမျိုးလဲ သဲရဲ့''

''ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးဟာ။ နွမ်းပါးတဲ့လူတွေရဲ့ လိုအပ်ချက်ကလေးတွေကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးချင်တာ''

''ဩော်''

''အဲ့ဒါ နင်နဲ့ငါ ပိုက်ဆံစုပြီး နွမ်းပါးတဲ့လူတွေကို ကူညီကြမယ် လေ''

စူးရှထက်က စဉ်းစား၍ ...

''နင်နဲ့ငါ နှစ်ယောက်တည်းဆို ပိုက်ဆံသိပ်ရမှာ မဟုတ်ဘူးဟ။ အဲ့ဒါကြောင့် ငါတို့နှစ်ယောက် ကျောင်းမှာ အလှူငွေလိုက်ကောက်ကြ မယ်လေ။ ပြီးမှ အားလုံးစုပြီး သွားလှူကြတာပေါ့''

''အင်း ... ကောင်းတယ်။ အဲ့ဒါဆို တခြားလူတွေပါ ကုသိုလ် ရသွားတာပေါ့''

ဘုရားရင်ပြင်တော်ပေါ်တွင် ဆည်းလည်းသံလေးများ သာယာ စွာ မြည်တမ်းနေပါသည်။ သူတို့ချစ်သူနှစ်ဦး၏ အဖြူရောင် စကားသံ များသည်လည်း ဆည်းလည်းသံလေးတွေနှင့်အတူ လေထုထဲမှာ လွှပ် ခတ်မျောလွင့်နေလျက်ရှိပါ၏။

ဤသို့ဖြင့် ...

နောက်တစ်ရက်မှ စတင်ကာ သူတို့ချစ်သူနှစ်ဦးသည် အကျိုး အကြောင်း ပြောပြပြီး ကျောင်းဝင်းထဲမှာ အလှူငွေ လှည့်လည်ကောက်ခံ ကြလေသည်။

ပြီးနောက် ...

အားလုံး တပျော်တပါး စုပြီး သွားရောက်လှူဒါန်းကြသည်။

www.burmeseclassic.com



မွန်မြတ်သော လုပ်ဆောင်မှုတွင် ဆန္ဒကသာ ပဓာန ဖြစ်ပါ၏။

(ပဓာန = အရင်းခံ)





အခန်း (၅)

ဥဩသံပေး အော်မြည်၍ သံလမ်းတစ်လျှောက် ပြေးလာသော ရထားသည် ဘူတာရုံဆီ အရောက်မှာ ဘရိတ်ဆွဲကာ ရပ်တန့်သည်။

ဆင်းသူတွေက ဆင်းကြ၍ တက်သူတွေက တက်ကြသည်။

ထို့နောက် ...

ရထားသည် ရှေ့ဆက်ထွက်ခွာသွားသည်။ ဘူတာရုံအိုကြီးမှာသာ ခြောက်ကပ်စွာ ငေးကြည့်ကျန်ရစ်ခဲ့ရလေ၏။

ထိုရထားသည် နောက်တစ်ဘူတာ အရောက်မှာ ဤသို့ပင် ခေတ္တခဏ ရပ်နားပေလိမ့်ဦးမည်။

''သံသရာဟာ ရထားတစ်စင်းနဲ့ တူတယ်ဆိုတာ ဟုတ်ဘယ် နော်။ မွေးဖွားရောက်ရှိလာတယ်။ ရှင်သန်တည်မြဲနေချိန်မှာ အခြားသူတွေနဲ့ ထိတွေ့ဆက်ဆံရတယ်။ သံယောဇဉ်တွေ နှောင်ဖွဲ့မှုတွေ ဒုက္ခသုက္ခတွေနဲ့ ငြိယှက်လုံးထွေး ရုန်းကန်ရတယ်။ နောက်တော့ ... သေဆုံးထွက်ခွာသွားရတယ်''

သဲဝတ်လှသည် ရထားသံလမ်းအား ငေးကြည့်၍ မှိန်မှိုင်းစွာ ရေရွတ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



''အချို့လူတွေက ပြောကြတယ်။ မွေးဖွားလာတာဟာ သေဆုံးဖို့ ... တဲ့။ ငါကတော့ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားက ရှင်သန်မှုမှာ အဓိပ္ပာယ်ရှိဖို့ လိုအပ်တယ်လို့ ယူဆတယ်။ အဲဒီလိုမှ မဟုတ်ရင် အသိဉာဏ် ကြွယ်ဝတယ်ဆိုတဲ့ လူတွေဟာ အဟိတ်တိရစ္ဆာန်တွေနဲ့ တစ်တန်းစားထဲ ဖြစ်သွားမှာပေါ့''

စူးရှထက်သည် သဲဝတ်လွှာ ပြောတာတွေကို ငြိမ်သက်စွာ နားထောင်နေပါ၏။

''လူတစ်ယောက်ရဲ့ ဖြစ်စဉ်မှာ ကိုယ် လူပီသကြောင်း မော်ကွန်းရေထိုးနိုင်ရမယ်လို့ ငါ သတ်မှတ်ထားခဲ့တာ။ ဒါပေမယ့်ဟာ ... ငါကိုယ်တိုင်ကတော့ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ဆောင်နိုင်ခဲ့ဘဲနဲ့ ဒီလူ့ဘဝကြီးကနေ စောစောစီးစီး ထွက်ခွာသွားရတော့မယ် ...''

သဲဝတ်လွှာ ရင်ထဲမှ ဝေဒနာတွေကို ခံစားမှုအသိဖြင့် စူးရှထက် တွေ့မြင်နေရသည်။

ဘူတာရုံတစ်ခုမှာ သွားထိုင်ချင်တယ် ... ဆိုသဖြင့် သူမ စိတ်ပြေလက်ပျောက်ဖြစ်အောင် သူ လိုက်ပါပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။ အခုတော့ ဘူတာရုံသည် ဝေဒနာတွေကို နှိုးဆွပေးသည့် သရုပ်ပြ ပန်းချီကားတစ်ချပ်ဖြစ်နေချေ၏။

ပါးနပ်ထက်မြက်သော သူမကို သူ ဘယ်လို နှစ်သိမ့်ရမှန်းမသိဘဲ ဖြစ်နေပါသည်။

ထိုစဉ်မှာပင် ...

''ညီလေးတို့ ညီမလေးတို့ရယ် ... အစ်ကိုက နယ်က တက်လာတာပါ။ အခု အစ်ကို့ပိုက်ဆံအိတ် ခါးပိုက်နှိုက်ခံလိုက်ရလို့။ အဲ့ဒါ အစ်ကို့ကို အပြန်လမ်းစရိတ်လေး ကူညီကြပါကွာ''

အဝတ်အစား သပ်သပ်ရပ်ရပ်နှင့် လူတစ်ဦး သူတို့နှစ်ဦးထံလာ





၍ အကူအညီတောင်းသည်။ စူးရှထက်က ထိုလူကို ကြည့်ကာမေးသည်။

''အစ်ကိုက ဘယ်နယ်ကလဲ''

''မကွေးကပါ''

''ဪ''

ဘာမှဆက်မမေးတော့ဘဲ စူးရှထက် ပိုက်ဆံအချို့ ထုတ်ပေးလိုက်သည်။ သဲဝတ်လွှာက ...

''မကွေးဆို ခရီးစရိတ်က အဲဒီလောက်နဲ့ ဘယ်လောက်မလဲ။ နေဦး အစ်ကို ... ရော့ ... ရော့ ...''

သဲဝတ်လွှာက ငွေအချို့ထုတ်ပေးပြန်သည်။ ထိုလူ တော်တော်ပျော်သွားပုံရ၏။

''ကျေးဇူးပါပဲ ညီလေးနဲ့ ညီမလေးရယ်။ မကွေးရောက်ရင် ဝင်လည်ကြပါ။ အစ်ကိုက ဘုရားကြီးလမ်းမှာ နေပါတယ်။ အိမ်နံပါတ်က ၁၁ ပါ။ ကိုထွန်းထွန်းအိမ်လို့ မေးလိုက်ရင် လူတိုင်းသိပါတယ်''

ကျေးဇူးတင်စကားတွေ အထပ်ထပ်ပြောပြီး ထိုလူ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သံလမ်းပေါ်မှာ မြို့ပတ်ရထားတွေ တစ်စီးပြီးတစ်စီး ကူးဖြတ်နေကြ၏။

စူးရှထက်က ...

''သဲ ... ဒါ မြို့ပတ်ရထား မစီးဖူးဘူး။ နင်ကော စီးဖူးလားဟင်''

''ဟင့်အင်း ... မစီးဖူးဘူး''

''ဒါဆို ငါတို့နှစ်ယောက် မြို့ပတ်ရထား လျှောက်စီးရအောင်လေ''

''အင်း ... စီးမယ်''

သဲဝတ်လွှာက အလိုတူစွာ ခေါင်းလေးညိတ်ပြ၏။

ထို့နောက် ...

သူတို့နှစ်ဦး မြို့ပတ်ရထားတက်စီးကြလေသည်။

ရထားပြတင်းမှ ဝင်လာသော လေတွေက ရထားအတွင်းရှိ ခရီးသည်များကို တိုးဝှေ့ပုတ်ခတ်ကြ၏။ အစပထမမှာ သူတို့နှစ်ဦးထိုင်စရာနေရာ မရရှိသော်လည်း 'သုံးဘူတာမြောက် အရောက်တွင်မှ ထိုင်ရ၏။ ရထားစီးရသည့် အတွေ့အကြုံသစ်မှာ နှစ်ဦးသားပျော်သလို ခံစားလာရလေသည်။

ငါးဘူတာမြောက်အရောက်တွင်မှ ထူးခြားမှုတစ်ခုအား သူတို့နှစ်ဦး သတိပြုမိလိုက်ကြပါ၏။





သူတို့အနီးတွင်ထိုင်သော ခရီးသည် ဦးလေးကြီးတစ်ဦးသည် ပါးစပ်တလှုပ်လှုပ်နှင့် မျက်မှောင်ကြုတ်လျက် လက်ချောင်းတွေကို အသုံးပြုကာ တစ်စုံတစ်ခုအား သဲကြီးမဲကြီး တွက်ချက်နေပုံရ၏။

ငေးကြည့်နေရင်း သဲဝတ်လွှာက မနေသာတာန်ဖြင့် ...

''ဦးလေး ... ဘာတွေ တွက်နေတာလဲရှင့်''

''အဲ ... ဟိုဒင်း ... ဦးရဲ့သားသမီးတွေ အကုန်လုံးနဲ့ တွေ့ရမယ့်နေ့ကို တွက်နေတာပါ''

ထိုဦးလေးကြီးက လက်ချိုးမပျက်ဘဲ ဖြေလေသည်။

''ဘယ်လိုမို့လို့ ဒီလောက်တွက်နေတာလဲ ဦးရဲ့''

သဲဝတ်လွှာ မေးတော့ ထိုဦးလေးကြီးက ...

''ဦးမှာ သားသမီး သုံးယောက်ရှိတယ်။ သမီးအကြီးဆုံးက ဦးကို ၄ ရက်တစ်ကြိမ် လာပြုစုတယ်။ သမီးလတ်က ၇ ရက်တစ်ကြိမ် လာပြုစုတယ်။ သားအငယ်ကောင်ကတော့ ၁၃ရက်တစ်ကြိမ် လာပြုစုတယ်။ ဦးက သားသမီးတွေ အကုန်လုံးနဲ့ ပျော်ပျော်ပါးပါး စုံစုံညီညီတွေ့ချင်တာ''

''သြော် ... ဟုတ်ကဲ့''

''အကုန်လုံးကလည်း အိမ်ထောင်ရက်သားကျပြီး အလုပ်အကိုင်တွေနဲ့ဆိုတော့ မအားလပ်ကြဘူးလေ။ အဲ့ဒါကြောင့် သူတို့ပုံမှန်လာတဲ့နှုန်းနဲ့ဆိုရင် ဘယ်နှရက်တစ်ခါ လူစုံတွေ့ရမလဲလို့ တွက်နေတာ''

''သြော်''

စူးရှထက်နှင့် သဲဝတ်လွှာ ကရုဏာသက်သွားမိကြ၏။

ထိုဦးလေးကြီးက' မွဲခြောက်ခြောက်လက်ချောင်းတွေကိုချိုးကာ ဆက်၍တွက်ချက်နေပြန်သည်။ သဲဝတ်လွှာက မကြည့်ရက်တာန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



''တွက်မနေပါနဲ့တော့ ဦးရယ်။ သမီး ပြောပြပါ့မယ်။ တစ်ယောက်က ၄ရက်တစ်ခါ၊ တစ်ယောက်က ၇ရက်တစ်ခါ၊ နောက်တစ်ယောက်က ၁၃ ရက်မှ တစ်ခါ လာတယ်ဆိုတော့ ... ဦးရဲ့သားသမီးတွေဟာ ၃၆၄ ရက်ကြာမှ တစ်ခါပဲ လူစုံမှာပါ''

''ဟင် ... ၃၆၄ ရက်ကြာမှ တစ်ခါပဲ စုံမှာ''

ရူးရှထက်က ...

''ဟုတ်ပါတယ်ခင်ဗျ။ တစ်နှစ်မှာ ၃၆၅ ရက် ရှိတာဆိုတော့ ဦးရဲ့သားသမီးတွေဟာ ပုံမှန်နှုန်းနဲ့ပဲ ဦးဆီ လာနေမယ်ဆိုရင် တစ်နှစ်မှာ တစ်ခါ မိသားစုအားလုံး စုံစုံညီညီ တွေ့ရပါလိမ့်မယ်''

''ဩော် ... တစ်နှစ်လုံးမှာမှ တစ်ခါပဲ လူစုံတွေ့ရမှာကိုး ...။ အင်း ... အဲ့ဒါဆိုလည်း သူတို့အမေ မရှိတော့တာကြောင့် မိသားစုအားလုံး စုံတယ်လို့ ပြောလို့ မရပါဘူးလေ ...''

ထိုဦးလေးကြီးက မှိုင်းဝေသော မျက်လုံးတွေဖြင့် ဆွေးဆွေးမြေ့မြေ့ ပြောနေလေသည်။

သူ့စကားတွေကိုကြားတော့ သဲဝတ်လွှာမျက်နှာမျက်လာသည်။ သူမအတွက် နိမိတ်ဖော်ခြောက်လှန့်မှုပမာ ဖြစ်လာမှာကို ဝူးရှထက် စိုးရိမ်ပူပန်ရပြန်သည်။

ဒါကြောင့် ...

ရှေ့ဘူတာရောက်၍ ရထားရပ်တာနှင့် သဲဝတ်လွှာကိုခေါ်ကာ ဆင်းလာခဲ့ပါတော့သည်။





ဘူတာရုံအတွင်းမှာ လူအများ ရှုပ်ထွေးစည်ကားလျက်ရှိပါ၏။ သူတို့နှစ်ဦး ဘယ်ကို ခရီးဆက်ရမှန်းမသိဘဲ ချီတုံချတုံဖြစ်နေခဲ့မှာပင် ...

''ညီလေးတို့ ညီမလေးတို့ရယ် ... အစ်ကိုက အခုမှ နယ်က တက်လာတာပါ။ အစ်ကို့ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်သွားလို့။ အဲ့ဒါကြောင့် အပြန်လမ်းစရိတ်ကလေး အကူအညီပေးကြပါ''

အဝတ်အစား သပ်သပ်ရပ်ရပ်နှင့် လူတစ်ဦးဖြစ်သည်။ ထိုလူကို အသေအချာ ကြည့်လိုက်ရာ ...

''ဩော် ... မကွေးက အစ်ကိုကြီးပဲ''

''ဟင် ...''

ထိုလူ့မျက်နှာ ကြွက်ကိုက်ခံလိုက်ရသလို ဖြစ်သွားသည်။ ကတုန်ကယင်နှင့် ...

''ဇောခဇာဇောက ... ညီ ညီလေးနဲ့ ညီမလေးပဲ ... အဟဲ ... ထပ် ... ထပ်တွေ့တယ်နော် ...''

''အစ်ကိုက မကွေး မပြန်သေးဘူးလားဗျ''

ဝူးရှထက်မေးတော့ ထိုလူ ပျာပျာသလဲ ဖြစ်သွားပြီး ...

''ပြန်တော့မှာ ... အခု ပြန်တော့မှာ ...''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် လိုက်ပို့ပေးရမလားဟင်''

ထိုလူ တွန့်ခနဲ ဖြစ်သွားသည်။

''ဘုရားကြီးလမ်းက အိမ်နံပါတ် ၁၈ ကိုလေ ...။ ကိုထွန်းထွန်း အိမ်ဆိုရင် လူတိုင်းသိပါတယ်။ ဟုတ်တယ်မို့လား''

''အဲ ...''

ထိုလူ တွန့်ပြီးရင်း တွန့်နေ၏။ စူးရှထက်က လက်ကိုဆွဲပြီး ...

''လိုက်ပို့ပေးပါမယ်လေ။ ရိုးလွန်းတော့ တော်ကြာ ထပ်ပြီး ခါးပိုက်နှိုက်ခံနေရပါဦးမယ်။ မြသလွန်ဘုရားဖူးရင်းပေါ့ ... လိုက်ပို့မယ် နော် ... ဟုတ်ပြီလား ...''

''ဟာ ... နေ ... နေပါ ...။ ပင်ပန်းနေပါဦးမယ် ...။ သွား သွားတော့မယ်နော် ... အဟဲ ...။ လူမှားသွားလို့ ... ဆောတီး ...''

မျက်စိပျက် မျက်နှာပျက်နှင့် ရှန်းထွက်ပြီး လျှပ်စီးလက်သကဲ့သို့ သူတို့ရှေ့မှ ထိုလူ ပြေးထွက်သွားလေသည်။ သူခိုးလူမိဆိုတာ ဒါမျိုး ပင် ဖြစ်ပေလိမ့်မည်ထင်သည်။

သဲဝတ်လွှာသည် သက်ပြင်းချ၍ သံဝေဂ ရသလို ပြော၏။

''အင်း ... ကျန်းကျန်းမာမာ သန့်သန့်စွမ်းစွမ်းနဲ့တောင် ဒီလို မျိုး လုပ်စားနေတယ်နော်''

စူးရှထက်က ...

''ဟိုဘူတာမှာတည်းက အဲဒီလူကို ငါ မသင်္ကာတာ။ နင် စိတ် အနှောင့်အယှက် ဖြစ်မှာစိုးလို့ ဘာမှမပြောတာ။ အဲဒီလို အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်ပြီး ဖိနပ်ပြတ်လို့တို့၊ ခရီးစရိတ်တို့ဆိုပြီးတော့ ပိုက်ဆံ လိမ်တောင်းတဲ့ လူမျိုးတွေနဲ့ ငါ ခဏခဏကြုံဖူးတယ်ဟ''

''ဩော်''

''ဒီလူကမှ တော်ပါသေးတယ်''





''ဘာဖြစ်လို့လဲ''

''သူ့ခရီးက မဝေးတင်မို့လို့လေ။ တချို့ဆို အသံတွေ ဘာတွေ ဝဲပြပြီး ကချင်ပြည်နယ်တို့ ချင်းပြည်နယ်တို့အထိတောင် ပြန်ရမယ်လို့ ပြောတာ''

''အယ်''

မျက်လုံးဝိုင်းဝိုင်းလေးတွေ ပြူးကျယ်လာသည်အထိပင် သဲဝတ်လွှာ အံ့အားသင့်သွားချေ၏။ ဒီတစ်ခါ အတွေ့အကြုံသစ်က သူမကို စိတ်လက်မကြည်မသာ ဖြစ်သွားစေပါသည်။

''အဲဒီလူ လာလိမ်တာမှန်း သိလိုက်သားနဲ့ နင်က ဘာလို့ ပိုက်ဆံပေးလိုက်တာလဲ။ ရမှန်းသိရင် နောက်လူတွေကို ဆက်လိမ်ကြဦး မှာ။ အခုတော့ ငါတို့နှစ်ယောက်စလုံး သူခိုးအားပေးတွေ ဖြစ်ကုန်ပြီ''

စူးရှထက်က ပင့်သက်ရှိုက်၍ ...

''ငါက မကောင်းမှုကို အားပေးချင်တဲ့စိတ်နဲ့ပေးတာ မဟုတ် ပါဘူးဟ။ အလှူတစ်ခုလို သဘောထားပြီး ငါ သဒ္ဓါသလောက်ပေးလိုက် တာပါ။ သူ့ဘက်က ရိုးသားတာ မရိုးသားတာထက် ကိုယ့်ဘက်က စေတနာသန့်သန့်နဲ့ ဖြူစင်ဖို့ပဲ အရေးကြီးပါတယ် သဲရယ် ...။ အဲဒီလိုမှ မဟုတ်ဘဲ အဆီအငေါ်မတည့်တာတွေ၊ အချိုးမကျတာတွေနဲ့ တွေ့တိုင်း စိတ်ထဲမှာထားပြီး အပြစ်မြင်နေရမယ်ဆိုရင် ... လောကကြီးမှာရှိသမျှ အားလုံး အပြစ်တင်လို့ မဆုံးနိုင်တာတွေချည်း ဖြစ်ကုန်လိမ့်မယ် သဲရဲ့''

သဲဝတ်လွှာသည် တုံ့ပြန်စကားမဆိုပါ။ တစ်စုံတစ်ရာ နာကျင် မှုကို ချုပ်တည်းထားရဟန်ရှိသော စူးရှထက်ကိုသာ ငေးရီစိုက်ကြည့်နေပါ ၏။ သူမ တိတ်တဆိတ် သက်ပြင်းချသည်။

ကိုယ့်ချစ်သူကို နံဘေးမှာထားပြီး ဝမ်းနည်းကြေကွဲနေရသော သူတို့ချစ်သူနှစ်ဦးလို အဖြစ်ဆိုးမျိုး အခြားသူတွေ မကြုံပါစေနဲ့ ... ဟု



www.burmeseclassic.com

www.burmeseclassic.com



လည်း တိုးတိတ်စွာ ဆုတောင်းမိပါ၏။

အသည်းကွဲမှုသည် တစ်ခါတစ်ရံတွင် အချစ်ထက်စော၍ရောက်ရှိလာတတ်ပြီး၊ တစ်ခါတစ်ရံတွင် အချစ်ထက်နောက်ကျ၍ ရောက်ရှိလာတတ်သည်။

တစ်ခါတစ်ရံတွင်တော့ အချစ်နှင့်အသည်းကွဲမှုသည် တစ်ပြိုင်နက်တည်း ထပ်တူထပ်မျှ ဖြစ်နေတတ်လေ၏။





## အခန်း (၆)

''သဲ ... ဒီနေ့ ဘယ်သွားချင်လဲဟင်''

နှစ်ဦးဆုံချိန်မှာ စူးရှထက်က မေးသည်။ ထိုအခါ သဲဝတ်လှွာ ချက်ချင်းပြန်မဖြေဘဲ ငြိမ်သက်စွာ နှုတ်ဆိတ်နေလေသည်။

ခဏကြာမှ အေးစက်စွာ ဖြေ၏။

''သုသာန်ကို''

''ဘာ ... ''

စူးရှထက် အံ့သြထိတ်လန့်သွားသည်။

''သုသာန်ကိုသွားချင်တာ ... ဟုတ်လား သဲ ... ''

သဲဝတ်လှွာက တည်ငြိမ်စွာ ခေါင်းညိတ်ပြ၏။

''ဟုတ်တယ်။ ငါ သုသာန်ကို သွားချင်တယ်။ လူတွေဟာ အသက်ရှင်လျက် ရှိနေချိန်တွေမှာ သုသာန်ကို တကူးတက မသွားကြဘူး။ သေဆုံးချိန်မှပဲ ရောက်သွားကြလေ့ရှိတယ်။ ငါ သုသာန်ကို တစ်ခါမှ မရောက်ဖူးဘူး။ အဲ့ဒါကြောင့် အသက်ရှင်လျက်နဲ့ ရောက်ဖူးချင်လို့ သွားကြည့်ချင်တာ''

''ဩော်''

စူးရှထက် ဘာမှ ဆက်မမေးတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ စိတ်ခံစားချက်ကို သူ နားလည်သည်။ ဒါကြောင့်မို့ သူမ ဆန္ဒကို လိုက်လျော၍ သူမ သွားလိုရာကို လိုက်ပါပို့ဆောင်ပေးလိုက်ပါသည်။

နောက်ဆို ဒီလို အခွင့်အရေးတွေ ရမှာ မဟုတ်တော့ ...။

အသက်ရှင်လျက်နှင့် နှစ်ဦးအတူရှိနေချိန်မှာသာ ဒီလို လုပ်ဆောင်မှုတွေ အကောင်အထည်ပေါ် ဖြစ်မြောက်နိုင်တာ မဟုတ်လား။





သုသာန်တစပြင်သည် ကိုယ့်အသက်ရှူသံကို ပြန်သတိထားမိရလောက်အောင်ပင် ခြောက်ကပ်တိတ်ဆိတ်လျက် ရှိပါသည်။

မြေပုံမို့မို့နှင့် အုတ်ဂူဖြူဖြူတွေ ကစဉ့်ကလျား နေရာယူထားတာ တွေ့မြင်ရ၏။

မှိုင်းညို့အုံ့ဆိုင်းသော ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် နှစ်ဦးသား ငြိမ်ငြိမ်ဝပ်ဝပ် ရပ်တန့်ငေးမောနေရာမှ ...

''စူးရှ ... ငါ့မှာ ဓိတ်ကူးတစ်ခု ပေါ်လာတယ်''

''ဘာလဲဟင် သဲ''

''ငါ သေရင် နေဖို့ မြေနေရာ ကြိုဝယ်ထားချင်တယ်''

''ဟင်''

စူးရှထက် အံ့သြစိတ် ဖြစ်သွားရပြန်သည်။ ဒီနေ့အဖို့ သဲဝတ်လွှာ၏ စိတ်ကူးတွေသည် အံ့အားသင့်စရာ အဆန်းအပြားတွေချည်း ဖြစ်နေ၏။

လူအများက အသက်ရှင်နေချိန်မှာ ရပ်တည်နေထိုင်ရေးကိုသာ တွေးတောပူပင်ကြသည်။ သူမကတော့ သွေးအေးစွာဖြင့် သေဆုံးခြင်းအတွက် ကြိုတင်စီစဉ်နေလေသည်။

သူမ စိတ်ကျေနပ်စေရန် ဆောင်ရွက်ပေးဖို့သာ သူ ဆုံးဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းစောင့် သုဘရာဇာကြီးထံသွားကာ ...

''ကျွန်တော်တို့ လူတစ်ယောက်စာ မြေတစ်ကွက်လောက်ဝယ်ချင်လို့ပါ''

''အသုဘက ဘယ်နေ့ချမှာလဲ''

ညိုမြဲတုတ်ခိုင်၍ ဘီလူးတစ်ကောင်ကဲ့သို့ အသွင်သဏ္ဍာန်ရှိသော သုဘရာဇာကြီးက မေး၏။ ထိုအခါ သူတို့ချစ်သူနှစ်ဦး မျက်လုံးချင်းဆုံတွေ့ဖြစ်ကြလေသည်။

စူးရှထက်က သက်ပြင်းဖွဖွချ၍ ...

''အသုဘက အခုလောလောဆယ် မချသေးပါဘူး။ လပိုင်းလောက် လိုပါသေးတယ်။ မြေနေရာကို ကြိုဝယ်ထားတာပါ''

သုဘရာဇာကြီးက အံ့သြသွားဟန်ဖြင့် ...

''ဘယ်သူ့အတွက်လဲ''

သဲဝတ်လွှာက အေးစက်စွာ ဝင်ရောက်ဖြေသည်။

''ကျွန်မသေရင် နေဖို့ပါ''

''ဟင်''

ကြမ်းတမ်းသော လူတစ်ယောက်၏ နှုတ်ဖျားမှ နူးညံ့တုန်ခါသော အာမေဋိတ်သံတစ်ခု ဖရိုဖရဲထွက်ကျလာခဲ့၏။

ငယ်ရွယ်နုနယ်သော ဒီကောင်မလေးဟာ မကြာမီ သေရတော့မှာတဲ့လား ... ။

နားလည်ရန်ခက်ခဲသော သေခြင်းတရားသည် သတ်မှတ်ချက်ကင်းသော ချောက်ကမ်းပါးတစ်ခုပင် ဖြစ်ပါ၏။





## အခန်း (၇)

ကျောင်းကင်တင်းတစ်ခုမှာ ကောင်လေး သုံးယောက်နှင့် ကောင်မလေးသုံးယောက် ထိုင်နေကြပါသည်။

သူတို့အားလုံး မျက်နှာမသာမယာနှင့် ... ။ အဆိပ်သင့်နေသော ပင်ပျိုတို့ ညှိုးရော်သွေ့ခြောက်နေသည်နှင့်ပင် ပုံပမာတူလှပေသည်။

ဖျော့တော့ဖြူလွှာသော ကောင်မလေးက ...

''နင်တို့အားလုံးနဲ့ ဒီကျောင်းတော်ကြီးကို ငါ နှုတ်ဆက်ခဲ့ပါတယ်''

တိုးဖွဖွ စကားသံအား မည်သူမှ တုံ့ပြန်စကား မဆိုကြချေ။

တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုရန် အင်အားကင်းမဲ့နေကြမှန်း သိသာလှသည်။

''ငါ့ကျန်းမာရေး အခြေအနေကြောင့် အိမ်က ငါ့ကို ကျောင်းဆက်မတက်ခိုင်းတော့ဘူးဟ ... ။ ငါ ဘယ်လိုပြောပြော မရဘူး ... ဆရာဝန်ကလည်း တားတယ်။ အဲ့ဒါကြောင့်ပါ ... ''

ကောင်မလေး အသံတွေ ဆထက်တိုးလှုပ်ခတ်စွာ တိုးရှတုန်ခါနေပါသည်။

အခြားသူတွေက သူမကို ကရုဏာမျက်ဝန်းတွေဖြင့် ဝေဝီ့ဌာ

www.burmeseclassic.com



ကြည့်ကြ၏။ အချို့သော မျက်ဝန်းတွေမှာ မျက်ရည်စတွေပင် စွန်းထင်းတွဲခိုနေကြလေသည်။

အားလုံးပင် တိတ်ဆိတ်စွာ အထိထိအခိုက်ခိုက် နာကျင်လျက်ရှိကြ၏။

"ငါ့အတွက် စိတ်မကောင်းဖြစ်မနေကြပါနဲ့ဟာ ...။ လောကမှာ ဘယ်အရာမှ မတည်မြဲပါဘူး။ ငါ မသေခင်မှာ ငါ လုပ်ချင်တာတွေ တော်တော်များများ လုပ်ခွင့်ရတာကြောင့် ငါ ကျေနပ်ပါတယ်"

ကောင်မလေးက ကောင်လေးတစ်ယောက်ကို ရည်ရွယ်၍ ဆွတ်ပျံ့ နွေးထွေးစွာ ကြည့်ကာ ...

"စူးရှ ... နင် လိမ်လိမ်မာမာနေနော်။ ကျောင်းလည်း ပုံမှန်တက်။ အခက်အခဲတွေ့နေသူတွေကိုလည်း တတ်နိုင်သလောက် အကူအညီပေးလိုက်ပါဟာ ...။ နင့်အနားမှာ ငါ မရှိတော့ပေမယ့် ... လူတွေကို ကူညီရင်း ငါတို့နှစ်ယောက် အတူရှိနေသလိုပဲ သဘောထားလိုက်ပေါ့ ..."

ကောင်လေးက နှုတ်ခမ်းသားကို ဖိကိုက်ထား၏။ တစ်ဖန် တုံ့ပြန် မှာကြားချင်သော ရင်ဘတ်ထဲမှ စကားတွေကို ဘာသာစကားအဖြစ် အသံထွက်ပြောင်းလဲဖို့ရာ သူ မစွမ်းသာဘဲ ဖြစ်နေပါသည်။

"ဟိုမှာ အမေနဲ့အမေ စောင့်နေလို့ ... ငါသွားတော့မယ်နော်"

ရှိုက်သံစွက်လျက် ခေါင်းလေးကို ငုံ့ကာပြော၏။ ထို့နောက် ... အဖြူရောင်စက္ကူပန်းကလေးတစ်ပွင့် လေနှင်ရာလွင့်သလိုမျိုး သူတို့ရှေ့မှ သူမ ထွက်ခွာသွားပါသည်။

နေရောင်ခြည်သည် မီးလျှံလို တောက်ပနေ၏။

ရုတ်တရက် ဖြစ်ပေါ်လာသော အလွမ်းကြောင့် ကောင်လေး ပါးပြင်ပေါ် မျက်ရည်စက်တွေ တလွင့်လွင့် ကြွေကျလာပါသည်။





သူတို့ချစ်သူနှစ်ဦး၏ အဖြစ်ကိုကြည့်ကာ အခြားသူတွေ ပိုမိုငိုမ်းနည်းကြရ၏။

ဖလော်ဆိုဖာစုံတွဲလို့ အခေါ်ခံရတဲ့ချစ်သူနှစ်ဦး ...

ဒီကျောင်းတော်ကြီးမှာ အတူတကွ ပညာသင်ကြားခဲ့ပါ၏။

ဖလော်ဆိုဖီဆိုသည်မှာ ဂရိစကားမှ ဆင်းသက်လာတာဖြစ်၍ အသိပညာကို နှစ်သက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဖလော်ဆိုဖီကို လေ့လာသူအား ဖလော်ဆိုဖာ ဟူ၍ခေါ်၏။

အခုတော့ ...

အသိပညာကို နှစ်သက်သူလေးတစ်ဦးသည် ချစ်သူကိုထားခဲ့၍ ကျောင်းတော်ကြီးအား အပြီးတိုင် စွန့်ခွာသွားချေပြီ။

BURMESE CLASSIC .com

မည်သို့ပင်ဖြစ်စေ ...

ဥာဏ်ရည်ထက်မြက်၍ ငှက်ပြာလေးတွေသဖွယ် လူတွေကို အကူအညီပေးတတ်သော ကောင်လေးနှင့်ကောင်မလေး၏ ချစ်ပုံပြင်သည် ကျောင်းဝင်းအတွင်းမှာ ရေပန်းစားသော သတင်းတစ်ပုဒ်ဖြစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ကောင်းကင်တစ်ခွင်တွင် တိမ်ညိုတိမ်မဲတွေ အထပ်ထပ်ဖုံးအုပ်လျက်ရှိကြ၏။ လေထုထဲမှာ မိုး၏အငွေ့အသက်တွေ အေးစိမ့်စွာ လွင့်ပါနေသည်။

ကန်ရေပြင်အနီးရှိ ခုံတန်းပြာလေးတွင် စူးရှထက်တစ်ယောက်တည်း မှိုင်ငေးစွာ ငိုင်တိငိုင်တွေ ထိုင်နေပါသည်။

အရင်ကဆို ဒီနေရာလေးမှာ သူတို့ချစ်သူနှစ်ဦး စာတွေဖတ်ရင်း၊ ပုံပြင်လေးတွေပြောရင်း ... အတူတကွ ရှိခဲ့ဖူးပါ၏။ အခုတော့ ... သူတစ်ယောက်တည်း ... ။

အနားမှာချစ်သူ မရှိချေ။

ဝေဒနာတွေနှင့် ချစ်သူကို ဝေဒနာတွေနှင့်သူ လွမ်းနေမိသည်။ သူမကို တောင့်တမှုနှင့်အတူ အတိတ်က ပုံရိပ်တွေက စိတ်မှာ အရိပ်လို ထင်လာလေသည်။

တစ်ခါက ... ဒီခုံပြာလေးပေါ်မှာ ချစ်သူကို သူ လူလည်ကျခဲ့ဖူး၏။

"သဲ ... နင့်ကိုငါ ပုံပြင်တစ်ပုဒ် ပြောပြမယ်"

"အင်း ... ပြောပြလေ"





"ယုန်ထီးလေးတစ်ကောင်နဲ့ ယုန်မလေးငါးကောင်ဟာ တစ်နေ့မှာ ပျော်ပွဲစားထွက်ကြတယ် ... တဲ့"

"အင်း"

"အဲဒီမှာ စားသောက်နေရင်း ယုန်ထီးလေးက ခဏဆိုပြီး ယုန်မလေးတစ်ကောင်ကို ခေါ်သွားတယ်"

"အင်း"

"ခဏကြာတော့ ယုန်ထီးလေး ပြန်ရောက်လာတယ်။ သူ ခေါ်သွားတဲ့ ယုန်မလေးကတော့ ပြန်ပါမလာဘူး ... တဲ့"

"ဟင်"

"တခြား ယုန်မလေးတွေက ခုနက ခေါ်သွားတဲ့ ယုန်မလေး ဘယ်ရောက်သွားလဲလို့ မေးကြတယ်"

"အင်း"

"အဲဒီတော့ ယုန်ထီးလေးက ... ငါ့ကိုနမ်းမှပြောမယ် ... တဲ့"

"ဩော်"

"ဒီလိုနဲ့ပဲ ... ဆက်ပြီး စားကြသောက်ကြတယ်"

"အင်း"

"စားသောက်နေရင်းပဲ ယုန်ထီးလေးက နောက်ထပ် ယုန်မလေးတစ်ကောင်ကို ခဏဆိုပြီး ခေါ်သွားပြန်တယ်"

"ဟင်"

"သူ ပြန်လာတော့ ... ခေါ်သွားတဲ့ ယုန်မလေး ပါမလာပြန်ဘူး"

"ဩော်"

"အဲဒီတော့ တခြားယုန်မလေးသုံးကောင်က ဟိုနှစ်ကောင် ဘယ်မှာကျန်ခဲ့လဲ ... လို့မေးကြတယ်"

www.burmeseclassic.com



''အင်း''

''ယုန်ထီးလေးက ငါ့ကိုနမ်းမှ ပြောမယ် ... တဲ့''

''ဩော်''

''အဲ့လိုနဲ့ပဲ ... ယုန်ထီးလေးက စားရင်းသောက်ရင်း တစ်ကောင်ပြီးတစ်ကောင် ခေါ်ခေါ်သွားတာ ...၊ နောက်ဆုံးတော့ ယုန်မလေးတွေအားလုံး ပျောက်သွားကြတယ်''

''ဟယ် ... အဲဒီ ယုန်မလေးငါးကောင် ဘယ်ရောက်သွားတာလဲ ဟင်''

''ယုန်ထီးလေးက ငါ့ကိုနမ်းမှပြောမယ် ... တဲ့''

''အဲဒီယုန်ထီးလေးကို မေးတာ မဟုတ်ဘူးလေ။ စူးရှကိုမေးတာ''

''အင်းပါ ... ယုန်ထီးလေးက ငါ့ကိုနမ်းမှပြောပါမယ်တဲ့ဆို''

''ဘယ်လို ... ''

''ငါ့ကိုနမ်းမှပြောမယ် ... တဲ့''

''အို''

သူမ သဘောပေါက်သွားသည်။

''ဘယ်လိုလဲ ... ယုန်ထီးလေးစကား နားထောင်မှာလားဟင်''

''အာ ... နှင်နော်''

သူမ ပါးပြင်မို့မို့မှာ နှင်းဆီတွေပွင့်ဖူးလာကြ၏။ သူ့အတွက်တော့ သူမသည် မရိုးအီနိုင်သော သက်ရှိပန်းချီကားတစ်ချပ်သာလျှင် ဖြစ်ပါ၏။

ထိုနေ့က ချစ်သူသည် နီရဲစိုစွတ်သော နှုတ်ခမ်းပါးလုလုလေးနှင့် သူ့ကို အလိုလိုက်ခဲ့လေသည်။

ပြန်တွေးရင်း စိတ်မှာ ကြည်နူးမိသလို၊ သူမ အနားမှာ မရှိသည့် အတွက်လည်း ကြေကွဲမိ၏။





မိုးစက်ကလေးတွေ သူ့အပေါ် တဖွဲဖွဲရွာကျလာသည်။ ဟိုတုန်းကဆို ဒီလိုမိုးဖွဲဖွဲလေး ရွာနေချိန်တွေမှာ ထီးတစ်ချောင်းတည်း အတူဆောင်းပြီး သူတို့ချစ်သူနှစ်ဦး ပျော်ရွှင်စွာ လမ်းတွေလျှောက်ခဲ့ကြသည်။

အခုတော့ ... မိုးရေထဲမှာ သူ တစ်ယောက်တည်း အဖော်မဲ့ အထီးကျန်နေရ၏။ မိုးရွာချိန်တွေတိုင်းမှာ ပျာပျာသလဲ ထီးလေးထုတ်ပေးပြီး သူ့ကိုဆောင်းခိုင်းသော ချစ်သူအား ပြင်းပြင်းပြပြ တမ်းတလွမ်းဆွတ်မိလေသည်။

ဒီအချိန်ဆို သူမ ဘာတွေလုပ်နေမလဲ ...။

သူ့ကိုပဲ သတိရနေမလား ...။

ဝေဒနာတွေနဲ့ပဲ မိန်းမောနေမလား ...။

သေဆုံးရမယ့်အကြောင်းကိုပဲ တွေးပြီး သွေးပျက်ချောက်ချားနေမလား ...။

ဟင့်အင်း ... ဒါတော့ မဖြစ်နိုင်ဘူး ...

သူမကို သူ ယုံကြည်သည်။ သူမသည် အဆိုးဆုံးအခြေအနေကြားထဲမှ အကောင်းဆုံးကို ရှာဖွေ၍ ဆွဲထုတ်ရွေးချယ်နိုင်ပါလိမ့်မည်။

လူငယ်တစ်ဦးအနေနှင့် သူမသည် အသိအမှတ်ပြုရလောက်အောင် ဘက်စုံထူးချွန်သူ ဖြစ်၏။ သစ္စာကတိလည်း တည်ကြည်သည်။

သူတို့နှစ်ဦး ချစ်သူဖြစ်စက သူမကိုသူ သွေးတိုးစမ်းခဲ့ဖူးသည်။ ဤခုံပြာလေးမှာပဲ ဖြစ်ပါ၏။

အဲသည်နေ့က ...

''သဲ ... နင် ငါ့ကို တကယ်ချစ်တာလားဟင်''

''တကယ်မချစ်ဘဲနဲ့ နင့်ကိုငါ ချစ်တယ်လို့ အဖြေပေးပါ့မလား။ စူးရှရယ်။ တကယ်ချစ်လို့သာပဲ ချစ်တယ်လို့ပဲ အဖြေပေးတာပေါ့''

သူမသည် အပိုစကားလည်း မပြောတတ်ပေ။

www.burmeseclassic.com



''နှင် ငါ့အပေါ် သစ္စာရှိမှာလားဟင် သဲ''

''ဘာဖြစ်လို့ မေးတာလဲ''

''တချို့က အချစ်ကို ဘတ်စ်ကားတွေလိုပဲ ဟိုနေရာရောက်ရင် မှတ်တိုင်တစ်ခု၊ ဒီနေရာရောက်ရင် မှတ်တိုင်တစ်ခု ထားကြတယ်လေ။ အဲ့ဒါကြောင့်ပါ''

''မစိုးရိမ်ပါနဲ့ ရှူးရှုရယ်။ ငါ့အတွက်တော့ နှင်ဟာ တစ်ခုတည်းသော မှတ်တိုင်ပါ။ အဲဒီမှတ်တိုင်လေးက ငါ့ကို နားခိုခွင့်ပေးနေသရွေ့ ... အဲဒီမှတ်တိုင်လေးဆီမှာပဲ ငါ နားခိုနေမှာပါ။ အဲဒီမှတ်တိုင်လေးက ငါ့ကို နားခိုခွင့်မပေးတော့ရင်တောင်မှ ငါ့ရင်ထဲမှာ အဲဒီမှတ်တိုင်လေးဟာ အမြဲရှိနေမှာပါဟယ်''

''ဒါဆို နှင် ငါ့အပေါ် သစ္စာရှိမယ်ပေါ့နော်''

''ဒါပေါ့ ရှူးရှုရဲ့''

သူမက ခေါင်းလေးညိတ်လျက် ချစ်စဖွယ်ပြုံး၍ ပြောခဲ့၏။

''သစ္စာဆိုလို့ မေးရဦးမယ်။ သစ္စာလေးပါးကို သိတယ်မို့လားဟင်''

''ဒုက္ခသစ္စာရယ်၊ သမုဒယသစ္စာရယ်၊ နိရောဓသစ္စာရယ်၊ မဂ္ဂသစ္စာရယ်ကို ပြောတာလား''

''အင်း ... ဟုတ်တယ်။ အဲဒီသစ္စာလေးပါးရဲ့ အဓိပ္ပာယ်ကို သဲ သိလား''

''ဒုက္ခသစ္စာဆိုတာက ... ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းသည် ဆင်းရဲခြင်း အစစ်အမှန် ဖြစ်၏ ... တဲ့''

''အင်း''

''သမုဒယသစ္စာက ... လိုချင်တပ်မက်မှု တဏှာသည် ဆင်းရဲခြင်း၏ အကြောင်းရင်း အမှန်ဖြစ်၏ ... တဲ့''





''အင်း''

''နိရောဓသစ္စာက ... ဤတဏှာလုံးဝချုပ်ငြိမ်း၍ ယင်း၏ အကျိုးဆင်းရဲ မဖြစ်ပေါ်ခြင်းသည် ချမ်းသာခြင်း အမှန်ဖြစ်၏ ... တဲ့''

''အင်း''

''မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂင်ရှစ်တန်ဟာ ဆင်းရဲခြင်းမှ လွတ်ငြိမ်းရာကို ရောက်စေနိုင်တဲ့ အကျင့်လမ်းအမှန် ဖြစ်တယ်။ ဆင်းရဲခြင်းကင်းလိုလျှင် မဂ္ဂင်ရှစ်တန်ကို ပွားများအားထုတ်ရမည် ... တဲ့''

မိုးစက်ကလေးတွေသည် အဆက်မပြတ် ရွာသွန်းပက်ဖျန်းနေကြ၏။ ခုံပြာလေးပေါ်မှာ ထိုင်လျက် အတိတ်က အကြောင်းတွေ ပြန်တွေးနေသော ရှူးရှုထက် တစ်ကိုယ်လုံး မိုးရေတွေနှင့် စွတ်စိုရွှဲနစ်နေပါသည်။ သမုဒယသစ္စာ၏ အကျိုးဆက်ဖြစ်သော ဒုက္ခသစ္စာကို သူ ခံစားနေရရှာ၏။

ချစ်သူသည် သူမ ပြောစကားအတိုင်းပင် သူ တစ်ယောက်တည်းကိုသာ စွဲစွဲမြဲမြဲ ချစ်ခဲ့သည်။ သူကလည်း သူမ တစ်ယောက်တည်းကိုသာ တသီးတသန့် မြတ်နိုးတွယ်တာခဲ့သည်။

တီတီတာတာ စကားတွေ သိပ်မပြောဖြစ်ကြသော်ငြားလည်း သူတို့နှစ်ဦး၏ သံယောဇဉ် နက်နဲမှုသည် သံမဏိကြိုးမျှင်ထက်ပင် မြဲတောက်ရ ခက်ခဲလှပါသည်။

မိုးရေထဲမှာ ထိုင်နေသူတစ်ယောက်၏ ရင်ဘတ်ထဲမှာ မီးလျှံတွေ လောင်ကျွမ်းနေ၏။

သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦးကိုမှ ဖူးစာရေးနတ်က ဆန်းကြယ်စွာ ကံဆိုးမိုးမှောင်ကျစေခဲ့လေသည်။

ဒါဟာ ... ဘယ်လို ဝဋ်ကြွေးများပါလိမ့် ... ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

တွန့်ကြေနေသော အိပ်ရာလေးထက်မှာ သဲဝတ်လွှာ နွမ်းဖျော့စွာ လှဲလျောင်းနေချေ၏။

ချစ်သူကို သူမ လွမ်းနေမိလေသည်။ အလွမ်းဆိုတာပူလောင်မှန်း သိပေမယ့် ဆန္ဒက ငြိမ်းသတ်၍ မရဘဲ ဖြစ်နေပါသည်။

အခုအချိန်ဆို သူ ဘာတွေများ လုပ်နေမလဲ ... ။

သူမကိုပဲ တမ်းတနေမလား ... ။

ဆရာသင်တဲ့ စာတွေကိုပဲ စိတ်မပါလက်မပါ လိုက်မှတ်နေမလား။

အခြားလူတွေရဲ့ အခက်အခဲဒုက္ခတွေကိုပဲ ကူညီဆောင်ရွက်ပေးနေမလား ... ။

သေချာတာကတော့ သူလည်း သူမကို လွမ်းနေပါလိမ့်မည်။ နှစ်ဦးသား သိပ်ချစ်ခဲ့ကြသည်ပဲလေ။

သူ အရမ်းခံစားနေရရှာမလား ... ။

အခုအချိန်မှာ သူမ တတ်နိုင်တာဟူ၍ သူ့ကို သတိရခြင်းနှင့် သူ ဖြေသိမ့်နိုင်ပါစေ ... ဟု အဝေးမှ ဆုတောင်းပေးခြင်းသာလျှင် ဖြစ်ပါ၏။

ကြေကွဲဝမ်းနည်းစရာတွေ တွေးနေတာ ကိုယ့်ကိုယ်ကိုယ် ခား





ထက်ထက်နှင့် မွန်းနေသလိုပါပဲ ... ။ ဒါကြောင့် ... ထိုခံစားမှုတွေ ဝင်ရောက်မလာနိုင်အောင် အတိတ်မှ စိတ်ချမ်းသာစရာအကြောင်းတွေသာ ပြန်စဉ်းစားနေလိုက်ပါ၏။

တစ်ခါကပေါ့ ...

ချစ်သူနှင့် သူမသည် မြစ်ဆိပ်တစ်ခုမှာ ထိုင်နေကြ၏။

အဲသည်အချိန် လူနှစ်ဦး မြစ်ကမ်းပါးရောက်လာလေသည်။ တစ်ဦးက သွယ်သွယ်လျလျဖြစ်ပြီး တစ်ဦးကတော့ အလွန်ဝဖြိုးသည်။ နှစ်ဦးစလုံး အသားအရေ နီစပ်စပ်တွေ ဖြစ်၏။

ထိုလူနှစ်ဦးသည် ရေစပ်ဆင်း၍ တစ်ဖက်ကမ်းသို့ကူးရန် လှေငှားပါသည်။

ဤတွင် ပြဿနာပေါ်လာ၏။

''ကျွန်တော့်လှေက အလေးချိန် ပေါင် ၃၀၀ လောက်ပဲ တင်လို့ရတာဗျ။ ခင်ဗျားတို့ကို လိုက်ပို့လို့ မဖြစ်ဘူး။ ဒီလူက တော်တော်ဝနေတယ်''

လှေသမားက ဝဖြိုးသူကိုကြည့်ကာ ပြော၏။ ဝဖြိုးသူမှာ မျက်နှာငယ်သွားရှာသည်။

သွယ်လျသူက လေသံဝဲဝဲဖြင့် ...

''လုပ်ပါဗျာ။ ဖြစ်နိုင်ရင် ကူညီပါ။ ကျွန်တော်တို့ အရမ်းအရေးကြီးနေလို့ပါ။ ကျသလောက် ငွေကြေးကို ပေးပါ့မယ်''

လှေသမားက ခေါင်းကို ရမ်းခါသည်။

''ငွေထက် အသက်က ပိုအရေးကြီးတယ်ဗျ။ အကုန် ရေနစ်သေကုန်လိမ့်မယ်''

သွယ်လျသူက ...

''တစ်ယောက်ချင်း လိုက်ပို့ရင်ကော''



www.burmeseclassic.com

www.burmeseclassic.com



"အဲ ..."

လေ့သမား စဉ်းစားသည်။ ပြီး ... ဝဖြိုးသူအား ကြည့်ကာ မေး၏။

"ခင်ဗျား ကိုယ်အလေးချိန် ဘယ်လောက်လဲ"

"ဟိုလေ ... အဲ ..."

ဝဖြိုးသူက တွန့်ဆုတ်စွာဖြင့် ဝဲရှရှ ဖြေသည်။

"နှစ်ရာ့ငါးဆယ်တည်းပါ။ အဟဲ ..."

"ဟင်း ..."

လေ့သမား သက်ပြင်းချ၏။ ပြီးနောက် ... ခေါင်းကိုခါမြဲအတိုင်းပဲ ခါကာ ...

"မဖြစ်ပါဘူးဗျာ။ ကျွန်တော့် ကိုယ်အလေးချိန်ကတင် ၁၃၅ ပေါင် ရှိတယ်။ သူက ၂၅၀ ဆိုတော့ ပေါင်းလိုက်ရင် ၃၀၀ ကျော်နေပြီ။ ဒါကြောင့် တစ်ယောက်ချင်း လိုက်ပို့လို့လည်း မဖြစ်ဘူး"

"ဟူး ... ဘယ်လိုလုပ်ရပါ့မလဲ ..."

"အရေးကြီးပါတယ်ဆိုမှကွာ ..."

ဝဖြိုးသူနှင့် သွယ်လျသူ စိတ်ညစ်နေကြ၏။

"အဲ့ဒါကြောင့် မင်းကို အစားတွေ နင်းကန်မစားပါနဲ့လို့ပြောတာ"

"ဘာဆိုင်လို့လဲ"

"အခု ပြဿနာက မင်းဝလို့ ဖြစ်နေတာလေ"

"ငါ့ဟာငါ ဝတာ ဘာဖြစ်လဲကွာ ... ဘာဖြစ်လဲ ..."

နှစ်ယောက်သား စကားတွေ များကြ၏။

သူတို့ပုံစံကြည့်ရတာ တော်တော်အလျင်လိုနေပုံရပါသည်။ ကမ်းစပ်မှာလည်း အခုလောလောဆယ် ထိုလှေငယ်တစ်စီးသာရှိ၏။





အဲသည်လူတွေ ပြောဆိုနေသမျှကို မလှမ်းမကမ်းရှိ သူတို့ချစ်သူနှစ်ဦး မြင်နေကြားနေရသည်။

ဒါ့ကြောင့် ...

"သဲ ... ငါတို့ သူတို့ဆီ သွားရအောင်"

"သွားမယ်လေ"

ထိုနေရာသို့ သူတို့ချစ်သူနှစ်ဦး ရောက်ရှိသွားကြလေသည်။

စူးရှက ဝဖြိုးသူကို ကြည့်ကာ ...

"အစ်ကို လှေလှော်တတ်လားခင်ဗျ"

"လှော်တတ်တာပေါ့။ အင်းသားပဲ။ ဒီလှေလောက်ကတော့ ခြေထောက်နဲ့လှော်ပြီး လှေပေါ်မှာ ရိုးရာအက ကပြလို့တောင် ရသေးတယ်"

အလဲ့ ... အဲဒီလိုကို ပြောပစ်ိုက်တာ။

စူးရှကပြုံး၍ ...

"ဟုတ်ပါပြီဗျာ။ ဒါနဲ့ ... ဒီက အစ်ကိုကော လှေလှော်တတ်လား"

သွယ်လျသူက ...

"လှော်တတ်ပါတယ်။ ကျွန်တော်လည်း အင်းသားပဲ။ ဒါပေမယ့် သူ့လိုတော့ ခြေထောက်နဲ့ မလှော်တတ်ဘူးပေါ့"

"အင်းပါ ... လှော်တတ်ရင် ပြီးတာပါပဲ။ အစ်ကိုက ဘယ်နှပေါင်ရှိလို့လဲ"

သွယ်လျသူက သူ့ပေါင်တံတွေကို ငုံ့ကိုင်း၍ကြည့်ကာ ဖြေသည်။

"နှစ်ပေါင်စလုံး ရှိပါတယ်"

"ဟင်"

"ခြေထောက်နဲ့ လှေမလှော်တတ်တာက အရေးအကျင့်မရှိ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ''

''အဲ ...''

ထင်ရာတွေ စွတ်ပြောနေရာ သူမပင် ကြောင်အမ်းအမ်းဖြစ်သွားမိ၏။ စူးရှက ...

''အဲဒီပေါင်ကို မေးတာ မဟုတ်ဘူးလေ။ အစ်ကို့ရဲ့ကိုယ်အလေးချိန် ဘယ်နှပေါင်ရှိလဲလို့ မေးတာ''

''ဪ ...''

ဒီတော့မှ သွယ်လျသူ သဘောပေါက်သွားပြီး ...

''တစ်ရာ့နှစ်ဆယ်ပါ''

''အင်း ... ဒါဆို အဆင်ပြေပြီ''

လှေသမားက ...

''ဘာအဆင်ပြေတာလဲ''

စူးရှက ...

''အစ်ကို သူတို့နှစ်ယောက်ကို ဟိုဘက်ကမ်း လိုက်ပို့ပေးလိုက်ပါ''

''ဟာ ... ဘယ်ဖြစ်မလဲ။ လှေမြုပ်သွားမှာပေါ့။ မဖြစ်ဘူး မဖြစ်ဘူး''

လှေသမားက အကြောက်အကန် ငြင်းသည်။ စူးရှက ...

''မမြုပ်ပါဘူးဗျာ။ ကျွန်တော် ပြောတဲ့အတိုင်းသာ လုပ်ပါ''

''ဘယ်လိုမျိုးလဲ။ ပြောကြည့်ပါဦး''

''ပထမဆုံး ပေါင် ၁၂၀ ရှိတဲ့ လူကို လှေပေါ်တင်ပြီး ဟိုဘက်ကမ်းကို အစ်ကိုလှော်သွားလိုက်။ ပေါင် ၂၅၀ ရှိတဲ့လူကို ဒီဘက်ကမ်းမှာ ထားခဲ့လိုက်''

''အင်း ...''





''ဟိုဘက်ကမ်းရောက်ရင် ပေါင် ၁၂၀ ရှိတဲ့လူကို ထားခဲ့ပြီး အစ်ကိုက လှေနဲ့ ဒီဘက်ပြန်လာခဲ့''

''အင်း ...''

''ပြီးရင် ပေါင် ၂၅၀ ရှိတဲ့လူကို လှေပေးပြီး ဟိုဘက်ကမ်းလှော်လိုက်''

''ဟင် ... အဲ့ဒါဆို ငါ့လှေဆုံးမှာပေါ့''

လှေသမား မျက်မှောင်ကြုတ်သွားသည်။ စူးရှက ...

''မဆုံးပါဘူးဗျာ။ ပိုသေချာချင်ရင် သူတို့ဆီက ပစ္စည်းတစ်ခုယူထားလိုက်ပေါ့''

''ပစ္စည်းယူထားပြီး လှေကို ငှားလိုက်ရမှာလား''

''မဟုတ်ပါဘူး။ ပေါင် ၂၅၀ ရှိတဲ့လူက ဟိုဘက်ကမ်းရောက်ရင် ပေါင် ၁၂၀ ရှိတဲ့လူကို လှေပေးလိုက်။ အဲဒီလူက ဒီဘက်ကမ်းပြန်လာပြီး အစ်ကို့ကိုခေါ်။ ပြီးတော့ အစ်ကိုတို့နှစ်ယောက် ဟိုဘက်ကမ်းသွားလိုက်ပေါ့။ အဲ့ဒါဆို သူတို့နှစ်ယောက်လည်း ဟိုဘက်ကမ်း ရောက်ပြီ။ အစ်ကိုလည်း လှေပြန်ရမယ်လေ''

''အေး ... ဟုတ်သားကွ''

''အဲဒီအစီအစဉ်ကောင်းတယ်''

''အဲဒီအတိုင်းပဲ လုပ်မယ်''

သုံးယောက်စလုံး သဘောတူကျေနပ်ကြ၏။ ထိုနည်းအတိုင်းပင် ဆောင်ရွက်ပြုလုပ်လေသည်။

မြစ်အကူး၌ ...

လှေသမားနှင့် သွယ်လျသူက လှော်တက်အား လက်နှင့်အသုံးပြု၍ လှေကို ရှိုးရှိုးတမ်းတမ်းပင် လှော်ခတ်ကြသည်။

ဝဖြိုးသူကတော့ အဲဒီလိုမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



လေကို ခြေထောက်နှင့်လော့်ပြီး ရိုးရာသီချင်းတစ်ပုဒ်ကို ဆိုညည်းကာ လေပေါ်မှာတင် လက်ချိုးခြေချိုး၍ အစွမ်းပြကခုန်လိုက်သေးသည်။

အဲသည်လူကို ကြည့်ကာ သူတို့ချစ်သူနှစ်ဦး ပြုံးပျော်ရယ်မောခဲ့ကြဖူးပါ၏။

အခက်အခဲရှိနေသူတွေကို ကူညီရတာ မွေ့လျော်ဖွယ်ပင်ဖြစ်သည်။ မိမိကူညီသူ အဆင်ပြေသွားလျှင် ရရှိသော ပီတိသည် ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းလှပါသည်။

လူတွေကို ကူညီချင်စိတ် ထက်သန်သော သူတို့ချစ်သူနှစ်ဦး တစ်ခါတော့ လွဲချော်ခဲ့ဖူးလေသည်။

အဲသည်နေ့က ...

မိုးတွေ တဖွဲဖွဲရွာနေသည်။ မိုးသည်းထဲမှာ ထီးတစ်ချောင်းကို အတူဆောင်း၍ လျှောက်လာသော သူတို့ချစ်သူနှစ်ဦးသည် ကားမှတ်တိုင်တစ်ခုအရောက်တွင် အမယ်အိုတစ်ဦးအား တွေ့သည်။

ထိုအမယ်အိုသည် မတ်တတ်ရပ်လျက် ကားလမ်းတစ်ဘက်ကို ငေးနေ၏။ ချီတုံချတုံလည်းဖြစ်နေဟန်ရှိသည်။ လက်ထဲကြည့်တော့လည်း ထီးမပါချေ။

သူတို့ ချစ်သူနှစ်ဦးသည် ထိုအမယ်အိုထံသွားကာ ...

''အဘွား ... ကားလမ်းကူးမလို့လား။ သမီးတို့ လိုက်ပို့ပေးမယ်လေ''

''အို ... နေ ... နေ ... ''

အမယ်အိုက ငြင်းသည်။

''အားမနာပါနဲ့ အဘွားရဲ့။ မိုးတွေရွာနေတာ။ အဘွားတစ်ယောက်တည်း ကူးရင် အန္တရာယ်များတယ်''

''ဟုတ်တယ် အဘွားရဲ့။ ကားတွေကလည်း ရှုပ်နေတာ။ သမီး





တို့ လိုက်ပို့ပေးပါမယ် ... လာ ... လာ ... ''

အမယ်အိုကို ထီးဆောင်းပေးပြီး သူတို့နှစ်ယောက် တစ်ဘက်တစ်ချက်မှတွဲကာ ကားလမ်းကူးလာခဲ့၏။ အမယ်အိုက တုန်တုန်ချိချိနှင့်ပါလာသည်။

တစ်ဘက်လမ်းပေါ် အရောက်တွင် ...

''အဘွားက ဘယ်သွားမှာလဲ ... ''

''အဘွား သွားမယ့်နေရာ ပြောလေ။ ကျွန်တော်တို့ အရောက်လိုက်ပို့ပေးမယ်''

ထိုအခါ အမယ်အိုက ကတုန်ကယင်နှင့် ...

''အဘွားကို ခုနက နေရာပဲ ပြန်လိုက်ပို့ပေးပါကွယ်။ အဘွားမြေးလေး ကျောင်းအပြန်ကို အဘွား စောင့်နေတာပါ။ လူလေးတို့ အတင်းခေါ်လို့သာ ဘုမသိဘမသိနဲ့ လိုက်လာရတာ။ အခု ဟိုဘက်ကို အဘွားတစ်ယောက်တည်း ပြန်မကူးတတ်တော့ဘူးကွဲ့''

''အဲ ... ''

လွဲပုံက အဲဒီလို ဖြစ်သည်။

ထိုစဉ်တုန်းက အမယ်အိုကို ကားလမ်းတစ်ဘက်ရှိ မှတ်တိုင်အမိုးအောက်သို့ ပြန်ပို့ပေးပြီးနောက် ... မိုးရေတွေ စိုနေသော သူတို့ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်ကာ လွတ်လပ်စွာ ရယ်မောဖြစ်ခဲ့ကြလေသည်။

အချို့သော ကိစ္စရပ်တွေမှာ ကိုယ်က စေတနာနှင့်ကူညီတာဖြစ်ပေမယ့် တစ်ဘက်မှာ ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုမျိုး ဖြစ်သွားတတ်၏။

လူမှန်လျှင်တော့ မည်သူမှ အမှားနှင့်မကင်းနိုင်ကြပေ။

အမှားမှန်းသိတာနှင့် ပြင်ဆင်၍ နောက်တစ်ခါ ထပ်မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင်သာ ဆင်ခြင်ဖို့ အရေးကြီးလေသည်။

လောကမှာ ...

ကိုယ်က ပြင်ဆင်ချင်ပါလျက်နှင့် ပြင်ဆင်ခွင့်မရသော အမှားတွေ၊ ပြင်ဆင်ဖို့ အချိန်မမီတော့သော အမှားတွေ ရှိနေသည့်အချက်က ...

တော်တော်ပဲ ခါးသီးစက်ဆုပ်ဖွယ် ကောင်းလှချေ၏။





''သမီးရေ ... ဒီမှာ သမီးသူငယ်ချင်းတွေ လာတယ်''

ညင်သာသော တံခါးခေါက်သံ၏နောက်တွင် မိခင်ဖြစ်သူ၏အသံကို ကြားရသည်။ ထို့နောက် ... တံခါးပွင့်သွားပြီး အခန်းထဲသို့ မိခင်ဖြစ်သူနှင့်အတူ ဝင်လာသော ဝေမာနှင့်သန္တာအား မြင်ရ၏။

''သမီးတို့ အေးအေးဆေးဆေး နေကြဦးနော်''

''ဟုတ်ကဲ့ အန်တီ''

မိခင်ဖြစ်သူက သူမကို ကရုဏာမျက်ဝန်းတွေနှင့် နွေးထွေးစွာ ကြည့်သည်။ ပြီးနောက် ... တိတ်တဆိတ် သက်ပြင်းချ၍ အခန်းအပြင် ပြန်ထွက်သွားလေသည်။

''ဝတ်လွှာ ... နင် သက်သာရဲ့လား''

ဝေမာ၏မေးခွန်းကြောင့် သူမ ခပ်ယဲ့ယဲ့ပြုံးမိ၏။

''သက်သာရဲ့လားဆိုတဲ့ မေးခွန်းက ကျန်းမာရေးချို့ချာရာကနေ ရောဂါပျောက်ကင်းပြီး ပြန်ကောင်းလာနိုင်ချေရှိတဲ့ လူမမာတွေအတွက်သာ သင့်တော်ပါတယ်ဟာ။ မျှော်လင့်ချက်မရှိတော့တာ သေချာနေတဲ့ ငါလိုလူမျိုးနဲ့ မထိုက်တန်ပါဘူး''

သူမသည် သေမင်းထံမှ ခန့်မှန်းချေ ရက်ချိန်းရရှိထားသူတစ်ဦးသာ မဟုတ်လား ...။

www.burmeseclassic.com



"အခု နင်တို့ ငါ့ဆီလာတာဟာလည်း လူမမာလာမေးတယ်ဆိုတာထက် ... သေဆုံးခါနီးလူတစ်ယောက်ကို မသေခင် လာကြည့်ကြတဲ့ သဘောပါပဲလေ ..."

ဝေမာနှင့်သန္တာ တုံ့ပြန်စကားမဆိုဘဲ မျက်နှာလေးတွေ အောက်ငုံ့ထားကြ၏။

"ဘာပဲဖြစ်ဖြစ် ငါ့ဆီကို နင်တို့ သတိတရ လာတဲ့အတွက် ကျေးဇူးတင်ပါတယ်ဟာ။ ငါက အပြင်မထွက်နိုင်တော့ ... နင်တို့လာမှပဲ တွေ့ရမှာလေ ...။ နင်တို့အားလုံး အဆင်ပြေတယ်မို့လား ..."

"ပြေပါတယ် ..."

"ကျောင်းမှာကော ဘာတွေ ထူးခြားသေးလဲဟင်"

"ဘာမှမထူးခြားပါဘူးဟာ။ ပုံမှန်ပါပဲ"

ဝမ်းနည်းသံစွက်နေသော အသံတွေနှင့် လေးတွဲ့စွာ ဖြေကြ၏။

"စူးရှကော ဘာတွေလုပ်နေလဲ။ သူ ကျောင်းကော မှန်မှန်တက်ရဲ့လားဟင်"

သန္တာက ...

"ဒီရက်ပိုင်း စူးရှကို ငါ မမြင်မိဘူး။ သူ ကျောင်းမလာဘူးထင်တယ်"

ဝေမာက ...

"အရင်တစ်နေ့ကတော့ သူ့ကိုငါ ပန်းရုံသမားတွေကြားထဲမှာ ပန်းရုံဝင်လုပ်နေတာ တွေ့လိုက်တယ်"

"ဘယ်လို ... ပန်းရုံဝင်လုပ်နေတာ ... ဟုတ်လား ..."

သူမ အံ့သြစွာ ရေရွတ်မိ၏။ ဝေမာက ခေါင်းညိတ်ကာ ...

"ဟုတ်တယ်။ သူ့ကိုငါ မေးကြည့်တော့ ... ပန်းရုံဆရာတစ်ယောက် အလုပ်လုပ်ရင်း လက်ထိသွားလို့ အဲဒီလူနေရာ ခဏ ဝင်ကူပေး





နေတာ ... တဲ့"

"ဪ ..."

သူမစိတ်ထဲ တစ်မျိုးတစ်မည် ဖြစ်သွားသည်။

သန့်ပြန့်ကြည်လင်၍ နူးညံ့သော အသွင်သဏ္ဌာန်ရှိသည့်ချစ်သူသည် အရပ်ဒေသမရွေး လူတွေကို အကူအညီပေးနေပုံပေါ်၏။

ဒါဟာ ... ကူညီချင်စိတ်သက်သက်နဲ့ ကူညီနေတာလား။

ဒါမှမဟုတ် ...

အာရုံလွှဲပြောင်းသည့် အနေနှင့်ပဲ ကူညီနေတာလား။

ထိုအဖြေကို သူမ သိချင်စိတ် ဖြစ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ပေါက်ပြားတစ်လက်နှင့် စူးရှထက် မြေပြင်အား တူးဆွနေချေ၏။

သူ တူးဆွနေသည့် မြေနေရာကား ...

အေးချမ်းဆိတ်ငြိမ်ရာ အရပ်ဟူ၍ အဓိပ္ပာယ် ဖွင့်ဆို၍ ရသကဲ့သို့၊ တုန်လှုပ်ချောက်ချားဖွယ်ရာ ဒေသဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆို၍ ရသည့် ...

လူသေတို့၏ သင်္ချိုင်းမြေ ဖြစ်လေသည်။

ချွေးပြိုက်ပြိုက် ကျသည်အထိ အားခွန်စိုက်၍ တူးဆွနေသော စူးရှထက်ရှိရာသို့ ဘီလူးတစ်ကောင်ပမာ ထွားကျိုင်းသော သုဘရာဇာကြီး ရောက်လာသည်။

ပြီး ... ကရုဏာမျက်လုံးတွေဖြင့် စူးရှထက်ကိုကြည့်ကာ ...

''ကောင်လေးရာ ... မင်းကိုကြည့်ရတာ ပင်ပန်းလိုက်တာကွာ။ ငါ ကူလုပ်ပေးမယ်လေ''

စူးရှထက်က ခေါင်းကိုခါ၍ ...

''နေပါစေ ဦးလေးရယ်။ ကျွန်တော့်ဘာသာ ကျွန်တော်ပဲလုပ်ပါ့မယ်''





''ဘာလဲကွ ... မင်းက ငါ့ကို အားနာနေတာလား''

''မဟုတ်ပါဘူးဗျာ။ ကျွန်တော့်ချစ်သူ နေဖို့နေရာကို ကျွန်တော် ကိုယ်တိုင် အစအဆုံး လုပ်ပေးချင်လို့ပါ''

သုဘရာဇာကြီး သက်ပြင်းချ၏။ သူ့သက်တမ်းတစ်လျှောက်မှာ ဒီလိုဖြစ်စဉ်မျိုး ဒီတစ်ခါသာ ကြုံဖူးသည်။

ဒီကောင်လေးသည် အရင်တစ်နေ့က သူ့ထံရောက်လာပြီး သူ့ချစ်သူ သေဆုံးလျှင် မြှုပ်နှံဖို့ ကြိုတင်ဝယ်ယူထားသော မြေနေရာမှာ သူ့ချစ်သူအတွက် ကိုယ်တိုင်ကိုယ်ကျ အုတ်ဂူပြုလုပ်ပေးထားချင်ကြောင်း ပြော၏။

အခု ...

သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



''လူတွေသေရင် ဘယ်လို သင်္ဂြိုဟ်ကြလဲဟင်။ ကျွန်တော့်ကို ပြောပြပါလား''

မိုးရွာချိန် ဇရပ်ပျက်ထဲဝင်၍ နားခိုခိုက် စူးရှထက်က မေး၏။ ထိုအခါ သုဘရာဇာကြီးက ...

''သင်္ဂြိုဟ်တယ်ဆိုတာမှာ ... အဂ္ဂိဈာပနာဆိုတဲ့ မီးရှို့၍သင်္ဂြိုဟ်ခြင်း၊ ဘူမိဈာပနာဆိုတဲ့ မြေ၌မြှုပ်၍သင်္ဂြိုဟ်ခြင်း၊ ဥဒက ဈာပနာဆိုတဲ့ ရေ၌မျှော၍ သင်္ဂြိုဟ်ခြင်း ... ဆိုပြီး သုံးမျိုးရှိတယ်ကွ''

''ဩော်''

''အဲဒီသုံးမျိုးမှာ ... ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာ၊ ကြောမင်း၊ သီလဝန္တ ပုထုဇဉ်ရဟန်းတို့ရဲ့ ရုပ်အလောင်းကို မီးရှို့ပြီး သင်္ဂြိုဟ်လေ့ရှိကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ... မြေမှာ မြှုပ်ရင် မိုးခေါင်တတ်ပြီး၊ ရေမှာမျှောရင် ရေကြီးတတ်တယ်လို့ အယူရှိကြလို့ပဲ''

''ဟုတ်ကဲ့''

''အခြားလူတွေရဲ့ ရုပ်အလောင်းကိုတော့ သုံးမျိုးစလုံး သင့်တော်သလို၊ အဆင်ပြေသလို၊ နှစ်သက်သလို သင်္ဂြိုဟ်နိုင်တယ်။ အုတ်ဂူသွင်းပြီး သင်္ဂြိုဟ်တယ်ဆိုတာဟာလည်း မြေမှာမြှုပ်ပြီး သင်္ဂြိုဟ်တာနဲ့ အတူတူပဲ။ ရဟန်းသံဃာတွေရဲ့ ရုပ်အလောင်းကို အုတ်ဂူသွင်းပြီး သင်္ဂြိုဟ်





တာက ... စေတီပုထိုးတည်သလိုမျိုး အများကိုးကွယ်နိုင်ဖို့အတွက်ပေါ့''

''ဩော်''.

''လူတွေ သေဆုံးရင် မျိုးရိုးဇာတိနဲ့ အယူဝါဒနဲ့ အရပ်ဒေသအလိုက် အမျိုးမျိုးပြုလုပ်ကြတယ်။ တစ်ဦးနဲ့တစ်ဦး မတူကြဘူး''

''ဟုတ်ကဲ့''

''မြို့ပြင်ရွာပြင်မှာ သေတဲ့လူကို မြို့တွင်းရွာတွင်းယူပြီး မသင်္ဂြိုဟ်ရဘူးလို့ အယူရှိတယ်။ သင်္ဂြိုဟ်မိရင် အဲဒီမြို့ရွာမှာ အနာရောဂါနှိပ်စက်တတ်တယ်၊ ကြိမ်ဖန်များစွာ မီးလောင်တတ်တယ်လို့ အဆိုရှိတယ်''

''ဟုတ်ကဲ့''

''ဒါ့အပြင် ... တစ်အိမ်ထဲမှာ လူနှစ်ယောက် ရောဂါအသည်းအသန်ဖြစ်ပြီး တစ်ယောက်သေသွားရင် သေတဲ့လူကို ညဉ့်မသိပ်ရဘူး။ အကူ မခံရဘူး။ ဆွမ်း မကျွေးရဘူး။ မီးရှို့သင်္ဂြိုဟ်ရတယ်''

''ဩော်''

''အသက် ၂၀ မပြည့်သေးသူသေရင် သေတဲ့လူကို ညဉ့်မသိပ်ရဘူး။ အကူမခံရဘူး။ ဆွမ်းမကျွေးရဘူး။ မီးရှို့ပြီးတော့လည်း မသင်္ဂြိုဟ်ရဘူး။ မြေမြှုပ်ပြီးတော့သာ သင်္ဂြိုဟ်ရတယ်''

''ဩော်''

''တစ်အိမ်ထဲနေသူတွေမှာ ကိုယ်ဝန်ရှိသူသေရင် သေတဲ့လူကို ညဉ့်မသိပ်ရဘူး။ အကူမခံရဘူး။ ဆွမ်းမကျွေးရဘူး''

''ဟုတ်ကဲ့''

''တစ်ရွာထဲ တစ်အိမ်ထဲမှာ တစ်နေ့တည်း လူနှစ်ယောက်သေရင် နောက်မှသေတဲ့လူကို အရင်ချရတယ်။ အရင်သေတဲ့လူကိုတော့ နောက်မှချရတယ်''



www.burmeseclassic.com

www.burmeseclassic.com



‘‘ဩော်’’

‘‘တစ်စုံတစ်ခုသော လက်နက်နဲ့ လတ်တလောသေတဲ့လူကို အစိမ်းသေလို့ ခေါ်တယ်။ အဲဒီ အစိမ်းသေကိုလည်း ညဥ့်မသိပ်ရဘူး။ အကူမခံရဘူး။ ဆွမ်းမကျွေးရဘူး။ မီးရှို့ပြီးတော့လည်း မသင်္ဂြိုဟ်ရဘူး။ တစ်စုံတစ်ခုသော လက်နက်နဲ့ ထိရှမိပြီး အနာရပေမယ့် နေ့ရက်လ ကြာမှ သေတဲ့လူကိုတော့ အစိမ်းသေလို့ ခေါ်လို့မရဘူး’’

‘‘ဟုတ်ကဲ့’’

‘‘သင်္ကြန်အကျနေ့၊ အကြတ်နေ့၊ အတက်နေ့၊ လကွယ်နေ့၊ လဆန်းတစ်ရက်နေ့၊ လပြည့်နေ့၊ လဆုတ် တစ်ရက်နေ့တွေမှာ သေသူကို နှစ်မကူးစေရဘူး။ လမကူးစေရဘူး။ ရက်မကူးစေရဘူး။ သေတဲ့နေ့မှာပဲ သင်္ဂြိုဟ်ရတယ်’’

‘‘ဩော်’’

သုဘရာဇာကြီးက စကားကို ခဏရပ်၍ နားသေးသည်။ ပြီးမှ ရှေ့သို့ဆက်၏။

‘‘ရှေးအယူအဆအရ ဗုဒ္ဓဝါဒီတွေ သေဆုံးရင် အရင်ဦးဆုံး သီးခြားရေအိုးနဲ့ ရေချိုးပေးရတယ်။ အဲဒီရေအိုးကို ရေလုံအိုးလို့ခေါ်တယ်။ ရေလုံအိုးကို ကျန်ရစ်သူတွေက မသုံးရဘူး။ စွန့်ပစ်ရတယ်’’

‘‘ဟုတ်ကဲ့’’

‘‘သေဆုံးသူရဲ့ ပါးစပ်ထဲကို ငွေတစ်မတ်တန်သည်၊ ငါးမူးတန်သည် ကူးတို့ခအဖြစ် ထည့်ပေးရတယ်။ ပြီးရင် အလောင်းပြင်ရတယ်။ ပြင်တဲ့အခါ ခေါင်းလျှောက်အလိုက် ထားရတယ်။ မထားရင် လျှောက်ပြတ်လို့ခေါ်တယ်။ လျှောက်ပြတ်မထားကောင်းဘူး’’

‘‘ဟုတ်ကဲ့’’

‘‘အလောင်းကို ခြေမနှစ်ခုပူး၊ လက်နှစ်ဖက် ဗိုက်ပေါ်တင် လက်မ





နှစ်ခုပူးပြီး ကြိုးချည်ရတယ်။ အလောင်းရဲ့ခေါင်းရင်းဘက်မှာ စားပွဲငယ် တစ်ခုနဲ့ ဘုရားပန်းအိုး ထားရတယ်’’

‘‘ဩော်’’

‘‘အခေါင်းသွင်းတဲ့အခါ ခြေမကြိုး လက်မကြိုးတွေကို ဖြတ်ရဘယ်။ ရုပ်အလောင်းကို အသုဘ မချခင် အရပ်ထဲမှာထားရင် နှစ်ရက်တို့ လေးရက်တို့ ‘စုံ’ ရက်မထားကောင်းဘူး။ သုံးရက်ဖြစ်ဖြစ် ငါးရက်ဖြစ်ဖြစ် ‘မ’ ရက်ပဲ ထားရတယ်’’

‘‘ဟုတ်ကဲ့’’

‘‘ရုပ်အလောင်းကိုချတဲ့အခါ ခြေထောက်ဘက်က ရှေ့ထားပြီး ချရတယ်။ တကယ်လို့ ခေါင်းဘက်က ရှေ့ထားချမိရင် မြို့ရွာကို ခြေကန် နေတဲ့အတွက် မြို့ရွာနာတယ်လို့ အယူရှိကြတယ်’’

‘‘ဟုတ်ကဲ့’’

‘‘ရုပ်အလောင်းကို ချမယ့်နေရာမှာ ဝါးနဲ့ထုတ်ငှား လျှောက် ငှား ချည်ထားရတယ်။ ဝါးကို လှေကားသုံးထစ် ယာယီလုပ်ပြီးချမယ့် လှေကားပေါ်မှာ ထားရတယ်။ ချတဲ့အခါ ထုတ်ငှား လျှောက်ငှားကို ဖြတ်ပြီး ယာယီလှေကားသုံးထစ်နဲ့အတူ ဖြုတ်ထည့်လိုက်ရတယ်။ အဲဒီ လိုလုပ်တာက ‘သင့်မှာအိမ်မရှိ၊ တက်ရန်လှေကားမရှိ၊ မလာနဲ့လို့’ ဆိုလို တဲ့သဘောပဲ’’

‘‘ဩော်’’

‘‘သုသာန်ကိုသွားတဲ့အခါ ဆန်ပန်းပေါက်ပေါက် စားမြိန်တထုပ် ကို ခေါင်းပေါ်တင်လိုက်ရတယ်။ ဆန်ပန်းပေါက်ပေါက်က သုသာန်ကို ရောက်ရင် သင်္ဂြိုဟ်မယ့်နေရာမှာ ကြဲပြီး မြေတောင်းဖို့။ စားမြိန်တထုပ်က သေဆုံးသူ စားဖို့’’

‘‘ဩော်’’



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ ... သရဏဂုံတင်၊ ရေစက်ချ၊ သေဆုံးသူရဲ့အမည်ကိုခေါ်ပြီး အမျှအတမ်းပေးဝေ။ သင်္ဂြိုဟ်နည်းသုံးမျိုးထဲက သင့်ရာတော်ရာနည်းနဲ့သင်္ဂြိုဟ်ပေါ့။ ဆွမ်းသွတ်တာကတော့ သေဆုံးပြီး သက်ပျောက်ဆွမ်းသွတ်တစ်ကြိမ်၊ ခုနစ်ရက်လည်တဲ့အခါ ရက်လည်ဆွမ်းသွတ်တစ်ကြိမ်၊ နှစ်ကြိမ် လုပ်လေ့ရှိကြတယ်။ ကျန်တာကတော့ ကိုယ်ဆန္ဒရှိသလို ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးကြတာပေါ့လေ"

စကားသံတွေ တိတ်သွားသောအခါ မိုးသံတဖျောက်ဖျောက်က ပိုမိုကျယ်လောင်လာသယောင် ထင်ရ၏။

မိုးသည် နွေကို တွန်းလှန်၍ ရာသီခွင်ကို ဝင်ရောက်အုပ်စိုးသည်။ မကြာမီကာလတွင် မိုးကို ဖယ်ရှားကာ သူ့နေရာမှာ ဆောင်းအသစ်ရောက်ရှိလာပေဦးမည်။

အပြောင်းအလဲတွေနှင့် တည်ဆောက်လျက်ရှိသော အကြီးစားယန္တရားမှာ 'လောက' ဟူ၍ အမည်ရပါသည်။





## အခန်း (၁၁)

"စူးရှ ... နင် အခုတလော ကျောင်းပုံမှန် မတက်ဘူးဆို"

သဲဝတ်လွှာက စူးရှထက် မျက်နှာကို တည့်တည့်ကြည့်၍ မေး၏။ ထိုအခါ စူးရှထက်က ဟက်ခနဲရယ်ကာ ...

"ငါ အခုတလော ကျောင်းပုံမှန် မတက်ဖြစ်တာလူတစ်ယောက်ရဲ့ အခက်အခဲတစ်ခုကို ကူညီနေလို့ပါဟာ။ တခြားကြောင့် မဟုတ်ပါဘူး"

သဲဝတ်လွှာက ...

"သူတစ်ပါး အခက်အခဲကို ကူညီတာ ကောင်းပါတယ်ဟာ။ ဒါပေမယ့် တစ်ဖက်လူကို ကူညီရင်း ကိုယ့်မှာ ထိခိုက်နစ်နာမှု မရှိအောင်တော့ ဂရုစိုက်ပေါ့။ ငါတို့ငယ်ငယ်တုန်းက ဆရာမ ဆုံးမသလိုပဲပေါ့ဟာ"

"အေးပါဟာ ... ငါသဘောပေါက်ပါတယ်။ ငါ့အတွက် မပူပါနဲ့"

စူးရှထက်က ပေါ့ပေါ့ပါးပါး ပုံစံဖြင့်သာ ပြောနေ၏။ သဲဝတ်လွှာက ပင့်သက်ရှိုက်ကာ ...

"နင့်မှာ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ထိန်းသိမ်းနိုင်တဲ့ အသိတရားမျိုးရှိမှန်း ငါသိပါတယ်။ ဒါပေမယ့် ... ဆန္ဒနဲ့ အသိတရားက အမြဲအားပြိုင်နေတာ။ လူတွေဟာ ဆန္ဒပြင်းထန်လာရင် အသိတရားကို ဥပေက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ပြုပင်တာကြတယ်။ အဲ့ဒါကြောင့်မို့လို့ နင့်ကိုငါ သတိပေးတာပါ''

တုံ့ပြန်စကား မဆိုနိုင်ရှာဘဲ စူးရှထက် ငြိမ်ဝပ်နှုတ်ဆိတ်သွား ချေသည်။

ဒီနေ့ ကျောင်းပိတ်ရက်မှာ သူတို့သူငယ်ချင်းတွေ စုပြီး သဲဝတ်သွာထံ လာကြခြင်း ဖြစ်၏။ သူတို့လာတော့ သဲဝတ်သွာက အိမ်အောက်ဆင်းတွေ့သည်။

ထို့နောက် ... လမ်းလျှောက်ချင်တယ်ဟုဆိုကာ အိမ်ပြင်ထွက်၍ ခြံဝင်းအတွင်းမှာ လမ်းလျှောက်ရင်း စကားပြောနေကြခြင်းဖြစ်သည်။

အတူပါလာသော ဝေမာ၊ သန္တာ၊ အားမာန်နှင့် ရဲခေါင်စိုးတို့ကလည်း စူးရှထက်နှင့် သဲဝတ်သွာ အေးအေးဆေးဆေး စကားပြော၍ ရစေရန်အတွက် လွတ်လပ်မှုကို အလိုက်တသိ ဖန်တီးပေးကြပါ၏။

ထိုစဉ် ...

ဆူဆူညံညံ အသံတွေကြားရသည်။ ခြံရှေ့လမ်းမပေါ်မှ လာသော အသံတွေဖြစ်ပါ၏။

ကြည့်လိုက်တော့ ...

အသက်ဆယ်နှစ်ကျော်ခန့်ရှိမည့် ကောင်လေးနှစ်ယောက် စကားများနေကြတာ ဖြစ်သည်။

''မင်း ငါ့ပိုက်ဆံအိတ်နဲ့ ပိုက်ဆံတွေကို ပြန်လျော်ပေး''

''ဘာလို့ လျော်ပေးရမှာလဲကွ။ မင်းဟာမင်း ပျောက်တာ ငါနဲ့ ဘာဆိုင်လို့လဲ''

''မင်းအိမ်မှာ ထားတာ ပျောက်တာပဲ။ မင်း လျော်ပေးရမှာပေ့ါ။ အိမ်မှာထဲက ပြောချင်နေတာ။ လူကြီးတွေရှေ့မှာမို့လို့နေ့ာ်။ မင်း လျော်ပေးမှာလား ... မလျော်ပေးဘူးလား ... ပြော''

''မလျော်ပေးဘူးကွာ''





''မလျော်ပေးလို့ ရမလားကွ''

ဆွဲလားရမ်းလားတွေ ဖြစ်လာသည်။

သဲဝတ်သွာက ...

''ကလေးတွေ ရန်ဖြစ်ပြီး ထိခိုက်ဒဏ်ရာတွေ ရနေပါဦးမယ်ဟယ်။ သွားဖျန်ဖြေပေးရအောင်'',

သူတို့အားလုံး ထိုကောင်လေးနှစ်ယောက်ဆီ ရောက်သွားကြ၏။

ဖျန်ဖြေစကားပြောပြီး အကျိုးအကြောင်း မေးမြန်းကြည့်သောအခါ ...

''ညတုန်းက ဒီကောင်ခေါ်လို့ သူတို့အိမ် ကျွန်တော် လိုက်အိပ်တာ။ မနက်အိပ်ရာထတော့ ကျွန်တော့်ပိုက်ဆံအိတ်က မရှိတော့ဘူး''

အသားဖြူဖြူကောင်လေးက ပြော၏။ စူးရှထက်က ...

''ညီလေးက ပိုက်ဆံအိတ်ကို ဘယ်မှာထားလို့လဲ''

''အိပ်ရာဘေးက စားပွဲပေါ်မှာ တင်ထားတာ''

သဲဝတ်သွာက ...

''အထားများမှားသလား မောင်လေးရယ်။ သေချာကော ရှာပြီးပြီလား''

''အထားမမှားဘူး အစ်မ။ အိပ်ခါနီးမှ စားပွဲပေါ် သေချာတင်ထားတာ။ ရှာတာလည်း မတွေ့ဘူး။ ဒီကောင် ယူထားတာပဲ ဖြစ်ရမယ်''

အသားဖြူဖြူကောင်လေးက အသားညိုညိုကောင်လေးကို လက်ညှိုးထိုးပြသည်။ အသားညိုညိုကောင်လေးက ...

''ငါ မယူဘူး ဟိတ်ကောင်။ ငါ့ကို လာမစွပ်စွဲနဲ့''

''မင်းမယူလို့ ဘယ်သူယူမလဲကွ''

''အိမ်ကိုဝင်ထွက်နေတဲ့ တခြားလူတွေလည်း ယူနိုင်တာပဲ။ ငါ



www.burmeseclassic.com

www.burmeseclassic.com



တို့က နေမြင့်မှ နိုးတာကို''

ကောင်လေးနှစ်ယောက် ရန်ဆောင်ကြပြန်သည်။

''ကဲ ... ကဲ ... အငြင်းပွားမနေကြနဲ့တော့။ ဒီက ညီလေးရဲ့ ပိုက်ဆံအိတ်က ဘယ်လောက်တန်လဲ။ ပိုက်ဆံကကော ဘယ်လောက်ပါသွားလဲ။ အစ်ကို စိုက်ပေးမယ်''

စူးရှထက်က မေးပြီး ငွေထုတ်ပေးလိုက်လေသည်။ ထိုအခါ အသားဖြူဖြူကောင်လေး ကျေနပ်သွားဟန်ရှိ၏။

သဲဝတ်လွှာက ...

''မောင်လေးတို့ကို ဗဟုသုတအနေနဲ့ အစ်မ တစ်ခု ပြောပြမယ်။ ကိုယ့်ရဲ့သဘောတူညီချက်နဲ့ ကိုယ့်အိမ်မှာ လာရောက်တည်းခိုအိပ်စက်တဲ့ ဧည့်သည်ရဲ့ ပါလာသမျှ ပစ္စည်းဥစ္စာကို အိမ်ရှင်က မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရတယ်။ အကယ်၍ ပျောက်ပျက်ခဲ့ရင် အိမ်ရှင်က စိုက်လျော်ပေးရတယ်''

''ဘာလို့ စိုက်လျော်ပေးရမှာလဲ အစ်မရ။ ကိုယ် မယူဘဲနဲ့တော့ စိုက်မလျော်နိုင်ပါဘူး''

အသားညိုညို ကောင်လေးက ပြော၏။ သဲဝတ်လွှာက ပြုံးကာ

''အစ်မက ဖြတ်ထုံးအရ ပြောတာပါ။ မောင်လေး ယူတယ်လို့ မပြောပါဘူး''

အသားဖြူဖြူ ကောင်လေးက ...

''ဘယ်လို ဖြတ်ထုံးအရ ပြောတာလဲဟင် အစ်မ''

သဲဝတ်လွှာက ...

''တစ်ခါက ငါးကြင်းတစ်ကောင်ဟာ တင်ကျီးရဲ့အိမ်မှာ သောက်စားမူးယစ်ပြီး အိပ်ပျော်သွားတယ်။ အဲဒီအချိန် တင်ကျီးက ငါးကြင်းရဲ့ အမြီးကိုဖြတ်ပြီး သစ်ပင်တစ်ပင်ပေါ်မှာ သွားတင်ထားတယ်။





ငါးကြင်းနိုးလာတော့ အမြီးပျောက်လို့ တင်ကျီးနဲ့ ရန်ဖြစ်တယ်။ နောက်ဆုံး မဟာသမ္မတထံသွားပြီး အဆုံးအဖြတ်ခံယူကြတယ်။ အဲဒီမှာ မဟာသမ္မတက အိမ်ရှင်ကိုယ်တိုင် နှစ်သက်လို့ လက်ခံရင်၊ ဧည့်သည်ရဲ့ ပစ္စည်းဥစ္စာ ကိုယ့်အိမ်မှာ ပျောက်ရှသည်ရှိသော် ... ခိုးသူကိုအပ်စေ၊ မအပ်နိုင်သော် အိမ်ရှင်က လျော်စေလို့ စီရင်တယ်။ အဲဒီ စီရင်ချက်ကြောင့် အိမ်ရှင် တင်ကျီးဟာ သူ့အမြီးကိုဖြတ်ပြီး၊ ဧည့်သည်ငါးကြင်းကို ပေးလျော်လိုက်ရတယ်တဲ့''

''သြော်''

''အဲ့ဒါကြောင့် ကိုယ့်အိမ်လာတည်းတဲ့ ဧည့်သည်ရဲ့ ပစ္စည်းပျောက်ရင် အိမ်ရှင်မှာတာဝန်အရှိဆုံးပဲ''

ကောင်လေးနှစ်ယောက် ငြိမ်လျက်ရှိကြ၏။ သဲဝတ်လွှာက နှစ်ယောက်စလုံးကို ခါးကြည့်ကာ ...

''မောင်လေးတို့နှစ်ယောက်က သူငယ်ချင်းတွေ မဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျ''

ကောင်လေးနှစ်ယောက် ညီတူညာတူ ဖြေကြသည်။

သဲဝတ်လွှာက ...

''သူငယ်ချင်းဆိုတာ ... အချင်းချင်း သင့်မြတ်ရတယ်။ ရန်မဖြစ်ရဘူး။ တစ်ဦးနဲ့တစ်ဦး အနစ်နာခံရတယ်။ တစ်ဦးအပေါ်တစ်ဦး စိတ်ထားဖြူစင်ရတယ်။ တစ်ဦးအခက်အခဲကို တစ်ဦး ကူညီရတယ်။ အဲဒီလိုမျိုး လူတစ်ယောက်အပေါ် ကိုယ်က သဘောမထားနိုင်ဘူးဆိုရင် ... အဲဒီလူကို သူငယ်ချင်းအဖြစ် မပေါင်းတာ အကောင်းဆုံးပဲ''

ကောင်လေးနှစ်ယောက်တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၏။ သဲဝတ်လွှာက သူမစကားကို ဆက်သည်။

''ပြဿနာတစ်ခုကို ဖြေရှင်းတဲ့နေရာမှာလည်း ... ရန်မလိုရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ လောဘမကြီးရဘူး၊ ကိုယ်ထင်တာတစ်ခုတည်းကိုပဲ တစ်ဖက်စောင်းနင်း မတွေးရဘူး။ ဖြစ်နိုင်ချေရှိတာ အားလုံးကို မျှစဉ်းစားပြီး အဖြေရှာရတယ်''

သူမ မှာကြားချင်တာတွေ မှာပြီးသောအခါ သဲဝတ်လွှာက

''ကဲ ... မောင်လေးတို့ ဘယ်သွားကြမလို့လဲ၊ သွားလေ''

''ကောင်းကောင်းသွားကြနော်။ ရန်ဖြစ်မနေကြနဲ့ဦး''

ဗူးရှထက်ကလည်း အပြုံးနှင့်ပြောသည်။

ကောင်လေးနှစ်ယောက်က ဗူးရှထက်နှင့် သဲဝတ်လွှာကို မျက်လုံးပြူးပြူးလေးတွေနှင့် အတော်ကြာ မော့ကြည့်သည်၊ ထို့နောက် ... ခေါင်းငုံ့၍ ခပ်ရှိုရှို ထွက်ခွာသွားကြလေလည်း။

ဝေမာက ကောင်လေးနှစ်ယောက် ကျောပြင်ကိုငေးကာ ...

''ဟယ် ... ဒီကောင်လေးနှစ်ယောက်ကလည်း ကျေးဇူးတင်စကားလေး ဘာလေးတောင် ပြောမသွားဘူးတော်။ တုံးတိကြီး ထွက်သွားတယ်''

သန္တာက ...

''နင်ကလည်းဟယ် ... ကလေးတွေပဲ''

''အဲဒီကလေးက ပိုက်ဆံကျတော့ ယူတတ်တယ်နော်''

''အေးလေ ... ကျေးဇူးတင်စကားလေးတော့ ပြောသင့်တာပေါ့။ အခုတော့ ဘာမှမပြောဘဲ ဒီအတိုင်း ထွက်သွားတယ်''

''ကလေးပါးဝတယ်ဆိုတာ အဲ့ဒါမျိုးပေါ့''

ရဲခေါင်စိုးနှင့် အားမာန်ကပါ ကောင်လေးနှစ်ယောက်ကို အပြစ်ဖို့နေကြသည်။

ထိုအခါ ...

သဲဝတ်လွှာက တည်ကြည်စွာ ပြော၏။





''သူတို့ပါးစပ်က ငါတို့ကို ကျေးဇူးတင်စကား ပြောမသွားပေမယ့် ... သူတို့မျက်လုံးတွေကတော့ ငါတို့ကို ကျေးဇူးတင်စကားတွေပြောသွားပါတယ်ဟာ ... ။ ရင်ထဲက မပါတဲ့ ကျေးဇူးတင်စကားသံတွေကြားရတာနဲ့စာရင် ... နှုတ်က ထုတ်ဖော်မပြောပေမယ့် တကယ်ကျေးဇူးတင်ကြောင်း အသိအမှတ်ပြုနေတဲ့ အမူအရာတွေကို မြင်ရတာက စိတ်ချမ်းသာဖို့ကောင်းပါတယ်။ ပြီးတော့ ... တစ်ပက်သားကို ကူညီတဲ့အခါမှာလည်း ဘာမျှော်လင့်ချက်မှ မထားတာ အကောင်းဆုံးပဲ။

လူဆိုတာ ... မျှော်လင့်ချက်တွေ များလေလေ၊ ပင်ပန်းဆင်းရဲလေလေပါပဲဟာ ...''

သဲဝတ်လွှာ ပြောတာတွေကို နားထောင်ရင်း ဗူးရှထက် တစ်ခေါ်လှည့်ကာ နာကျင်စွာ ပြုံးမိ၏။

ဟုတ်ပါတယ် သဲရယ် ...

ငါဟာ ... မျှော်လင့်ချက်တွေ များလွန်းလို့ ...

ပင်ပန်းဆင်းရဲနေရသူပါ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

တစပြင် သချိုင်းအတွင်း၌ ဖြစ်သည်။

ပန်းရုံတန်ဆာပလာတွေနှင့် စူးရှထက် တကုတ်ကုတ် အလုပ်ရှုပ်နေ၏။ ထုံး၊ သဲ၊ ကျောက်၊ ဘိလပ်မြေ ... အစရှိသည်တို့ကို ရေလောင်း ဖျော်နယ်၍ မဆလာပြုလုပ်သည်။

ပြီးနောက် ...

သူ တူးဆွထားသော မြေနေရာမှာ အုတ်စီကာ၊ သံလက်တစ်ချောင်းနှင့် ဂူတစ်လုံးဖြစ်ပေါ်လာအောင် စွမ်းဆောင်ပုံဖော်လေတော့၏။

စူးရှထက် လုပ်ကိုင်သမျှကို သုဘရာဇာကြီးက နံဘေးရှိ အုတ်ဂူဟောင်းတစ်လုံးပေါ်မှ ထိုင်၍ ကြည့်ရှုနေပါသည်။

ကြည့်နေရင်း သဘောကျဟန်ဖြင့် ...

''မင်းက မဆိုးဘူးပဲကွ။ လုပ်တော့ လုပ်တတ်သားပဲ''

''ဒီလိုပဲ သင်ထားရတာပေါ့ဗျာ''

စူးရှထက်က ပြုံး၍ပြော၏။ သုဘရာဇာကြီးက ...

''ကောင်လေး ... မင်းနာမည် ဘယ်လိုခေါ်လဲ''

''စူးရှထက်ပါ။ ဦးလေးနာမည်ကကော ဘယ်လိုခေါ်လဲဗျ''

''ငါ့နာမည်အရင်းက ... မျိုးအောင် ... တဲ့''





''မျိုးအောင် ... ဟုတ်လား ...''

''အေး ... ဟုတ်တယ်''

''နာမည်ကြီးကလည်းဗျာ ...''

''ဘာဖြစ်လို့လဲကွ''

''ကြွားနေသလိုပဲ''

''အဲ ...''

သုဘရာဇာကြီး အိုးတိုးအမ်းတမ်းဖြစ်သွားသည်။ ပြီး ... ရှက်ပြုံးကြီး ပြုံးကာ ...

''ငါက လူပျိုကြီးပါကွ။ အဟဲ''

''မမေးဘူးလေ''

''ဟင်''

စူးရှထက်က ရယ်ကာ ...

''စတာပါဗျာ''

သုဘရာဇာကြီးကလည်း ပြုံးကာ ...

''ငါ့ကို မျိုးအောင်လို့လည်း ဘယ်သူမှ မခေါ်ကြဘူးကွ''

''ဒါဆို ဘယ်လိုခေါ်လဲ''

သုဘရာဇာကြီးက ရင်ဘတ်ကို ကော့၍ ...

''ဟာကြူလီလို့ ခေါ်တယ်''

''ဗျာ ... ကြာကူလီ ... ဟုတ်လား ...''

သုဘရာဇာကြီး ရင်ဘတ် ပြန်ခွက်ဝင်သွား၏။ မျက်နှာကြီး ရှုံ့တွတွနှင့် ...

''ဟာကြူလီကွ ... ဟာကြူလီ ...။ ကြာကူလီ မဟုတ်ဘူး''

''သြော် ... သိပါဘူး။ ကြာကူလီ ဆိုလားလို့ ...''

''မင်းကွာ ...''

www.burmeseclassic.com



စူးရှထက်က တဟဲဟဲရယ်နေပါသည်။ သုဘရာဇာကြီးကလည်း ပြုံးပြုံးကြီးနှင့် ...။

*သူတို့နှစ်ဦးပင် တော်တော် ရင်းနှီးနေပြီ ဖြစ်သည်။*

''ဟာကြူလီဆိုတော့ လူသန်ကြီးပေါ့လေ''

''အေး ... လူတွေက ငါ့ကို ထွားလွန်းလို့ဆိုပြီး ... အဲ့လိုခေါ်ကြတာ။ ဒါပေမယ့် ...''

''ဘာဖြစ်လဲ''

''ဟာကြူလီဆိုတာ ဘာမှန်း ငါသေချာမသိဘူးကွ''

ရော် ... ခက်ချေပြီ ...။

''ကိုယ်တကက်စီးနေတဲ့မြင်း ... အထီးမှန်း အမမှန်းတော့ သိချင်သားကွ။ ဒါပေမယ့် ဘယ်သူ့မေးမေး ဟာကြူလီဆိုတာ လူသန်လူထွားကြီးလို့ပဲ ပြောတယ်။ အဲဒီထက် ပိုမပြောနိုင်ကြဘူး''

''ပိုသိချင်တယ်ပေါ့လေ''

''တိတိကျကျ သိထားတော့ ကောင်းမယ်ထင်လို့ပါကွာ။ တော်ကြာ ဟာကြူလီဆိုတာ မဟုတ်မဟပ်ကောင်ကြီးဆိုရင် ငါ့စာရိတ္တကို ထိခိုက်နိုင်တယ်လေ''

''အဲ ...''

လုပ်ပြီ ...။ သုဘရာဇာကြီးက ခန္ဓာကိုယ်နှင့်လိုက်အောင် စိုးရိမ်စိတ်တွေ ကြီးထွားနေ၏။

စူးရှထက်က ...

''မပူပါနဲ့ ဦးလေးရယ်။ ဟာကြူလီဆိုတာ မကောင်းတဲ့လူ မဟုတ်ပါဘူး''

''ဟေ ... ဟုတ်လား။ ဒါဆို သူက လူသူတော်ကောင်းကြီးပေါ့''

''အဲ ... လူကောင်းလည်း မဟုတ်ဘူးဗျ''





''ဟင်''

သုဘရာဇာကြီး မျက်နှာ အီလည်လည်ဖြစ်သွားသည်။ နားရှုပ်ထွေးသွားပုံရ၏။

''ဒါဆို ဟာကြူလီဆိုတာ ကိုးလိုးကန့်လန့်ကောင်ကြီးပေါ့နော်''

''အင်း ... ဟုတ်တယ်ဗျ။ ကိုးလိုးကန့်လန့်ကောင်ကြီး။ ဘာဖြစ်လို့လဲဆိုတော့ ... သူက လူနဲ့ နတ်စပ်မွေးထားတာ''

''အဲဒီကောင်ကြီးအကြောင်း မင်း သိလားဟင်။ သိရင် ငါ့ကို ပြောပြစမ်းပါ''

သုဘရာဇာကြီး၏ တောင်းဆိုမှုကြောင့် လုပ်လက်စအလုပ်ကို ဖြတ်၍ စူးရှထက် ထလိုက်၏။ အလုပ်လုပ်ရင်း ပြောလျှင် တစ်ဖက်လူကို အရေးမထား၊ မလေးစားသလို ဖြစ်မှာစိုး၍ ဖြစ်၏။

သုဘရာဇာကြီး အနီးရှိ အုတ်ဂူပေါ်သို့ သူ သွားထိုင်ကာ ...

ဂရိထုံးဟောင်းပုံပြင်တွင် ခွန်အား အကြီးမားဆုံး သူရဲကောင်းအဖြစ် ထင်ရှားသော ဟာကြူလီ(ဟားကျူးလီး)အကြောင်းကို ပြောပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟာကြူလီဟာ ဇုနတ်မင်းကြီးနဲ့ လူသားမိခင် အက်တမီးနီ တို့က ဖွားမြင်တာ။ အဲ့ဒါကြောင့် မွေးစကတည်းက နတ်မင်းရဲ့မိဖုရား ဟီးရရဲ့ ငြူစူခြင်းကို ခံခဲ့ရတယ်''

''ဩော်''

''ဟီးရက ပုခက်တွင်းမှာရှိတဲ့ ဟာကြူလီကို သုတ်သင်ပစ်ဖို့ မြွေနဂါးကြီးနှစ်ကောင်ကို လွှတ်လိုက်သေးတယ်။ ဒါပေမယ့် ကလေးငယ် က အဲဒီမြွေနဂါးနှစ်ကောင်ကို သူ့လက်နဲ့ ညှစ်သတ်ပစ်လိုက်တယ်''

''ဟင်''

''ဟာကြူလီ အရွယ်ရောက်လာတော့ ... လက်နက်ကိုင်စွဲတဲ့ အတတ်၊ ကစားခုန်စား အတတ်တွေကို စင်းတောကိုင်ရွန်ထံမှာ သင် ကြားခဲ့ရတယ်။ စစ်ရထားမောင်းနှင်တဲ့ အတတ်၊ နပန်းအတတ် ... အစ ရှိတဲ့ အတတ်ပညာအမျိုးမျိုးကိုလည်း အခြားသူရဲကောင်းကြီးတွေထံ ကနေ လေ့လာဆည်းပူးခဲ့ရတယ်''

''အင်း''

''အဲဒီနောက် ... ဟာကြူလီဟာ သီးဗီးပြည်သားတို့ရဲ့ရန်သူ အော်ခိုမိနပ်ဘုရင် အာဂျီနပ်ကို လုပ်ကြံသတ်ဖြတ်ပေးတာကြောင့် ... သီးဗီးဘုရင်က သမီးတော် မိဂါရာနဲ့ ထိမ်းမြားလက်ထပ်ပေးပြီး ကျေးဇူး





ဆပ်တယ်''

''အဟော့ ... နိပ်သဟ''

''ဟာကြူလီဟာ အဲဒီမင်းသမီးနဲ့ သားသမီးတွေ အများကြီး ထွန်းကားခဲ့တယ်''

''အမယ် ... ကောင်ကြီးက စွမ်းသားပဲ။ သူ့ကိုမှ မျိုးအောင်လို့ ခေါ်ဖို့ကောင်းတာ''

''ဟာကြူလီဟာ ဟီးရရဲ့လက်ချက်ကြောင့် စိတ်ဖောက်ပြန် ရူးသွပ်ပြီး သူ့ဇနီးနဲ့ သားသမီးအားလုံးကို အဆုံးစီရင်ပစ်လိုက်တယ်''

''ဟင် ... ကိုယ် ထွန်ယက်ခဲ့တဲ့ ယာခင်းနဲ့ ကိုယ်စိုက်ပျိုးလို့ ပွင့်လန်းလာတဲ့ အသီးအနှံလေးတွေကို ကိုယ်တိုင်ပဲ ချေမွဖျက်ဆီးပစ်လိုက် တာပေါ့လေ။ ကျွတ် ... ကျွတ် ...''

သုဘရာဇာကြီး စုတ်တသပ်သပ်ဖြစ်နေသည်။ ရှူးရှထက်က တစ်ချက်ပြုံးပြီး စကားအား ရှေ့ဆက်သွား၏။

''ဟာကြူလီဟာပုံမှန်စိတ်ပြန်ဖြစ်လာတဲ့အခါသူ့အပြစ်အတွက် စိတ်မကောင်းတာကြောင့် ဒဲလဖိုင်နတ်ကွန်းကိုသွားပြီး နတ်မေးတယ်။ နတ်က အဲဒီအပြစ်အတွက် တိရင်းဘုရင် ယူရစ်သုထံမှာ ၁၂နှစ် အစေခံရ မယ်လို့ ဆိုတယ်''

''ဩော်''

''ဟာကြူလီဟာ ယူရစ်သုဘုရင် စေခိုင်းချက်အရ အလွန်ခဲ ယဉ်းတဲ့ အလုပ်တာဝန် ၁၂ခုကို ဒဏ်အဖြစ် ဆောင်ရွက်ရတယ်။ အဲ့ဒါ တွေ ဆောင်ရွက်ပြီးတော့လည်း သူ့မိတ်ဆွေ အီဖစ်တပ်ကို ဒေါသ အလျောက် သတ်မိလို့ လစ်ဒီးယားဘုရင်မ အွမ်ဖာလီထံမှာ သုံးနှစ် လောက် အစေခံလိုက်ရသေးတယ်''

''အဲ ... မသက်သာပါလား ...''



www.burmeseclassic.com

www.burmeseclassic.com



''ဟာကြူလီဟာ အဲဒီလိုတွေ စိတ်လိုက်မာန်ပါ လုပ်တတ်ပေမယ့် ဖိနှိပ်ချုပ်ချယ်ခြင်းခံနေရတဲ့ လူတွေကိုတော့ စွန့်စွန့်စားစား ကူညီကယ်တင်လေ့ရှိတယ်''

''စိတ်ကောင်းတော့ ရှိသားပဲ''

''သူ့ဘဝတစ်လျှောက် ဘေးဒုက္ခအမျိုးမျိုးနဲ့ တွေ့ကြုံခဲ့ရသလို၊ သေတော့လည်း သူဟာ အသေဆိုးနဲ့သေရတယ်''

''ဩော်''

''ဟာကြူလီဟာ အွမ်ဖာလီဘုရင်မထံက လွတ်မြောက်လာတော့ ဒီယန်နီရာဆိုတဲ့ မင်းသမီးနဲ့ လက်ထပ်ပြန်တယ်''

''ကောင်ကြီးက စွံတော့ စွံသားပဲဟ။ ငါနဲ့များ တခြားစီပဲ''

''တစ်နေ့ ... သူနဲ့ သူ့ဇနီးဟာ မြစ်ကိုဖြတ်ကူးဖို့ပြင်တယ်။ အဲဒီမှာ စင်းတောနက်ဆပ်ကို သူ့ဇနီးကိုတင်ပြီး ဖြတ်ကူးစေတယ်''

''အင်း''

''အဲဒီမှာ နက်ဆပ်က ဒီယန်နီရာကို ခိုးပြေးဖို့ ကြံတယ်။ အဲ့ဒါကြောင့် ဟာကြူလီက နက်ဆုပ်ကို အဆိပ်လူးမြားနဲ့ ပစ်ထည့်လိုက်တယ်''

''မှန်သွားလား''

''မှန်သွားတယ်''

''ကောင်းတယ်။ မယားခိုးကောင် ... သေမှ''

သုဘရာဇာကြီး ဇာတ်လမ်းထဲ စျာန်ဝင်နေပုံရ၏။ စူးရှထက်က ဇာတ်လမ်းဆက်ပြောသည်။

''နက်ဆပ်ဟာ တစ်ဖက်ကမ်းရောက်လို့ မြားဆိပ်ကြောင့် သေအံ့ဆဲဆဲမှာ ဒီယန်နီရာကို မှာတယ်''

''ဘာမှာတာလဲ''





''သူ့ရဲ့သွေးကို လင်ယောကျ်ားချစ်စေမယ့် ပီယဆေးအဖြစ် ဆောင်ထားဖို့ ပြောတာ''

''ဩော်''

''ဒီလိုနဲ့ နက်ဆပ်ဆုံးပြီး ရက်ကာလ မကြာမီမှာ ဟာကြူလီဟာ တခြားမိန်းမတစ်ဦးနဲ့ ချစ်ကြိုက်နေတယ်လို့ ဒီယန်နီရာ မသင်္ကာဖြစ်တယ်။ အဲ့ဒါကြောင့် နက်ဆပ်ရဲ့သွေးမှာ စိမ်ထားတဲ့ ဝတ်ရုံကို ခင်ပွန်းသည်ထံ ပို့ပေးလိုက်တယ်''

''အင်း''

''ဟာကြူလီဟာ အဲဒီဝတ်ရုံကို ဝတ်ဆင်လိုက်တာနဲ့ တစ်ပြိုင်နက် တစ်ကိုယ်လုံး အဆိပ်တက်ပြီး ဝေဒနာပြင်းပြင်းထန်ထန် ခံစားလိုက်ရတယ်''

''ဟင် ... ဒါ ဟိုကောင် သက်သက် ယုတ်မာတာပေါ့''

''ဟာကြူလီဟာ အိုအီတာတောင်ပေါ် ပြေးတက်သွားပြီး သူ့ကိုယ်သူ မီးသဂြိုဟ်ဖို့ ပြင်တယ်''

''အို''

''ဟာကြူလီရဲ့ကိုယ်ကို မီးလောင်မြိုက်နေစဉ်မှာပဲ သူ့ဖခင် ဇုနတ်မင်းကြီးက သူ့ဝိညာဉ်ကို အိုလင်းပစ်တောင်ထိပ်ပေါ်ကို ယူဆောင်သွားခဲ့တယ်''

''ဩော် ...''

''အခုဆိုဟာကြူလီဟာ အိုလင်းပစ်တောင်ထိပ်ပေါ်မှာ အခြားနတ်သားတွေနဲ့အတူ ... ထာဝရချမ်းသာကို ခံစားလျက်ရှိတယ် ... တဲ့''

ဇာတ်လမ်းဆုံးသောအခါ သုဘရာဇာကြီးက မျက်နှာမသာမယာနှင့် ညည်း၏။

''အင်း ... ဟိုကိုးလိုးကန့်လန့်ကောင်ကြီးကတော့ ဘာပဲပြော



www.burmeseclassic.com

www.burmeseclassic.com



ပြော နေရာကောင်း ရောက်သွားပြီ ...။ သူနာမည်နဲ့ အခေါ်ခံနေရတဲ့ ငါကတော့ သချိုင်း စောင့်နေရတယ်။ ဟူး ...''

သက်ပြင်းရှည်ကြီးအား လေးလံစွာ မှုတ်ထုတ်လေ၏။

ပြီးမှ ...

''ဟယ် ... ငါလည်း ပေ့သေးသေးကောင်မှ မဟုတ်တာ။ ဘုရင်ပဲဟာ ...။ ဘုရင်တောင်မှ ရိုးရိုးဘုရင် မဟုတ်ဘူး။ လူသေတွေကို အုပ်ချုပ်နေရတဲ့ ဘုရင် ...။ ဘုရင်ဖြစ်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ ပါရမီအခံရှိမှ ဖြစ်တာ။ အင်း ... ငါ့နေရာလည်း တစ်မျိုးကောင်းတာပါပဲလေ ...''

ခေါင်းတညိတ်ညိတ်နှင့် သဘာရာဇာကြီး ရေရွတ်မြည်တမ်းနေရှာ၏။ သူ့စိတ်သူ အားပေးနှစ်သိမ့်နေပုံပါပဲ ...။

လူရယ်လို့ ဖြစ်လာမှတော့ သူလည်း လူ့စည်းစိမ်ကို ခံစားချင်ပေလိမ့်မည်။

သဘာရာဇာကြီးကို ကြည့်ကာ စူးရှထက် စာနာစွာ သနားမိ၏။ အုတ်ဂူဖြူဖြူတွေနှင့် ယှဉ်တွဲမြင်နေရသော သဘာရာဇာကြီးကို ဉယျာဉ်မှူးတစ်ဦးသဖွယ် သူ့စိတ်မှာ ခံစားလာရလေသည်။ နေတတ်ရင် ကျေနပ်ဖို့ ကောင်းပါတယ်ဆိုသော လောကမှာ ကိုယ့်ဘဝကိုယ် ရောင့်ရဲတင်းတိမ်နိုင်စွမ်းရှိလျှင် အလွန်ပျော်စရာကောင်းပါလိမ့်မည်။

သို့ရာတွင် ...

မတင်းတိမ် မရောင့်ရဲနိုင်တာကိုက လူသားဆန်ခြင်းတစ်မျိုးပေပဲ မဟုတ်လား ...။





## အခန်း (၁၃)

''သဲ ... ဒီနေ့က ငါတို့နှစ်ယောက်ရဲ့ ချစ်သူသက်တမ်း တစ်နှစ်ပြည့်တဲ့နေ့နော်''

''အင်း ... ဟုတ်တယ်။ ငါလည်း အဲ့ဒါကိုပဲ တွေးနေတာ''

စူးရှထက်နှင့် သဲဝတ်လွှာသည် အိမ်ရှိ ဧည့်ခန်းထဲတွင် ထိုင်၍ စကားပြောနေကြ၏။ ဒီနေ့တော့ အခြားသူတွေ မပါဘဲ သဲဝတ်လွှာရှိရာသို့ စူးရှထက် တစ်ယောက်တည်း ထွက်လာခဲ့တာ ဖြစ်သည်။

သဲဝတ်လွှာက ...

''စူးရှ ... ငါတို့နှစ်ယောက် ချစ်သူသက်တမ်း တစ်နှစ်ပြည့်တဲ့ အထိမ်းအမှတ် အနေနဲ့ ... ဒီနေ့ ငါ တစ်နေရာ သွားချင်တယ်''

''ဘယ်နေရာလဲ''

''ငါတို့နှစ်ယောက် တွေ့နေကျ နေရာလေးကိုပေါ့''

''ဪ''

စူးရှထက်က သက်ပြင်းချကာ ...

''နင် နေမကောင်းဘူးလေ သဲရဲ့။ မသွားပါနဲ့''

သဲဝတ်လွှာက နှုတ်ခမ်းဆူ၍ ပြုံး၍ ...

''ငါ နေမကောင်းတာက ပျောက်ကင်းသက်သာ...မှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ ဂူးရှုရယ်။ မကြာခင် သေမှာ သေချာနေပြီပဲ၊ အဲ့ဒါကြောင့် မသေခင်မှာ ငါဆန္ဒရှိတာတွေကို လုပ်သွားချင်တယ်၊ ငါ့ဆန္ဒကို လိုက်လျောပေးပါနော်''

ဂူးရှုထက် ပင့်သက်ရှိုက်မိပြန်၏။

ပြီးမှ ...

''နင် အရမ်းသွားချင်နေတယ်ဆိုရင် နင့်မိဘတွေကို ပြောကြည့်လေ။ သူတို့ သဘောတူလို့ လွှတ်တယ်ဆိုရင် ငါတို့ သွားကြတာပေါ့''

''နင် တကယ်ပြောတာနော်''

''တကယ်ပြောတာပါဟာ''

''ကတိ''

''အင်းပါ''

ဂူးရှုထက် ခေါင်းညိတ်၍ ကတိပေးလိုက်ပါ၏။ ထိုအခါ သဲဝတ်လွှာသည် သူမ၏ မိဘနှစ်ပါးအား ပွင့်ပွင့်လင်းလင်း ပြောပြီး သူမ ဆန္ဒအတွက် ခွင့်ပြုချက် တောင်းခံလေသည်။

ပထမ ...

သူမ မိဘတွေက ကျန်းမာရေး အခြေအနေကြောင့်ခွင့်မပြုကြပေ။

နောက်တော့ ...

သူမ၏ မရမက တောင်းဆိုမှုကြောင့် ခွင့်ပြုလိုက်ကြလေသည်။

မိဘနှစ်ပါးက သူတို့ကိုယ်တိုင် လိုက်ပို့မယ် ပြောသော်လည်း သဲဝတ်လွှာကလက်မခံဘဲ နှစ်ယောက်တည်းသာ သွားချင်ကြောင်းပြော၏။

ဒါ့ကြောင့် ...

ဝတ္တောတော့ တာဝန်ယူမှာကြောင့်ပြီး နှစ်ယောက်တည်း သွားခွင့်ပြုလိုက်ပါ၏။





''ငါ အပြင်မထွက်ရတာ ကြာလို့လား မသိဘူးနော်။ ပျော်စရာကြီး''

ရော်ရွက်ဝါလေးနှယ် ညှိုးနွမ်းခြောက်သွေ့နေသော သဲဝတ်လွှာသည် အပြင်လောက၏ အထိအတွေ့မှာ လန်းဆန်းကြည်လင်လာသယောင် ရှိ၏။

သူတို့နှစ်ဦးသည် ကန်ရေပြင်နှင့် ခုံတန်းပြာလေးဆီ မရောက်ခင် လမ်းခုလတ်မှာ အလှူခံမဏ္ဍပ်တစ်ခုအား တွေ့သည်။

ထိုအခါ ...

''ဂူးရှု ... ငါတို့ အလှူခံသွားထည့်ကြမယ်နော်''

''အင်း ... သွားမယ်''

နှစ်ဦးသား အလှူခံမဏ္ဍပ်ရှိရာ သွားလိုက်ကြ၏။

''ငါတို့ ဘယ်လောက်လှူကြမှ ကောင်းမလဲဟင်''

''သင့်ပေါက်ကို ကောင့်ငါးရာစီ လှူမယ်လေ''

''အေး ... ကောင်းတယ်''

သဘောတူညီမှုရပြီဖြစ်၍ နှစ်ဦးသားတူ ငွေပေးလှူလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



အလှူခံမဏ္ဍာပ်မှ ဂေါပကအဖွဲ့ဝင်ဖြစ်ပုံရသော ဦးလေးကြီးက ဖြတ်ပိုင်းစာအုပ်ကိုထုတ်၍ ...

''နာမည် ဘယ်လိုရေးရမလဲ''

သူတို့နှစ်ဦး အကြည့်ချင်းဆုံကြပါ၏။ ပြီးမှ ... ဂူးရှထက်က ...

''ဂူးရှထက်နဲ့ သဲဝတ်လွှာတို့ ချစ်သူနှစ်ဦးလို့ ရေးလိုက်ပါ''

''ကြော် ... အင်း ... အင်း''

ဖြတ်ပိုင်းစာရွက်မှာရေး၍ သူတို့နှစ်ဦးအား ပေးသည်။ ဖြတ်ပိုင်းစာရွက်ကိုယူကာ သူတို့နှစ်ဦး ထွက်လာခဲ့ကြ၏။

ထိုစဉ် ...

အလှူခံမဏ္ဍာပ်ရှိ အသံချဲ့စက်မှ ထွက်ပေါ်လာသော အသံအားကြားလိုက်ရလေသည်။

''မောင်ဂူးရှထက်နဲ့ မသဲဝတ်လွှာတို့ ချစ်သူနှစ်ဦးကလည်း အလှူတော်ငွေ ၃၀၀၀ကျပ်တိတိကို လာရောက်လှူဒါန်းသွားပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ သဒ္ဓါတရား မနည်းလှတဲ့ ဒီချစ်သူနှစ်ဦးဟာ ဒုက္ခဆင်းရဲမှ လွတ်ငြိမ်းရာ အမှန်ဖြစ်တဲ့ မြတ်နိဗ္ဗာန်ကို အဟုတ်တကွ တက်လှမ်းနိုင်ကြပါစေ ...။ ယခုဘဝမှာလည်း တစ်ဦးနဲ့တစ်ဦး မခွဲမခွာ ပေါင်းဖက်ရပြီး အနာရောဂါ ကင်းဝေးစွာနဲ့ ... သက်ဆုံးတိုင် အေးချမ်းပျော်ရွှင်နိုင်ကြပါစေ ...''

ဆုပေးသံဆုံးသောအခါ ...

ဂူးရှထက်နှင့် သဲဝတ်လွှာ တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြသည်။ ပြီးတော့ ... ပြုံးဘူး ပြုံးသည်။

အဓိပ္ပာယ်တူညီသော ထိုအပြုံးတစ်ခုမှာ နားလျှင်မှုတွေ တွဲလဲခိုနေလေသည်။





ကန်ရေပြင်နံဘေးရှိ ခုံတန်းပြာလေးသည် သူတို့နှစ်ဦး ရောက်မှသာတော့မှ ပြည့်စုံသွားသလို ခံစားရ၏။

ဒီခုံတန်းပြာလေးသည် သူတို့နှစ်ဦး၏ ချစ်မှတ်တိုင်လေးဖြစ်သကဲ့သို့ သူတို့နှစ်ဦး၏ ကောင်းမှုလည်း ဖြစ်သည်။

သူတို့နှစ်ဦး သူငယ်ချင်းဘဝက သူငယ်ချင်းတွေအားလုံးနှင့် ဒီနေရာလေးကို လာခဲ့ကြသည်။ အဲဒီတုန်းက ဒီနေရာမှာ ခုံတန်းလျားလေး မရှိသေးချေ။

ရှင်းငြိမ်တိတ်ဆိတ်၍ လေသာသော ဒီနေရာလေးမှာ ခုံတန်းလျားလေးတစ်ခုရှိရင် သိပ်ကောင်းမှာပဲ ... ဟု သူတို့နှစ်ဦးက စိတ်ကူးတူစွာ ပြောမြဲခဲ့ကြ၏။ နောက်တော့ ... နှစ်ဦးအတူ တိုင်ပင်ပြီး ဒီခုံတန်းပြာလေးကို ဆောက်လုပ်စေခဲ့ခြင်း ဖြစ်သည်။

တစ်ချိန်က ... သူတို့နှစ်ဦး ဒီခုံတန်းပြာလေးပေါ်မှာ အနာဂတ်စိတ်ကူးတွေနှင့် ပြုံးပျော်ကြည်နူးခဲ့ကြဖူးပါ၏။ အခုအချိန်မှာတော့ အရာရာသည် ဖမ်းဆုပ်ကိုင်တွယ်လို့မရနိုင်သော အိပ်မက်တစ်နယ်မှာ အူယောင်ပျံ့လွင့်နေသည့် အခြေအနေတစ်ရပ် ဖြစ်နေလေပြီ။

သဲဝတ်လွှာက ကြိုတင်အသင့်ယူလာသော ဖြူဖွေးသည့် Correction Pen နှင့် ခုံတန်းပြာလေး၏ နောက်မှီတွင် 'ဂူးရှထက် - သဲဝတ်



www.burmeseclassic.com

www.burmeseclassic.com



လွှာ’ ဟု ရေးခြစ်လေသည်။ နောက် ... နှစ်ဦးအတူလက်မှတ်ရေးထိုးကြပါ၏။

ပြီးသောအခါ သဲဝတ်လွှာက ...

“နောင်လာနောက်သားတွေအတွက် အမှတ်တရပေါ့ဟာ”

နှာကျင်မှုကို ကွယ်ဝှက်ကာ ရယ်ရယ်မောမော ပြောဆိုနေသော ချစ်သူကိုကြည့်၍ ဒူးရှထက် တိတ်တဆိတ် လောင်ကျွမ်းနေရချေ၏။

ဒီလိုအခြေအနေမျိုးမှာ ငယ်ရွယ်သူတစ်ယောက်ဖြစ်သော သူမသည် ကိုယ့်စိတ်ကို အကောင်းဆုံးဖြစ်အောင် ထိန်းကျောင်းနိုင်စွမ်းရှိနေသည့်အတွက် သူမကို ချီးကျူးမိသလို၊ သူလည်း ဝေဒနာတစ်ခု လျော့ပါးသက်သာရ ရခဲ့ပါ၏။

“ဒူးရှ ... နင့်ကိုကြည့်ရတာ ပိန်သွားသလိုပဲနော်”

“နင် စိတ်ထင်လို့ ဖြစ်မှာပါဟာ။ ဒီအတိုင်းပါပဲ”

သူမက သူ့ကို သေချာကြည့်၍ ...

“နင် တကယ်ပိန်သွားတာဟ။ အသားတွေလည်း ညိုသွားတယ်”

“အပြင်ထွက်တာများလို့ ထင်ပါတယ်”

“ကိစ္စမရှိဘဲ အပြင်တွေ အရမ်းမထွက်နဲ့လေဟာ။ ကျန်းမာရေးလည်းဂရုစိုက်ဦး”

ချစ်သူက သူ့ကိုသာ ဝိုးရိမ်ပူပင်စွာ သတိပေးနေသည်။ သူမကိုယ်သူမကော သတိပြုမိပါရဲ့လား ... ။

အရင်ကဆို အစဉ်အမြဲ ဒူးလာက်တောက်ပနေသော မျက်ဝန်းနက်နက်ကလေးတွေက အခုတော့ဖြင့် အရောင်မှိန်ဖျော့နေသည်။ ဆေးသားမကူဘဲ ပကတိအလှအတိုင်း ထားတတ်သည့် ဝိုပြေနီမြန်းသော နှုတ်ခမ်းပါးလေးသည်လည်း ဖြူရော်သွေ့ခြောက်နေလေသည်။ ပါးပြင်





မို့မို့ဖွင့်လည်း နှင်းဆီသွေးတို့ ယုတ်လျော့ကာ မျက်နှာလေးမှာ ချောင်ကျနေရှာ၏။

တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သော အချိန်ကာလတစ်ခုအတွက် ဒူးရှထက် အသံတိတ်ဒဏ်ရာရနေလျက် ရှိပါသည်။

သဲဝတ်လွှာက ...

“ဒူးရှ ... လူတင်ယောက် သေဆုံးခါနီး နောက်ဆုံးအချိန်မှာ ဘာအရေးကြီးဆုံးလို့ ထင်လဲဟင်”

ဒူးရှထက်က ...

“အဲဒီအချိန်မှာ ဖြစ်နေတဲ့ အဲဒီလူရဲ့စိတ်က အရေးကြီးဆုံးပေါ့။ လူတစ်ယောက်ဟာ ဘဝတစ်လျှောက်လုံး ကောင်းမှုတွေ ဘယ်လောက်ပဲ လုပ်ခဲ့ လုပ်ခဲ့ ... ၊ သေဆုံးခါနီး နောက်ဆုံးအဲချိန်မှာ စိတ်က တစ်ခုခုကို စွဲလမ်းနေရင် အဲဒီလူ ဘဝကူးမကောင်းဘဲ ဖြစ်သွားတတ်တယ်”

“အင်း ... ဟုတ်တယ်နော်။ နင် ပြောခါမှ ငါ ငယ်ငယ်က အဘွားပြောပြတဲ့ ပုံပြင်လေးကိုတောင် သတိရမိသေးတယ်”

“ဘာပုံပြင်လဲ သဲရဲ့။ ပြောစမ်းပါဦး။ ပုံပြင်ဆိုရင် ငါက စိတ်ဝင်စားတယ်”

“ပုံပြင်ရဲ့ဇာတ်ကြောင်းက ရိုးရိုးလေးပါဟာ။ ဒါပေမယ့် အဲဒီပုံပြင်ကပေးတဲ့ အသိတရားက အဓိပ္ပာယ်လေးနက်တယ်”

“ဘယ်လိုမျိုးမို့လို့လဲ”

ဒူးရှထက်က မေးရာ၊ သဲဝတ်လွှာက ...

“ရှေးတုန်းက တောရွာတစ်ရွာမှာ တစ်ဦးနဲ့တစ်ဦး အရမ်းနှင့်ကြတဲ့ မောင်မြနဲ့ မေ့ခါညီဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ် ... တဲ့”

“အင်း”

“သူတို့ဟာ ငါးဖမ်းရိုးနဲ့ အသက်မွေးပြီး ... တစ်နေ့ ... မှ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့စားရ ဆိုသလိုမျိုး အရမ်းလည်း ဆင်းရဲနွမ်းပါးကြတယ် ...''

''အင်း''

''တစ်နေ့မှာ မောင်ဖြူက ... အရင်ဘဝက ကောင်းမှုကုသိုလ် မပြုလုပ်ခဲ့ကြလို့ ငါတို့ ဒီဘဝမှာ ဒီလောက် ဆင်းရဲနွမ်းပါးနေကြတာ။ အဲဒါကြောင့် ဒီဘဝမှာ တတ်နိုင်သလောက် ကောင်းမှုကုသိုလ်လေးတွေ လုပ်ကြမယ်ဆိုပြီး ... မောင်ညိုကို ပြောတယ်''

''အင်း''

''ပြီးတော့ နှစ်ယောက်တိုင်ပင်ပြီး ... သီတင်းပတ်ရက်တွေမှာ ရဟန်းသံဃာတွေကို ကပ်လှူဖို့ ဆွမ်းတစ်အုပ်နဲ့အတူ တစ်ယောက်တလဲ ဥပုသ်ကျောင်းသွားပြီး တရားနာကြတယ်''

''ဘာလို့ နှစ်ယောက်အတူတူ မသွားတာလဲဟင်''

''ဆင်းရဲနွမ်းပါးကြတော့ တစ်ယောက် ဥပုသ်ကျောင်းသွားတဲ့ နေ့ရက်မှာ အခြားတစ်ယောက်က အဲဒီနေ့ရက်အတွက် စားဖို့သောက်ဖို့ကို ရှာဖွေနေရတာ''

''ဪ''

''သူတို့ဟာ သီတင်းတစ်ပတ်မှာ တစ်ခါကပ်တဲ့ ဆွမ်းတစ်အုပ် အတွက်တောင်မှ မနည်း ကြိုးစားရတာ ... တဲ့''

''ဪ ... အင်း အင်း''

သဲဝတ်လွှာက ခဏနားပြီးမှ အားယူ၍ ဆက်ပြောသည်။

''မောင်ဖြူဟာ ဥပုသ်ကျောင်း ရောက်တာနဲ့ ရဟန်းသံဃာတွေ ကို ဆွမ်းကပ်လှူပြီး၊ သူ့စိတ်ကို တရားဓမ္မထဲမှာပဲ နှစ်သွင်းထားတယ် တဲ့။ မောင်ညိုကတော့ အဲဒီလို မဟုတ်ဘူး။ သူ့စိတ်တွေဟာ ပျံ့လွင့်နေ တယ်။ တရားနာနေရင်းလည်း ... အင်း ... ဒီအချိန်ဆို မောင်ဖြူ ငါးဖမ်း ထွက်နေလောက်ပြီ ... ။ ငါးတွေရမှ ရပါ့မလား ... ။ ငါးတွေက ဘယ်နေရာ





မှာ ပေါတာ ... ၊ ဘယ်လိုဖမ်းမှရတာ ... ဆိုပြီး ... အကုသိုလ်အကြောင်း တွေပဲ တွေးနေတယ် ... ။ သံဃာတော်တွေကို ဆွမ်းကပ်ရင်လည်း သဒ္ဓါ စိတ်မပါဘဲ ဝတ်ကျေတန်းကျေပဲကပ်တယ် ... တဲ့''

''ဪ''

''မောင်ဖြူကတော့ ငါးဖမ်းထွက်နေရင်းလည်း ... ဟိုတစ်နေ့ က ဟောတဲ့ တရားက ဘယ်လို ... ၊ သံဃာတော်တွေကို ဆွမ်းကပ်ရ တာက ဘယ်လိုကြည်နူးဖို့ကောင်းတာ ... ၊ အလှူအတန်းတွေကို ဒီထက် ပိုပြီး လုပ်ချင်လိုက်တာ ... အစရှိသဖြင့် ... ကောင်းမှုကုသိုလ်အကြောင်း တွေပဲ တွေးတောစဉ်းစားနေတယ် ... တဲ့''

''အင်း''

''ဒီလိုနဲ့ပဲ သူတို့နှစ်ယောက် သေဆုံးကြတော့ ... ဘုရားသွား ကျောင်းတက် ဆွမ်းကပ်လှူတာချင်းတူပေမယ့် ... ၊ မောင်ညိုဟာ မကောင်းတဲ့ ဘုံဘဝကို ရောက်ရှိသွားပြီး၊ မောင်ဖြူကတော့ မြင့်မြတ်တဲ့ ဘုံဘဝကို ရောက်ရှိသွားတယ် ... တဲ့ ...''

''ဪ''

ပုံပြင်ပြော၍ ပြီးဆုံးသွားသောအခါ ...

သဲဝတ်လွှာသည် မောသွားဟန်ဖြင့် စူးရှထက် ရင်ခွင်တွင် နွမ်း နွမ်းလျလျ ခိုဝင်၏။ စူးရှထက်က သိသိသာသာ ကျုံ့သေးသွယ်လျသွား သော သဲဝတ်လွှာ၏ ခန္ဓာကိုယ်လေးကို မြတ်နိုးယုယစွာဖြင့် ညင်ညင် သာသာ ပွေ့ဖက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးတစ်ကောင် ရေစပ်အနီးရှိ သစ်ကိုင်းတစ်ကိုင်းထက်မှာ လာနားသည်။

ထိုငှက်ကလေးကိုမြင်တော့ သဲဝတ်လွှာက တိုးဖွဖွပြောသည်။

''ငါတို့ရဲ့ငှက်ကလေးကို သတိရလိုက်တာဟယ်''

''အင်းနော် ... အခုအချိန်ဆို အဲဒီငှက်ကလေး ဘယ်ဘဝရောက်လို့ ဘာဖြစ်နေပြီလဲ မသိဘူးနော်''

စူးရှယက်ကလည်း သစ်ကိုင်းထက်မှ ငှက်ကလေးအားကြည့်၍ပြော၏။

''ငါတွေ့ရင် မေးပေးပါမယ်ဟယ်၊ ငါလည်း မကြာခင် ငှက်ကလေးနောက်ကို လိုက်သွားရမှာပဲဟာ''

ကိုယ်စီကိုယ်ငှ အသံတိတ် ဒဏ်ရာရနေကြပါ၏။





ညနေစောင်းလုပြီ ... ။

နေလုံးနီနီသည် အနောက်အရပ်သို့ ယွန်းချေပြီ။

ငှက်ငယ်တွေ ကောင်းကင်မှာဝဲပျံနေတာ မြင်ရ၏။ သူတို့တာဝ်တွေ အိပ်တန်းတက်ကြတော့မည် ထင်ပါသည်။

စူးရှသက်နှင့် သဲဝတ်လွှာ ထိုင်ရာမှထ၍ အိမ်ပြန်ရန်အတွက် ပြင်ဆင်ကြသည်။ နှစ်ဦးဝလုံး မျက်နှာမသာမယာနှင့် ... ။ လမ်းခွဲကာ မပြန်ချင်သော ပုံစံကိုယ်စီနှင့် ဖြစ်ပါ၏။

သဲဝတ်လွှာက မှိုင်းဝေဖျော့တော့သော မျက်ဝန်းအစုံနှင့် ခံပြာလေးအား ငေးရီစိုက်ကြည့်ကာ ...

''ထိုင်ခုံလေးရေ ... နေခဲ့တော့ ... ။ နင့်ဆီကိုငါ နောက်တစ်ခေါက် လာနိုင်မှာ မဟုတ်တော့ဘူး။ အဲ့ဒါကြောင့် နင့်ကိုငါ တစ်ခါတည်းနှုတ်ဆက်ခဲ့ပါတယ်။ ငါ့ချစ်သူ တစ်ယောက်တည်း ဒီကိုလာရင် ... ဒီတော့ချမ်းသာအောင် ထားလိုက်ပါဟယ် ... ။ သူ့ကို ငိုတ်ဆင်းရဲအောင် မလုပ်ပါနဲ့နော် ... ။ ငါ မဟုတ်တဲ့ တခြားတစ်ယောက်နဲ့ ဒီနေရာကို သူလာခဲ့ရင်လည်း ... သူ့ကို အပြစ်မတင်ပါနဲ့ ... ။ ငါကမှ သူ့အနားမှာ နေမပေးနိုင်တာ ... ။ သူ ပျော်သလို နေပါစေ ...''



www.burmeseclassic.com

www.burmeseclassic.com



ကိုးရှုတုန်ခါသော စကားသံတွေက ခုံပြာလေးအား ပြောနေသယောင်ယောင် ...။ နံဘေးရှိ ချစ်သူကြားအောင် ပြောနေသယောင်ယောင် ...။

ခုံပြာလေးက ပကတိ ငြိမ်သက်လျက် ...။

ချစ်သူက မျက်ရည်စက်တွေနှင့် ခေါင်းငိုက်စိုက်ကျလျက် ...။

ကန့်ရေပြင်နံဘေးတွင်အလွမ်းတွေ တဟုန်းဟုန်းတောက်လောင်နေပါသည်။

မိုးရာသီရက်စွဲများထဲတွင် မိုးမရွာသော ယနေ့သည် အပူရှိန်ပြင်းသောနေ့တစ်နေ့ ဖြစ်၏။





မခွဲခွာခင်ကတည်းက
ရင်ကွဲနာကျမတတ် ကြိုလွမ်းနေရတာမျိုး
သင်တို့ ကြုံဖူးကြပါရဲ့လား ... ? ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ကောင်မလေးတစ်ယောက် ရေကန်အစပ်မှာ မတ်တတ်ရပ်နေသည်။

ကြည်လင်ငြိမ်သက်နေသော ရေလွှာပြင်သည် လက်ယပ်ခေါ်ငင်နေသော သေမင်း၏ ခံတွင်းဝသဖွယ် သူမ စိတ်မှာ ထင်မြင်ခံစားနေရ၏။

သူမ မျက်နှာလေးသည် နီမြန်းမို့အစ်လို့နေသည်။ သူမ မျက်ဝန်းအစုံမှာလည်း မျက်ရည်စက်တွေနှင့် ...။

တစ်စုံတစ်ခုကို ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ...

ကောင်မလေးသည် သူမ ခန္ဓာကိုယ်ကို ဆတ်ခနဲ လှုပ်ရှားလိုက်လေသည်။

ထိုအခါ ...

''ဗွမ်း''

ရေပြင်တွင် လှိုင်းဂယက်တွေ ထသွား၏။ ကြည်လင်ငြိမ်သက်မှုသည် ရုတ်တရက် ကွယ်ပျောက်လို့သွားသည်။

ခန္ဓာကိုယ်တစ်ခုက ရေထဲမှာ ...

ကူးခတ်ခြင်းမဲ့ ... ဆောက်တည်ရာမဲ့ ... လူးလွန့်လျက် ...။





''ဟယ် ... ဗိုးရှု ... ဟိုမှာ လူတစ်ယောက် ရေထဲခုန်ချသွားတယ်''

''ရေဆင်းကူးတာများလား မသိဘူး''

''မဖြစ်နိုင်ဘူး။ ဒါ ရေကူးကန်မှ မဟုတ်တာ။ ကိုယ်ပေါ်မှာသည်း အဝတ်အစားတွေနဲ့ ...။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာပဲ ဖြစ်ရမယ်''

''ဟာ ... ဒုက္ခပဲ။ မကြံကောင်း မစီရာ''

''ဘယ်လိုလုပ်ရပါ့မလဲ။ ငါလည်း ရေမကူးတတ်ဘူး။ ဟိုမှာ မြုပ်သွားပြီဟဲ့''

''ငါ ရေကူးတတ်တယ်''

ထိုနေရာသို့ ဗိုးရှုထက် အသွက်လက်ဆုံး ပြေးသွားအံ့ ပြီးနောက် ... အကျႌအဝတ်အစားပင် မချွတ်တော့ဘဲ ရေထဲသို့ သူခုန်ဆင်းလိုက်လေသည်။

ရေထဲမှာ ခန္ဓာကိုယ်နှစ်ခုက သုံးလေးချောင်းနေ ပြီးမြည်ပေါ်ချည် ...။



www.burmeseclassic.com

www.burmeseclassic.com



''အို''

ထိုမြင်ကွင်းကိုကြည့်ပြီး သဲဝတ်လွှာ အသည်းတယားယားနှင့် ရင်တုန်နေမိ၏။

ရေနစ်သူကို ကယ်ဆယ်ဖို့ ကြိုးစားလျှင် ... ထိုသူပါ ရေနစ်တတ်တယ်ဆိုသော စကားမှာ လူပြောများသည်။

ဘုရား ... ဘုရား ... နှစ်ယောက်စလုံး ဘာမှ မဖြစ်ပါစေနဲ့။





သဲဝတ်လွှာ ဆုတောင်းပြည့်ပါသည်။

ခဏအကြာမှာ ဝှူးရှုထက်က ရေထဲမှ ကောင်မလေးကို ဆွဲပိုက်ဖိဆယ်ယူ၍ ကမ်းပေါ် ပြန်တက်လာလေသည်။ ထိုကောင်မလေးကို သဲဝတ်လွှာက ပြုစုပေး၏။

ပြီးတော့ ... မေးသည်။

''ဘာဖြစ်လို့ အခုလို လုပ်ရတာလဲ ညီမလေးရယ်''

ထိုကောင်မလေးသည် သူတို့ထက် အနည်းငယ် အသက်ငယ်ပုံရ၏။ နုနုနယ်နယ် ခန္ဓာကိုယ် သွယ်လျလျနှင့် ချစ်စဖွယ်ကောင်းသော မျက်နှာပိုင်ရှင်လေး ဖြစ်၏။

''ကျွန်မ သေချင်လို့ပါ အစ်မရယ်။ ကျွန်မ သေပါရစေ။ ကျွန်မကို သေခွင့်ပေးပါ''

ရေတွေ ရွှဲနစ်နေသော ကောင်မလေးက သေစကားတွေချည်း ထပ်ကာတလဲလဲ ရေရွတ်နေသည်။ သဲဝတ်လွှာက ...

''ဘာဖြစ်လို့ သေချင်ရတာလဲ ညီမလေးရယ်။ ညီမလေးမှာ ဘာအခက်အခဲရှိလို့လဲ။ ပြောပြလေ ...။ အစ်မတို့တတ်နိုင်သလောက် ကူညီဖြေရှင်းပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက တုံ့ပြန်စကားမဆိုဘဲ တသိမ့်သိမ့် ရှိုက်ငိုနေလေသည်။ သဲဝတ်လွှာက ကောင်မလေး၏မျက်နှာပြင့်ပေါ်မှ ရေစိုခံ့ပင်တွေကို ယုယစွာ သပ်တင်ပေးကာ ...

''ပြဿနာတစ်ခု ဖြစ်လာရင် ဘယ်လောက်ပဲ အကျပ်အတည်းတွေ့နေပါစေ ... ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ နည်းနဲ့တော့ မဖြေရှင်းသင့်ဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ အဖန်ငါးရာငါးကမ္ဘာ မကျွတ်မလွတ်တဲ့ ဝဋ်ဒုက္ခဆင်းရဲ ခံရတတ်တယ်။ ဒီလိုနည်းနဲ့ ရှောင်ပြေးတာဟာ နည်းလမ်းအမှန် မဟုတ်ဘူး။ ကိုယ်လည်း သတ္တိနည်းရာကျတယ်။ ဒါကြောင့် ခေါင်းအေးအေးထားပြီးပြဿနာကိုဖြေရှင်းဖို့အကောင်းဆုံးနည်းလမ်းကိုပဲ ရှာပါ ညီမရယ် ...''

သဲဝတ်လွှာက နှစ်သိမ့်ဖျောင်းဖျစကားဆိုသည်။ ထိုအခါ ကောင်မလေးက ရှိုက်ငိုလျက်မှ ...

''အစ်မက ကာယကံရှင် မဟုတ်တော့ ဒီလိုစကားတွေ ပြောနိုင်မှာပေါ့။ ကျွန်မနေရာမှာ အစ်မဆိုရင် ဒီလိုစကားတွေ ပြောနိုင်မှာ မဟုတ်ပါဘူး''

ကောင်မလေး၏ တုံ့ပြန်မှုကြောင့် သဲဝတ်လွှာက နူးညံ့စွာပြုံးသည်။

''ညီမလေးရဲ့ပြဿနာက ဘယ်လောက်ကြီးကျယ်သလဲတော့ မသိဘူးပေါ့လေ။ ဒါပေမယ့် ညီမသိအောင်ပြောပြမယ်။ အစ်မဟာ ကင်ဆာရောဂါနဲ့ ဒီတစ်လ နှစ်လအတွင်းမှာပဲ သေဆုံးရတော့မှာ''

''ဟင်''

ကောင်မလေး အံ့အားသင့်သွားပုံပေါ်၏။ သဲဝတ်လွှာက တည်တည်ငြိမ်ငြိမ်ပဲ သူမ စကားကိုဆက်ပြောသည်။

''အဆိုးဘက်က တွေးမယ်ဆိုရင် ... အစ်မအနေနဲ့ ဒီကြားထဲမှာ အသက်ဆက်ရှင်နေတော့ကော ဘာထူးမှာလဲ။ ကိုယ့်ကြောင့် တခြားလူတွေ ဒုက္ခများပြီး၊ ကိုယ်လည်း တနိုးနိုးနဲ့ ရောဂါဝေဒနာ ခံစားနေရတာပဲ အဖတ်တင်မှာပေါ့။ ဒါကြောင့် စောစောစီးစီး ကိစ္စပြီးအေးရောဆိုပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်ဖို့ပဲ ကောင်းတယ်လို့ တွေးမယ်ဆိုတွေးလို့ရတယ်။

ဒါပေမယ့် ... အကောင်းဘက်ကတွေးမယ်ဆိုရင် ... ကိုယ်မသေခင်မှာ ကောင်းမှုကုသိုလ်တွေ လုပ်သွားနိုင်တယ်။ ကိုယ် သံယောဇဉ်ရှိသူတွေနဲ့ ပျော်ပျော်ပါးပါး နေသွားနိုင်တယ်လေ။ ဒါကြောင့်မို့ အစ်မဟာ မကြာခင် သေရတော့မယ်မှန်း သိပေမယ့်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ မကြိုးစားဘဲ ... အသက်ရှင်ခွင့်ရတဲ့ အခိုက်အတန့်မှာပျော်အောင် ကြိုးစားပြီး နေနေတာ။

လူဆိုတာ ... အနေတတ်ဖို့ထက် အသေတတ်ဖို့လိုသလို၊ အသေရဲဖို့ထက် အနေရဲဖို့က ပိုအရေးကြီးပါတယ် ညီမရယ် ...''

ကောင်မလေး ငြိမ်သွား၏။ သဲဝတ်လွှာက ဆက်လက်နှစ်သိမ့်ပြန်သည်။

''ပြဿနာအခက်အခဲကို လက်မြှောက်အရှုံးမပေးပါနဲ့ ညီမလေးရယ် ... ။ ညီမကို သာဓကတစ်ခု ပြောပြမယ်။ ရှေးဗုဒ္ဓခေတ်တုန်းက ဖားနှစ်ကောင်ဟာ အစာရှာထွက်ရင်း မလိုင်နှစ်တွေ ထည့်ထားတဲ့ ခရားတစ်ခုထဲ ပြုတ်ကျသွားတယ် ... တဲ့။

အဲဒီမှာ ဖားတစ်ကောင်ဟာစိတ်လျှော့ပြီး မကူးခတ်ဘဲနေတယ်။ ဖားတစ်ကောင်ကတော့ မနားမနေ ချာချာလည် ကူးခတ်နေတယ် ... တဲ့။

ဒီလိုနဲ့ ... မလိုင်နှစ်တွေဟာ မွှေခံပြီး ထောပတ်ခဲဖြစ်သွားတယ်။ အဲဒီအခါမှာ မကူးခတ်ဘဲနေတဲ့ဖားဟာ မလိုင်ထဲမှာနစ်ပြီး သေ





www.burmeseclassic.com

www.burmeseclassic.com



သွားရှာတယ်။ မလိုင်ကို ဇွန်းနဲ့မွှေနေသလိုမျိုး ချာချာလည် ကူးခတ်နေတဲ့ ဖားကတော့ ... နောက်ဆုံး ... ထောပတ်စိမ်းပေါ်မှာ ထိုင်လျက်သား အသက်ရှင်ပြီး လွတ်မြောက်ခွင့်ရသွားတယ် ... တဲ့။

ဒါကြောင့် ... ပြဿနာ အခက်အခဲနဲ့ ကြုံတဲ့အခါ ဇွဲမလျှော့ ခိတ်မပျက်ဘဲ ရုန်းကန်ကြိုးစားသင့်တယ်။ ကိုယ့်ဘက်က မရုန်းကန် မကြိုးစားရင် ပြဿနာက ကိုယ့်ကို အလွယ်တကူ အနိုင်ယူသွားလိမ့်မယ်''

သဲဝတ်လွှာက ကောင်မလေးကို နွေးထွေးစွာ ကြည့်ကာ ...

''ညီမလည်း ညီမရဲ့ပြဿနာကို ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တဲ့ နည်းနဲ့ ထွက်ပေါက်ရှာ မဖြေရှင်းပါနဲ့။ တခြားနည်းလမ်းတစ်ခုခုနဲ့သာ ပြဿနာကို ပြေလည်အောင် ဖြေရှင်းဖို့ ကြိုးစားပါ။ ဖြစ်နိုင်ရင် အစ်မတို့ကို အကျိုးအကြောင်း ပြောပြပါ။ တတ်နိုင်သလောက် အစွမ်းကုန် ကူညီပါ့မယ်''

ကောင်မလေး အမူအရာက အနည်းငယ် တည်ငြိမ်လာသည်။ ရေနစ်သူသည် နွယ်မြက်တစ်ပင်ကို အားကိုးတကြီး ဖက်တွယ်ဆုပ်ကိုင်သလိုမျိုး၊ သဲဝတ်လွှာ၏ လက်ကလေးတွေကို သူမ တုန်ယင်စွာ ဖက်တွယ်ဆုပ်ကိုင်လာ၏။

ထို့နောက်တွင်တော့ ...

သူမ၏ဖြစ်စဉ်ကို ရှိုက်သံစွက်လျက် ရင်ဖွင့်ပြောပြလေသည်။





''ကျွန်မနာမည်က ဝေဖြိုးဇင်ပါ'

''အင်း''

''ကျွန်မချစ်သူနာမည်က ... ရဲလင်းမြတ် ... တဲ့''

''ဪ''

''ကျွန်မဟာ ကိုရဲလင်းမြတ်တို့ ကုမ္ပဏီမှာ အလုပ်လုပ်တဲ့ ဝန်ထမ်းပါ။ ကျွန်မနဲ့ ကိုရဲလင်းမြတ် တစ်ဦးနဲ့တစ်ဦး မေတ္တာမျှနေမှန်းသိသွားတော့ သူ့မိဘတွေက သဘောမတူကြဘူး။ ဒါကြောင့် ကျွန်မတို့နှစ်ယောက် နှစ်ဦးသဘောတူ ခိုးပြေးကြပါတယ်''

''အင်း''

''ဒီလိုနဲ့ ... တစ်နေ့မှာ ကျွန်မတို့နေတဲ့ နေရာကို သူ့မိဘတွေက သိသွားပြီး ကျွန်မတို့ နှစ်ယောက်ကို ခွဲဖို့လိုက်လာတယ်။ အဲဒီမှာ ကျွန်မတို့နှစ်ယောက် ထွက်ပြေးကြပါတယ်။ ထွက်ပြေးရင်း ကားအက်ဆီးဒင့်ဖြစ်တယ်။ ကျွန်မက ဒဏ်ရာအနည်းအပါးပဲ ရပေမယ့်၊ ကိုရဲလင်းမြတ်ကတော့ ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားပါတယ်။ အဲဒီမှာပဲ ... နောက်က လိုက်လာတဲ့ ကိုရဲလင်းမြတ်ရဲ့မိဘတွေက ကျွန်မတို့ကို မီသွားပြီး သူတို့သားကို ပြန်ခေါ်သွားကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဩော်''

''အခု ... ကိုရဲလင်းမြတ်ရဲ့ ရင်သွေးလေးကို ကျွန်မ လွယ်ထားရပါတယ်ရှင်''

''ဟင်''

''သူ့မိဘတွေက သူတို့သားနဲ့ ကျွန်မကို လုံးဝသဘောမတူကြဘူး။ ကျွန်မနဲ့ တွေ့ခွင့်တောင် မပေးဘူး။ အဲ့ဒါကြောင့် လူပုံအလယ်မှာ အရှက်ကွဲရတော့မှာမို့ ကျွန်မ အခုလို လုပ်ရတာပါ အစ်မရယ် ...''

''ဩော်''

သဲဝတ်လွှာ ကရုဏာသက်သွားမိ၏။ သူမ သိချင်သောအဓိက အချက်ကို မေးလိုက်သည်။

''ဟိုတစ်ယောက်ဘက်ကကော ညီမကိုမဆက်သွယ်ဘူးလား''

''ကိုရဲလင်းမြတ်ကို ပြောတာလားဟင်''

''အင်းလေ''

ကောင်မလေးက သက်ပြင်းချ၍

''ကျွန်မ ကြားရသလောက်တော့ ... ကိုရဲလင်းမြတ်က ကားအက်စီးဒင့်ဖြစ်ရာက ရတဲ့ဒဏ်ရာတွေကြောင့် အိပ်ရာထဲမှာ လဲနေတယ်တဲ့''

''ဩော်''

''သူ့ခြေထောက်တစ်ဖက်လည်း ကျောက်ပတ်တီး စီးထားရတယ်လို့ ကြားတယ်။ အဲဒီကြားထဲကတောင် သူ့သူငယ်ချင်းတွေ အကူအညီနဲ့ ကျွန်မဆီ ပြန်လာဖို့ သူ ကြိုးစားသေးတယ် ... တဲ့''

''ဩော် ... အင်း ... အင်း ...''

''ဒါပေမယ့် သူ့မိဘတွေ သိသွားတာကြောင့် အဆင်မပြေဘူး''

''ဩော်''





''အခုဆို သူ့အနားမှာ သူ့မိဘတွေက အမြဲစောင့်ကြည့်နေတယ်တဲ့။ သူ့သူငယ်ချင်းတွေလည်း သူနဲ့တွေ့ခွင့်မရတော့ဘူး။ ဒီအကြောင်းတွေ အားလုံးကို သူ့သူငယ်ချင်းတွေ ပြောပြလို့ ကျွန်မ သိရတာပါ''

ကောင်မလေးက ညှိုးငယ်စွာ ပြောနေ၏။ သူမ အမူအရာနှင့် ပြောပုံအရဆို သူမတို့ ချစ်သူနှစ်ဦး၏ သံယောဇဉ်သည် တော်တော်ခဲလေးနက်ခိုင်မြဲပုံရ၏။

သဲဝတ်လွှာ ကိုယ်ချင်းစာသွားမိသည်။ တစ်ဘက်သို့မျက်နှာလွှဲ၍ ရေစက်လက်နှင့်ထိုင်နေသော ဖူးရှုထက်ထံသွားကာ အကျိုးအကြောင်း ပြောပြ၏။

ပြီးနောက် ...

သူမဆန္ဒအား တောင်းဆိုလေသည်။

''သူတို့ချစ်သူနှစ်ဦး အဆင်ပြေသွားအောင် နင် ကူညီပေးလိုက်ပါ ဖူးရှုရယ်။ ငါကတော့ အိမ်ပြင်ထွက်လို့ မရတာကြောင့် ဒီကိစ္စမှာပါနိုင်မယ် မထင်ဘူး''

သဲဝတ်လွှာက ဝမ်းနည်းဟန်ဖြင့် ဖွင့်ဟပြော၏။ ထိုအခါ ဖူးရှုထက်က ...

''စိတ်ချပါ။ ငါ အတတ်နိုင်ဆုံး ကြိုးစားပေးလိုက်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ...

နေဝင်ရီတရော ဆည်းဆာချိန်တွင် ...

ချစ်သူနှင့်ကွေကွင်းရမည့်ဒုက္ခကို ကြိုတင်ခံစားနေရသူတစ်ဦးက ချစ်သူနှင့်ကွေကွင်းရခြင်းဒုက္ခကို လက်တလော ရင်ဆိုင်ခံစားနေရသူတစ်ဦးအား ကူညီကယ်တင်ဖို့ အကြောင်းဖန်လာခဲ့ပါသည်။

ဒီချစ်သူနှစ်ဦး အဆင်ပြေအောင် ဘယ်လိုများ ဆောင်ရွက်ပေးရပါ့မလဲ ... ။





## အခန်း (၁၅)

ရှင်းပြီးသပ်ရပ်သောဆိုင်တစ်ဆိုင်တွင် ကောင်မလေးသုံးယောက် ထိုင်နေကြပါ၏။ သုံးယောက်စလုံးပင် ခေတ်မီသော အပြင်အဆင်နှင့်လှပသော ရုပ်ရည်ပိုင်ရှင်လေးတွေ ဖြစ်၏။

ထိုသုံးယောက်ထဲမှ မျက်နှာဝိုင်းဝိုင်းနှင့် ကောင်မလေးက

''ငါ အရမ်း သိချင်နေတာ တစ်ခုရှိတယ်ဟ''

''ဘာလဲ''

''ပြောစမ်းပါဦး''

အခြား ကောင်မလေးနှစ်ယောက်က မေးသည်။ မျက်နှာဝိုင်းမလေးက ...

''အင်္ဂလိပ်စာပေမှာဆိုရင် အရမ်းခက်ခဲတဲ့ အလုပ်မျိုးကို ဘာကြူလီအလုပ်လို့ ခေါ်ကြတယ်လေ''

''အင်း''

''ငါက အဲဒီဟာကြူလီရဲ့ အလုပ်ဆိုတာတွေကို သိချင်နေတာ''

''ဩော်''

''နင်တို့သိလား''

''ဟင့်အင်း''



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

ကောင်မလေးနှစ်ယောက်စလုံး ခေါင်းခါပြကြ၏။ ထိုအခါ မျက်နှာဝိုင်းမလေး မအီမသာဖြစ်သွားသည်။

"နင်တို့ကလည်း ညံ့လိုက်တာဟယ်။ ငါ့အတိုင်းပဲ"

"အင်"

ထိုစဉ်မှာပင် ...

သူမတို့ဝိုင်းသို့ လူငယ်တစ်ဦးရောက်ရှိလာ၏။ ထိုလူငယ်က နှုတ်ဆက်ညှိခွာ ပြီးကာ ...

"ဟာကြူလီရဲ့အလုပ်တွေကို ကျွန်တော် သိပါတယ်ခင်ဗျ။ ကျွန်တော် ပြောပြပါ့မယ်"

"ဟင်"

ကောင်မလေးသုံးယောက်စလုံး အူလည်လည် ဖြစ်သွားကြသည်။ သူစိမ်းလူငယ်ကတော့ ခပ်တည်တည်ပင် ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်၏။

ပြီးနောက် ...

"ဟာကြူလီဟာ စိတ်ဖောက်ပြန်ပြီး ဇနီးနဲ့သားသမီးအားလုံးကို သတ်လိုက်မိတဲ့ အပြစ်ကြောင့် ... တိရင်းဘုရင် ယူရစ်သုခိုင်းတဲ့ အလုပ်တာဝန် ၁၂ ခုကို ဆောင်ရွက်ပေးရပါတယ်။ အဲဒီအလုပ်တာဝန် ၁၂ ခုဟာ အလွန်အင်မတန် ခဲယဉ်းတာကြောင့် ... အင်္ဂလိပ်စာပေမှာ အရမ်းခက်ခဲတဲ့ အလုပ်မျိုးကို ဟာကြူလီအလုပ်လို့ တင်စားပြီး ခေါ်ကြတာပါ"

လူငယ်က မျက်နှာဝိုင်းမလေးအား စိုက်ကြည့်ကာ ...

"နံပါတ်တစ် ... ဟာကြူလီ ဆောင်ရွက်ပေးရတဲ့အလုပ်က ... နီမီယားတိုင်းပြည်မှာ ဆိုးသွမ်းနေတဲ့ ခြင်္သေ့ကြီးကို သုတ်သင်ရတာပါ။





ဟာကြူလီဟာ သူ့လက်နဲ့ ခြင်္သေ့ကြီးရဲ့လည်မျိုကို ညှစ်သတ်ပစ်ခဲ့တယ်"

"ဪ"

"နံပါတ်နှစ် ... ဆောင်ရွက်ပေးရတဲ့ အလုပ်က ... ခေါင်းကိုးလုံးရှိတဲ့ ဟိုက်ဒြာဆိုတဲ့ မြွေနဂါးကြီးကို သတ်ဖြတ်ရတာပါ။ အဲဒီမြွေနဂါးကြီးဟာ ခေါင်းတစ်လုံးကိုဖြတ်ရင် အဲဒီနေရာမှာ ခေါင်းနှစ်လုံး ထွက်ပေါ်လာလေ့ရှိပါတယ်။ ဟာကြူလီဟာ ခေါင်းတစ်လုံးစီရဲ့ လည်ပင်းကို မီးရှို့တဲ့နည်းနဲ့ မြွေနဂါးကြီးကို နှိမ်နင်းနိုင်ခဲ့ပါတယ်"

"အင်း ... အင်း ..."

"နံပါတ်သုံး ... ဆောင်ရွက်ပေးရတဲ့အလုပ်က ... အာကေးဒီးယားပြည်မှာရှိတဲ့ ရွှေသမင်ကို အရှင်ဖမ်းပြီး ဘုရင့်ထံဆက်သရတာ။ အဲဒီသမင်ရဲ့ ဦးချိုတွေဟာ ရွှေဦးချိုတွေ ဖြစ်ပြီး ခွာတွေကလည်း ကြေးခွာတွေ။ အဲဒီသမင်ဟာ အပြေးလည်း အင်မတန်သန်တယ်။ ဟာကြူလီဟာ ပင်ပန်းတကြီးနဲ့ပဲ နောက်ဆုံးမှာ အဲဒီသမင်ကို မိအောင်ဖမ်းနိုင်ခဲ့တယ်"

"ဪ"

"နံပါတ်လေး ... ဆောင်ရွက်ပေးရတဲ့ အလုပ်က ... အာကေးဒီးယားပြည် အီရီမန်သုက တောဝက်ရိုင်းကို ဖမ်းဆီးပေးရတာ။ အဲဒီအလုပ်ကိုလည်း ဟာကြူလီဟာ အောင်မြင်စွာ လုပ်နိုင်ခဲ့တယ်"

"အင်း"

"နံပါတ်ငါး ... ဆောင်ရွက်ပေးရတဲ့ အလုပ်က ... အီးလစ်ပြည်ရှင် ဩဂိုယပ်ရဲ့ နွားတင်းကုပ်တွေကို ဆေးကြောသန့်စင်ပေးရတာ။ အဲဒီဘုရင်မှာ နွားအကောင်ပေါင်း ၃၀၀၀ ရှိပြီး နွားတင်းကုပ်တွေကို နှစ်ပေါင်း ၃၀ လောက် မဆေးကြောဘဲထားတာ ... တဲ့။ ဟာကြူလီဟာ အဲလဖိယပ်မြစ်နဲ့ ပီနီယပ်မြစ်တို့ကို တင်းကုပ်တွေဘက်လှည့်ပြီး ဖြတ်သန်းစီးဆင်းစေလိုက်တယ်။ အဲဒီလိုနည်းနဲ့ နွားတင်းကုပ်တွေအားလုံးကို တစ်နေ့တည်း



www.burmeseclassic.com

www.burmeseclassic.com



အပြီးဆေးလိုက်တယ်''

''ဟင်''

''နံပါတ်ခြောက် ... ဆောင်ရွက်ပေးရတဲ့အလုပ်က ... စတင်ဖာလပ် ရေအိုင်မှာကျက်စားနေတဲ့ လူသားစား ငှက်ဘီလူးကြီးတွေကို အဆိပ်လူးမြှားနဲ့ ပစ်ခတ်သုတ်သင်ပေးရတာ''

''ကြောင်''

''နံပါတ်ခုနစ် ... ဆောင်ရွက်ပေးရတဲ့ အလုပ်က ... ဂရိကျွန်းမှာရှိတဲ့ နွားရူးကြီးကို ဖမ်းဆီးရတာ။ ပိုဆိုင်ဒွန်နတ်မင်းက ဂရိဘုရင် မိနိုကို နွားလားတစ်ကောင် ယဇ်ပူဇော်ဖို့ပေးတယ်။ မိနိုဘုရင်က နွားလားရဲ့ ကြန်အင်လက္ခဏာကို သဘောကျ နှစ်သက်တာကြောင့် ယဇ်ပူဇော်ခြင်း မပြုဘဲမွေးထားတယ်။ အဲဒီအခါ ပိုဆိုင်ဒွန်နတ်မင်းက အမျက်ထွက်ပြီး နွားလားကြီးကို ရူးသွပ်စေလိုက်တယ်။ အဲဒီနွားရူးရဲ့ရန်ကိုလည်း ဟာကြူလီဟာ နှိမ်နင်းနိုင်ခဲ့တယ်''

''အင်း ... အင်း ...''

''နံပါတ်ရှစ် ... ဆောင်ရွက်ပေးရတဲ့ အလုပ်က ... ဒိုင်အိုမီးဒီးဘုရင်ရဲ့ မြင်းမတွေကို ဖမ်းဆီးပေးရတာ။ အဲဒီမြင်းမတွေဟာ လူသားစားမြင်းတွေ။ ဟာကြူလီဟာ ဒိုင်အိုမီးဒီးကို သတ်ပြီးတော့ အသားကိုမြင်းမတွေစားဖို့ ချကျွေးပစ်လိုက်တယ်''

''ဟယ်''

''နံပါတ်ကိုး ... ဆောင်ရွက်ပေးရတဲ့ အလုပ်က ... အမေဇုန်တို့ရဲ့ဘုရင်မ ဟစ်ပိုလိုင်တီထံက လှပတဲ့ ခါးစည်းကို ယူဆောင်ပေးရတာ။ အမေဇုန်တွေဟာ စစ်တိုက်တာ အင်မတန် ဝါသနာပါတဲ့ မိန်းမတွေဖြစ်တယ်။ ဟာကြူလီဟာ ဘုရင်မကို သတ်ပြီးတော့ ခါးစည်းကို ယူလာခဲ့တယ်''





''ဟင်''

''နံပါတ်တစ်ဆယ် ... ဆောင်ရွက်ပေးရတဲ့ အလုပ်က ... ဂျာရိုးယွန် နွားထီးကြီးကို ဖမ်းဆီးပေးရတာ။ အဲဒီနွားထီးကြီးဟာ ခန္ဓာကိုယ်သုံးခုရှိပြီး အီရုစ်သီးယားကျွန်းမှာ ကျက်စားနေထိုင်တယ်။ အဲဒီကျွန်းဟာ ဂျီဗရောတား ရေလက်ကြား အနောက်ဘက် အလွန်မှာ တည်ရှိတယ်လို့ ဆိုတယ်။ ဟာကြူလီဟာ မြေထဲပင်လယ်အနောက်ဘက်ကို ခရီးသွားရာမှာ ဂျီဗရောတား ရေလက်ကြား တစ်ဖက်တစ်ချက်မှာ ကျောက်တိုင်တွေကို စိုက်ထူခဲ့တယ်။ အဲဒီကျောက်တိုင်တွေကို 'ဟာကြူလီကျောက်တိုင်' လို့ ခေါ်ဆိုကြတယ်''

''အင်း''

''နံပါတ်ဆယ့်တစ် ... ဆောင်ရွက်ပေးရတဲ့ အလုပ်က ... ဟက်စပရီးဒီးနတ်သမီး ညီအစ်မလေးဖော်ထံက ရွှေပန်းသီးတွေကို ယူဆောင်ပေးရတာ။ အဲဒီရွှေပန်းသီးတွေဟာ မြေကြီးစောင့် နတ်သမီးက ဟီးရာနတ်မိဖုရားကို လက်ဆောင်အဖြစ် ပေးခဲ့တဲ့ မင်္ဂလာလက်ဖွဲ့ပစ္စည်းဖြစ်တယ်။ ဟက်စပရီးဒီး နတ်သမီးလေးယောက်နဲ့ မအိပ်မစက်တဲ့နေတဲ့ နဂါးတစ်ကောင်က အဲဒီရွှေပန်းသီးတွေကို စောင့်ရှောက်ရတာ။ ဟာကြူလီဟာ ဟက်စပရီးဒီးနတ်သမီးတို့ရဲ့ဖခင် အက်တလတ်ရဲ့အကူအညီနဲ့ ပန်းသီးတွေကို ရရှိခဲ့တယ်''

''အင်း''

''အက်တလတ်က ကမ္ဘာကြီးကို ပခုံးထက်မှာ ထမ်းထားရသူဖြစ်တယ်။ အက်တလတ် ပန်းသီးတွေကို သွားယူနေချိန်မှာ ဟာကြူလီက ကမ္ဘာကြီးကို ထမ်းထားပေးရတာ။ ဒါပေမယ့် ပန်းသီးတွေရပြီး အက်တလတ် ပြန်ရောက်လာတဲ့အခါ ကမ္ဘာကြီးကို မထမ်းလိုတော့တာကြောင့် သူကိုယ်တိုင် ဘုရင့်ထံ သွားရောက်ဆက်သမယ်လို့ ပြောတယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ဟာကြူလီဟာ ပရိယာယ်နဲ့ ပန်းပေါ်မှာ အနုအခံထားလိုတာ ကြောင့် ခဏပြန်ယူပါဦးဆိုပြီး ကမ္ဘာကြီးကို ပခုံးလွှဲပြောင်းပေးလိုက်တယ်။ ပြီးတော့မှ ပန်းသီးတွေကိုယူပြီး ပြန်လာခဲ့တာ''

''ဩော်''

''နံပါတ်ဆယ်နှစ် ... ဆောင်ရွက်ပေးရတဲ့ အလုပ်က ... ပေးဒီး သို့ခေါ်တဲ့ မရဏာအရုပ် အဝင်ဝကိုစောင့်တဲ့ ဆာဗီးရပ်ခွေးကြီးကိုခေါ်ဆောင် ပေးရတာ။ အဲဒီခွေးကြီးမှာ ခေါင်းသုံးလုံးရှိတယ်။ အသွင်သဏ္ဍာန်ကလည်း အင်မတန် ကြောက်မက်ဖွယ်ကောင်းတယ်။ ယူရစ်သုသာရင်ဟာ ခွေးကြီး ကို မြင်တာနဲ့ အလွန်ထိတ်လန့်သွားပြီး ဟာကြူလီကို ပြန်ပို့ခိုင်းလိုက် တယ် ... တဲ့''

''ဩော်''

ခေတ္တခဏ တိတ်ဆိတ်သွားသလိုပါပဲ။ ကောင်မလေးသုံးယောက် က သူစိမ်းလူငယ်ကို အထူးအဆန်းသဖွယ် စိုက်ကြည့်ကြလေသည်။

လူငယ်ကတော့ မျက်နှာဝိုင်းမလေးကိုသာ တစ်သမတ်တည်း ကြည့်လျက်ရှိပါ၏။

မျက်နှာဝိုင်းမလေးက ...

''အခုလို ကျွန်မ သိချင်တာကို ပြောပြတဲ့အတွက် ကျေးဇူးတင် ပါတယ်''

လူငယ်က မပွင့်တပွင့် ပြုံးကာ ...

''ကျေးဇူးတင်တယ်ဆိုရင် ... ကျွန်တော့်ကို အကူအညီတစ်ခု လောက် ပေးစေချင်ပါတယ်''

''ရှင်''

မျက်နှာဝိုင်းမလေး အံ့အားသင့်သွား၏။ သူစိမ်းလူငယ်ကို နား မလည်ဟန်ဖြင့် ကြည့်ကာ ...





''ကျွန်မက ရှင့်ကို ဘာအကူအညီပေးရမှာလဲ''

ထိုအခါ သူစိမ်းလူငယ်က ...

''ဒီလိုပါ ... ''

ဟု အစချီကာ ဤနေရာသို့ သူ ရောက်ရှိလာရခြင်း အကြောင်း ရင်းကို စီကာပတ်ကုံး ပြောပြလေသည်။ သူ ပြောသမျှကို မျက်နှာဝိုင်း မလေးက စိတ်ပါဝင်စားစွာ နားထောင်သည်။

ထို့နောက် ...

သူတို့နှစ်ယောက် အပြန်အလှန် ဆွေးနွေးပြောဆိုကြပြီး၍ ပြီးသောအခါ ...

မျက်နှာဝိုင်းမလေးက သူစိမ်းလူငယ်တောင်းသော အကူအညီ ကို ပေးမည့်အကြောင်း ခေါင်းညိတ်၍ ကတိပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

အသက်လေးဆယ်ကျော် ငါးဆယ် ဝန်းကျင်ခန့်ရှိမည့် အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး ... ။ သူတို့သည် အိမ်တစ်အိမ် အတွင်းမှာ ကင်း စောင့်စစ်သားများပမာ တည်ရှိနေကြပါ၏။

ထိုစဉ် ...

လူတစ်ဦး ရောက်လာပြီး သူတို့အား စာတစ်စောင်ပေးသည်။

ထိုစာတွင် အောက်ပါအတိုင်း ရေးထား၏။

> အဖေနဲ့အမေ ...
>
> သမီးချစ်သူနောက်ကို သမီး ခိုးရာလိုက်သွားပါပြီ။
>
> သမီးတို့ကို လိုက်မရှာပါနဲ့။
>
> သမီးမိုက်

စာကိုဖတ်ပြီးသောအခါ အမျိုးသားကြီးနှင့် အမျိုးသမီးကြီး မျက်နှာပျက်သွားကြပြီး အကြီးအကျယ် ဒေါသူပုန်ထလေသည်။





နှုတ်မှလည်း အလွန်တရာ မိုက်မဲကြောင်းတွေ အပြစ်တင် ပြောဆို ကျိန်းဝါးကြ၏။ သူတို့ တော်တော် တုန်လှုပ်သွားပုံရပါသည်။

စာလာပေးသူအား အမျိုးသားကြီးက မေးသည်။

''ဒီစာကို ဘယ်တုန်းက ပေးသွားတာလဲ''

''ခေဝေလေးကပဲ ပေးသွားတာပါခင်ဗျ။ ဒီအိမ်ကို ပို့ပေးပါ ဆိုလို့''

စာလာပေးသူက ကျိုးကျိုးနွံနွံ ဖြေသည်။ အမျိုးသမီးကြီးက

''ဒီစာကို လာပေးတုန်းက ကောင်မလေးတစ်ယောက်တည်း လား''

''မဟုတ်ဘူးခင်ဗျ။ ကောင်လေးတစ်ယောက်လည်း ပါသေး တယ်''

အမျိုးသားကြီးက ...

''သူတို့ ဘယ်ဘက်ထွက်သွားကြလဲ''

''ကားငှားနေတာတော့ မြင်တယ်။ [illegible] ကြားတာပဲ''

အမျိုးသမီးကြီးက ညည်းသည်။

''ဒီသားနဲ့ ဒီသမီးကြောင့်တော့ [illegible]''

အမျိုးသားကြီးက ...

''အခုမှ ခက်မနေနဲ့။ အငှားကားနဲ့ [illegible] ဆိုတော့ ... ငါတို့လိုက်ရင် မှီနိုင်သေးတယ်။ [illegible] မလား''

''မလိုက်လို့ ဖြစ်မလားရှင့်၊ [illegible] မိန်းကလေး။ ပိုအရေးကြီးတယ်''

အမျိုးသားကြီးနှင့် အမျိုးသမီးကြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးနောက် ... ကားကို အလျင်အမြန် မောင်းနှင်၍ ထွက်ခွာသွားကြလေသည်။

အရှိန်အဟုန်ပြင်းပြင်းနှင့် သူတို့ကား ဦးတည်ရာက

အဝေးပြေးကားဝင်းဆီသို့ ...





အမျိုးသားကြီးနှင့် အမျိုးသမီးကြီး ထွက်သွားပြီး ခဏအကြာတွင် ...

ထိုအိမ်သို့ လူငယ်တစ်စု ရောက်ရှိလာ၏။

သူတို့သည် အိမ်အတွင်းရှိ ပတ်တီးဖြူအဖွေးသားနှင့်လူအား တက်ညီလက်ညီ သယ်ထုတ်သွားကြလေသည်။

ပတ်တီးဖြူဖြူတွေနှင့် လူကလည်း အကြိုက်တွေ့သွားဟန်ဖြင့် ကြည်ကြည်သာသာလိုက်သည်။ ထိုလူသည် ကိုယ်ခန္ဓာတစ်ခြမ်းက မံမီရုပ်အလောင်းသဖွယ် ဖြစ်နေပေမယ့်၊ မျက်နှာပြင်ကတော့ ပုရွက်ဆိတ်တက်ကိုက်တော့မတတ်ပင် ပြုံးရွှင်ချိုမြ၍ နေ၏။

အင်း ... ဟုတ်တော့ ဟုတ်နေပေပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားကြီးနှင့် အမျိုးသမီးကြီးသည် ကားဝင်းအနှံ့ အပ်ကြောင်းထပ်အောင် ရှာပေမယ့် သမီးဖြစ်သူကို မတွေ့ချေ။

ဒါ့ကြောင့် ...

စိတ်မောလူမောဖြင့် အိမ်သို့ ပြန်လာခဲ့ကြပါ၏။

အိမ်ရောက်သောအခါတွင် ...

ဧည့်ခန်းဆက်တီပေါ်မှာ စာရွက်ကလေးတစ်ရွက်က သူတို့အား အသင့်စောင့်ကြိုနေလေသည်။

ထိုစာရွက်ကိုယူ၍ ဖတ်ကြည့်လိုက်ရာ ...

> အမေနဲ့အမေ ...
>
> သားချစ်သူနောက်ကို သား ခိုးရာလိုက်သွားပါပြီ။ သားတို့ကို လိုက်မရှာပါနဲ့။
>
> သားမိုက်

''ဟင်''

''အို''





စာကို ဖတ်ပြီးသောအခါ အမျိုးသားကြီးနှင့် အမျိုးသမီးကြီး မျက်ဖြူလန်မတတ် ဖြစ်သွားကြလေသည်။

သူတို့ခမျာ ... မွေ့ပါလည်း ဆုံး၊ သားလည်း ဆုံး။

ငုံးပြီ ... ။



www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တပတ်ခန့် ကြာသောအခါ ...





## အခန်း (၁၇)

အမျိုးသားကြီးနှင့် အမျိုးသမီးကြီးသည် ညှော်ခန်းထဲမှာ ငူငူငိုင်ငိုင် ထိုင်နေကြ၏။

ယခင်ကဆို ပွဲတော်တစ်ခုပမာ စိုပြေစည်ကားသော အိမ်ဂေဟာသည် ယခုတော့ဖြင့် သုသာန်တစပြင်ပမာ တိတ်ဆိတ်ခြောက်ကပ်လျက်ရှိပါသည်။

ထိုစဉ်မှာပင် ...

အိမ်အတွင်းသို့ ကောင်လေးနှစ်ယောက် ဝင်လာကြ၏။

''ဘာကိစ္စရှိလို့လဲ''

အမျိုးသားကြီးက ခြောက်ကပ်အေးစက်စွာ မေးသည်။ ထိုအခါ ကောင်လေးတစ်ယောက်က ...

''ကျွန်တော်တို့ဟာ ဦးလေးနဲ့အဒေါ်ရဲ့သမီးကို ခိုးယူသွားသူရဲ့ သူငယ်ချင်းတွေပါ''

''ဟင် ... ဟုတ်လား''

အမျိုးသားကြီးနှင့် အမျိုးသမီးကြီး၏မျက်လုံးတွေ တဖိတ်ဖိတ် လက်သွားကြသည်။

ကောင်လေးတစ်ယောက်က ...



www.burmeseclassic.com

www.burmeseclassic.com



''အခု ဦးလေးနဲ့ အဒေါ်ရဲ့သမီးကို ကျွန်တော်တို့ ပြန်လာပို့ပေးတာပါ''

''သမီးက ဘယ်မှာလဲ''

အမျိုးသမီးကြီးက ဟိုဒီကြည့်၍ အစောတလျင် မေးသည်။

ကောင်လေးတစ်ယောက်က ...

''သူ နောက်က လိုက်လာပါလိမ့်မယ်ခင်ဗျ။ သူ အရင်မလာရဲလို့ ကျွန်တော်တို့က ရှေ့ကနေ အကျိုးအကြောင်း လာပြောတာပါ''

''သြော်''

အမျိုးသမီးကြီးက ...

''အခု မင်းတို့ သူငယ်ချင်းက မိသားဖသားပီပီ လာကြောင်းလမ်းချင်လို့ သမီးကို ပြန်အပ်တာပေါ့လေ။ ဟုတ်လား''

ကောင်လေးနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ကြ၏။ ပြီးတော့ ပြိုင်တူ ခေါင်းခါသည်။

ကောင်လေးတစ်ယောက်က မဝံ့မရဲဖြင့် ...

''မိသားဖသားပီပီ လာကြောင်းလမ်းချင်လို့ ပြန်အပ်တာမဟုတ်ပါဘူးခင်ဗျ။ ကျွန်တော်တို့သူငယ်ချင်းက ဦးလေးနဲ့ အဒေါ်ရဲ့သမီးကို မပေါင်းချင်တော့ဘူးဆိုတာကြောင့် ... ပြန်လာပို့ပေးတာပါ''

''ဘာ ...''

အမျိုးသားကြီး အသံက ဟိန်းထွက်လာသည်။ အမျိုးသမီးကြီးလည်း မျက်စိမျက်နှာပျက်သွားသည်။

''တစ်ပတ်လောက် ပေါင်းပြီးမှ ဆက်မပေါင်းချင်တော့လို့ ပြန်ပို့တယ်ဆိုတော့ မင်းတို့က ငါတို့သမီးကို ဘယ်လို အတန်းအစားမျိုး မှတ်နေလို့လဲ''

''ငါတို့သမီးက ဟင်းရွက်ကန်စွန်းမဟုတ်ဘူးဟဲ့။ မိကောင်းဖခင်





ကမွေးထားတာ''

''မင်းတို့သူငယ်ချင်း ဘယ်မှာလဲ ... ပြောစမ်း ...။ နှမချင်း မစာနာတဲ့ အဲဒီကောင်ကို ဖမ်းပြီး တရားစွဲပစ်မယ်''

အမျိုးသားကြီးနှင့် အမျိုးသမီးကြီး တစ်ယောက်တစ်ပေါက် ဒေါသတကြီး အော်ဟစ်ပြောဆိုကြလေ၏။ သူတို့ မခံမရပ်နိုင် ဖြစ်နေကြသည်။

ထိုစဉ်တွင် ...

''အဲဒီလိုသာ တရားစွဲမယ်ဆိုရင် ... ဦးတို့ရဲ့သားကို အရင်ဆုံး ဖမ်းပြီး တရားစွဲသင့်ပါတယ်''

''ဟင်''

အသံနှင့်အတူ လူငယ်တစ်ဦး အိမ်အတွင်းသို့ ရဲဝံ့တည်ငြိမ်စွာ ဝင်ရောက်လာလေသည်။ အမျိုးသားကြီးက ထိုလူငယ်ကို ကြည့်၍ ...

''မင်းက ဘယ်သူလဲ''

''ကျွန်တော် ဘယ်သူလဲဆိုတာက အရေးမကြီးပါဘူးခင်ဗျ။ အဓိက အရေးကြီးတာတွေပဲ ကျွန်တော် ပြောပါရစေ''

လူငယ်က အမျိုးသားကြီးနှင့်အမျိုးသမီးကြီးအားကြည့်ကာ ...

''ဦးနဲ့အဒေါ်တို့လင်မယားဟာ ကိုယ့်သမီးကို တစ်ပတ်လောက် ခိုးယူပေါင်းသင်းပြီး အိမ်ပြန်ပို့တာကြတော့ မခံမရပ်နိုင်ဖြစ်နေကြတယ်။ ဝေဖြိုးဇင်ဆိုတဲ့ ကောင်မလေးကို ဦးတို့သားရဲလင်းမြတ် ခိုးယူပေါင်းသင်းတာကြတော့ ... ဗိုက်ထဲမှာ ကလေးတစ်ယောက်ရှိနေတာတောင် မကွဲကွဲအောင် လိုက်ခွဲကြတယ်။ ဝေဖြိုးဇင်ဟာ ရေကန်ထဲခုန်ချပြီး ရှက်တဲ့စိတ်နဲ့ အသက်နှစ်သက်ကို အဆုံးစီရင်ပစ်ဖို့ ကြိုးစားတယ်။ အချိန်မီ ကယ်တင်နိုင်လို့ပေါ့ဗျာ ... မဟုတ်ရင် ...''

အမျိုးသားကြီးနှင့် အမျိုးသမီးကြီး ပါးစပ်အဟောင်းသားဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ လူငယ်က သူ့စကားကို ပြတ်သားစွာ ဆက်ပြောသည်။

"လူမှန်ရင် ကိုယ်ချင်းစာတရားလေးတော့ ရှိသင့်ပါတယ်ဗျာ။ မိဘပီပီ သားသမီးကို ချစ်တာဟော့ ချစ်တာပေါ့လေ။ ဒါပေမယ့် အရမ်းတစ်ဖက်စောင်းနင်းကြီးတော့ မပြုလုပ်သင့်ပါဘူး။ ကိစ္စတစ်ခုကို ဖြစ်မလာခင်ကတည်းက တားသင့်တယ်။ ဖြစ်ပြီးသွားပြီဆိုရင်တော့ ကိုယ့်ဆန္ဒကို ဘေးဖယ်ပြီး လုပ်သင့်လုပ်ထိုက်တာကိုသာ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးသင့်ပါတယ်။ ဒါကြောင့် ... ဝေဖြိုးဇင်နဲ့ကိုရဲလင်းမြတ်ကို သဘောတူပေးစေချင်ပါတယ်"

လူငယ်၏ စကားဆုံးတော့ အမျိုးသမီးကြီးကသက်ပြင်းချ၍ ...

"အန့်တီတို့သားလည်း အခု အိမ်မှာမရှိတော့ပါဘူးကွယ်။ သူ့ချစ်သူနဲ့ ခိုးရာလိုက်သွားတယ်လို့ စာရေးထားခဲ့ပြီး အိမ်ကနေ ပျောက်သွားတာ တစ်ပတ်လောက် ရှိပါပြီ"

ထိုအခါ လူငယ်က ...

"ကိုရဲလင်းမြတ်ကို ကျွန်တော်နဲ့ကျွန်တော့်သူငယ်ချင်းတွေပဲ ဒီအိမ်ကနေ ခေါ်ထုတ်သွားကြတာပါ"

"ဟင်"

နှစ်ယောက်စလုံး အံ့သြသွားပုံရ၏။ အမျိုးသားကြီးက ...

"သားကြီးကို ဒီအိမ်ကနေ ခေါ်ထုတ်သွားတာလည်း မင်းတို့ပဲ ... ဟုတ်လား ..."

လူငယ်ကခေါင်းညိတ်၍ ...

"ဟုတ်ပါတယ်ခင်ဗျ။ ကိုရဲလင်းမြတ်ကို သူ့ချစ်သူဆီ ကျွန်တော်တို့ ပို့ပေးလိုက်ကြတာပါ။ ဘာမှစိတ်မပူကြပါနဲ့။ ကိုရဲလင်းမြတ်ရဲ့ ကျန်းမာရေး အတွက်ကော၊ သူနဲ့ ဝေဖြိုးဇင်ရဲ့နေရေးထိုင်ရေး အတွက်ပါ အဆင်ပြေအောင် ကျွန်တော် အတတ်နိုင်ဆုံး စီစဉ်ပေးထားပါတယ်။ အခုဆို သူတို့





နှစ်ယောက်ဟာလည်း တရားရုံးမှာ တရားဝင် လက်မှတ်ရေးထိုးပြီး လက်ထပ်ထားကြပါပြီ။ ဒါကြောင့် ... သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးကို မဖြိုခွဲ မဖျက်ဆီးဖို့ ကျွန်တော် ကြားကနေ တောင်းပန်ပါတယ်"

အမျိုးသားကြီးနှင့်အမျိုးသမီးကြီး ငြိမ်သက်စွာ နှုတ်ဆိတ်နေကြ၏။ လူငယ်က အခြေအနေကို အကဲခတ်ပြီး ...

"ဦးနဲ့အဒေါ် ရဲ့သမီး ... သူ့ချစ်သူနောက် ခိုးရာလိုက်သွားတယ်ဆိုတာလည်း တကယ် မဟုတ်ပါဘူးခင်ဗျ"

"ဘယ်လို ... သမီး ခိုးရာလိုက်သွားတယ်ဆိုတာ တကယ် မဟုတ်ဘူး ... ဟုတ်လား"

အမျိုးသမီးကြီးက ပျာပျာသလဲ မေး၏။ လူငယ်က ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်ခင်ဗျ။ ကိုရဲလင်းမြတ်ရဲ့ အနားမှာ အမြဲစောင့်ကြပ်နေတဲ့ ဦးနဲ့အဒေါ်ကို အပြင်ထွက်စေချင်တာရယ်၊ ပြီးတော့ ... ကိုယ်ချင်းစာစိတ် ဖြစ်ပေါ်စေချင်တာရယ်ကြောင့် ... ကျွန်တော် သူ့ကို အကူအညီ တောင်းလိုက်တာပါ။ သူကလည်း မိန်းကလေးချင်း စာနာစိတ်နဲ့ ကျွန်တော်တောင်းတဲ့ အကူအညီကို ပေးတာပါ"

အမျိုးသားကြီးက မျက်မှောင်ကြုတ်၍ ...

"ဒါဆို သမီးဟာ တစ်ပတ်လုံးလုံး ဘယ်ပျောက်နေတာလဲ"

လူငယ်က ...

"သူ့သူငယ်ချင်းကောင်မလေး တစ်ယောက်ရဲ့အိမ်မှာပဲ ရှိပါတယ်။ တခြား ဘယ်မှမသွားပါဘူး။ မကြာခင် ဒီအိမ်ကို သူပြန်လာပါလိမ့်မယ်။ သူ ရောက်လာရင်လည်း ဒီကိစ္စအတွက်နဲ့ မဆူပူကြပါနဲ့ခင်ဗျ။ သူဟာ ကျွန်တော်အကူအညီတောင်းလို့ ပေးရတာပါ"

ရှင်းသန့်လတ်ဆတ်သော လေပြည်အသစ်သည် အိမ်အတွင်းမှာ

www.burmeseclassic.com



ငြိမ့်ငြောင်းစွာ ဖြစ်ပေါ်တိုးဝှေ့လာသယောင် မှတ်ထင်ခံစားရပါ၏။

ခဏအကြာမှာ ...

အိမ်အတွင်းမှ ကောင်လေးသုံးယောက် တက်ကြွစွာဖြင့် ပြန်လည်ထွက်ခွာလာကြ၏။

သူတို့မျက်နှာတွေက ...

အောင်ပွဲရ စစ်သူကြီးတွေ သဖွယ် ပီတိနှင့်အတူ ပြုံးလဲ့လို့နေလေသည်။

ကောင်လေးတစ်ယောက်၏ နှုတ်ဖျားဆီမှ တိုးဖွဖွ ရေရွတ်ဆုတောင်းသံ ထွက်ပေါ်လာသည်။

"ငှက်ကလေး ကောင်းရာဘုံဘဝရောက်ပါစေ ..."
"ကျွန်တော့် ချစ်သူလည်း ကျန်းမာပါစေ ..."





ထိုကောင်လေးသည် ...

အသံမထွက်နိုင်လောက်အောင် နာကျင်ဆင်းရဲနေသော ဒဏ်ရာရ သားကောင်သဖွယ် တိတ်တဆိတ် ရွတ်ဆိုညည်းတွားပြန်၏။

သဲရေ ...

နင်ပေးအပ်တဲ့ တာဝန်ကိုတော့ ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါပြီ ... ။

ဒါပေမယ့် ... နင့်အတွက် ရည်စူးထားတဲ့ အပြီးမသပ်သေးတဲ့ ဆန္ဒတစ်ခုရှိနေသေးတယ် ... ။

အဲဒီကိစ္စပြီးဆုံးအောင်

ငါ ...

အချိန်မီ ... လုပ်ဆောင်ရဦးမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်လေးသည် အခြားကောင်လေးနှစ်ယောက်နှင့် လမ်းခွဲကာ တစ်နေရာဆီသို့ ဦးတည်ထွက်လာခဲ့လေ၏။

ထိုအချိန်တွင် ...

ကျောင်းကင်တစ်ခွင်၌ တိမ်ညိုတိမ်မဲတွေ အုပ်စုဖွဲ့လျက် ရှိပါသည်။





## အခန်း (၁၈)

''လူတွေသေရင် ပါးစပ်ထဲကို ကူးတို့ခထည့်တာ ဘာဖြစ်လို့လဲ ဟင်''

စူးရှထက်က အုတ်ဂူအား ပုံဖော်ပြုလုပ်ရင်းမှ မေး၏။ သူ့[illegible]ကြီးက စူးရှထက်၏ လှုပ်ရှားမှုများကို ငေးလျက် ...

''ရှေးတုန်းက လူတွေသေရင် ရက်ကူးအောင် ထားလေ့မရှိဘူး။ နေ့ချင်းဂြိုဟ်ကြတယ်။ သင်္ဂြိုဟ်တဲ့အခါမှာ အလောင်းကို လူထမ်းခြင်း ယာဉ်တင်ခြင်း မရှိဘူး။ ဖုတ်သွင်းတတ်တဲ့ မှော်ဆရာ ပညာဆရာတွေက အလောင်းကို ဖုတ်သွင်းပြီး ... ယောကျ်ားဆိုရင် အကျႌနောက်ပြန်ဝတ် ဆံပင်ဖားလျားချ၊ ပန်းနီကိုပန် ...။ မိန်းမဆိုရင် ထဘီ နောက်ပြန်ဝတ် ဆံပင်ဖားလျားချ၊ ပန်းနီကို ပန်ပြီး သုသာန်ကို သူ့အလိုလို လျှောက်သွားခိုင်းတာ''

''ဟင်''

''အဲဒီလိုတွေ ဆင်ယင်ပေးလိုက်တာက သုသာန်ကို သွားတဲ့ လမ်းမှာ လူကောင်းတွေ မြင်ရင် ဖုတ်သွင်းထားတဲ့ လူသေအလောင်း ကောင်မှန်းသိအောင်လို့ ပြပြင်ပေးလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



“ဩော် … ဟုတ်ကဲ့”

“လူသေအလောင်း သူ့ဘာသာသူ လျှောက်လာလို့ သုသာန်ရောက်တဲ့အခါ သင်္ဂြိုဟ်မယ့် သုသာန်စောင့်က ပုံစံကိုကြည့်ပြီး သေပြီးသား လူမှန်းသိတယ်။ အဲဒီမှာ ဖုတ်ဝင်နေတဲ့ အလောင်းကို တုတ်နဲ့ရိုက်ပြီး နှတ်ထွက်သွားအောင်လုပ်တယ်။ အလောင်းလဲသွားတဲ့အခါမှ အလောင်းရဲ့ ပါးစပ်ထဲမှာ ထည့်ပေးလိုက်တဲ့ ကူးတို့ခကို နှိုက်ထုတ်ယူပြီး သင်္ဂြိုဟ်လိုက်တာ”

“ဩော်”

“ဒါကြောင့် … ကူးတို့ခဆိုတာ သင်္ဂြိုဟ်ခပဲ”

သုဘရာဇာကြီး၏ စကားဆုံးသောအခါ စူးရှထက်က …

“ကျွန်တော်သေရင်ကော ဦးလေးကသင်္ဂြိုဟ်ခ ဘယ်လောက်ယူမှာလဲဟင်”

သုဘရာဇာကြီးက ဝမ်းခေါင်းသံကြီးနှင့် ဟက်ဟက်ပက်ပက်ရယ်၍ …

“မင်းက ငယ်ငယ်လေးပဲ ရှိပါသေးတယ်ကောင်လေးရာ။ မင်းနဲ့စာရင် ငါက အများကြီးအသက်ကြီးပါပြီ။ သေရင်းသေ ငါက မင်းထက်အရင်သေမှာပေါ့ကွ”

စူးရှထက်က မချိပြုံးပြုံးကာ …

“သေခြင်းတရားမှာ သတ်မှတ်ချက်မှ မရှိတာဘဲ ဦးလေးရယ်။ ကြီးတာငယ်တာနဲ့ မဆိုင်ပါဘူး”

“အေး … အဲ့ဒါတော့ ဟုတ်တယ်ကွ။ အသက်အရွယ် အယုတ်အလတ်အမြတ်မရွေး ငါ မြေမြှုပ်ပေးနေရတာ။ တစ်ခါတလေဆို လသားအရွယ် ကလေးငယ်တွေတောင် ပါတယ်။ အဲဒီလို လသားအရွယ်လေးတွေကို မြေမြှုပ်ပေးရတော့ ငါ ဘာဖြစ်သလဲ … သိလား”





“ဝမ်းနည်းမိတာလား”

“မဟုတ်ဘူးကွ”

“ဒါဆို ဘာလဲ”

“မြေကျင်းတူးရတာ သက်သာလို့ ပျော်တာ”

“ဟင်”

သုဘရာဇာကြီးက သူ့စကားသူ သဘောကျဟန်ဖြင့် တဟားဟား ရယ်၏။ စူးရှထက်က ခေါင်းတစ်ချက်ဆိုးပြီး …

“ဦးလေးဟာက မဟုတ်သေးပါဘူးဗျာ။ ကလေးတွေသေတာကို ပျော်ရတယ်လို့”

“ဟ … ဒါ ငါ့အလုပ်ပဲလေကွာ။ လူဆိုတာ ကိုယ့်အလုပ်မှာ သက်သာရင် ဘယ်သူမဆို ပျော်မှာပဲ။ ကိုယ့်အလုပ်အကိုင် အဆင်ပြေလို့ ဝင်ငွေဖြောင့်နေရင်လည်း ဝမ်းသာကြတာပဲလေ။ အဲ့ဒါကြောင့် ငါ့ဆီကို လူသေတွေ တဖွဲဖွဲရောက်လာရင်လည်း ငါ ဝမ်းသာတယ်ကွ”

“အဲ …”

ခက်ပြီ။

“အနိဋ္ဌာရုံတွေကိုပဲ မြင်နေကြားနေရတဲ့အတွက်တော့ တခါတလေ ဒီအလုပ်ကို ငါ ငြီးငွေ့စိတ်ပျက်မိတယ်”

“ဩော်”

သူ့ဘဝနှင့်သူဆိုတော့လည်း ဘာမှမပြောသာ။

“လူတွေဟာ တော်တော်ကော့ ရယ်စရာအကောင်းသားကွ။ ဒုက္ခသုက္ခတွေခံဖို့အတွက် အမင်္ဂလာအသံတွေကို ငိုသံတွေနဲ့အမိဝမ်းတွင်းကနေ ကလေးလေးတစ်ယောက် လောကထဲရောက်လာရင် မင်္ဂလာဆိုပြီး ဂုဏ်ယူရယ်မောပျော်ရွှင်ကြတယ်။ တချို့ဆို အကျွေးအမွေးတွေတောင် လုပ်လိုက်သေးတယ်။ ငါ့စိတ်ထဲမှာတော့ အဲ့ဒါတွေဟာ ဒုက္ခသည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာမယ့်ဟာလေးကို လူပုံအလယ်ထုတ်ပြသလိုပဲ ခံစားရတယ်။ သန္ဓေသားအဖြစ်နဲ့ ကိုးလကျော်ဆယ်လနီးပါး အမိဝမ်းတွင်းမှာနေရတာနဲ့ နောင်ဖြစ်လာမယ့် ဒုက္ခတွေကိုထားဦး။ အမိဝမ်းတွင်းက ကျွတ်ကျွတ်ချင်းပဲ အရိုက်အပုတ်ခံပြီး ငိုနေရပြီ။ အဲ့ဒါလား မင်္ဂလာရှိတာ ... ။

ဒုက္ခသုက္ခတွေက လွတ်မြောက်ပြီး လူတစ်ယောက် သေဆုံးသွားတာကျတော့ ဝမ်းမသာဘဲ အမင်္ဂလာဆိုပြီး ပူဆွေးငိုကြွေးကြတယ်။ ဘာတွေမှန်းကို မသိပါဘူးကွာ ... ။ အဲ့ဒါကြောင့်ပဲ လူတွေအားလုံးဟာ အရူးတွေလို့ ပြောကြတာထင်ပါရဲ့ ... ''

သုဘရာဇာကြီးပြောတာတွေကို စူးရှထက် အငေးသားနားထောင်နေသည်။ သူ့စကားရပ်သွားတော့မှ ...

''ကျွန်တော် မေးတာကို ဖြေဦးလေ ဦးလေးရဲ့''

''ဘာလဲကွ''

''ကျွန်တော့်အလောင်းကို ဦးလေးသင်္ဂြိုဟ်ရမယ်ဆိုရင် သင်္ဂြိုဟ်ခ ဘယ်လောက်ယူမယ် စိတ်ကူးလဲ''

သုဘရာဇာကြီးက ...

''မင်းလည်း လူထဲက လူပဲကွာ။ အဲ့ဒါကြောင့် မင်းသေတဲ့အချိန်ရဲ့ကာလပေါက်ဈေးနဲ့တွက်ပြီး တခြားလူတွေကို ယူတဲ့နှုန်းထားနဲ့ပဲ ယူမှာပေါ့ကွ''

''ဟင် ... အချင်းချင်းတွေတောင် ဈေးလျှော့မပေးဘူးလား။ ဦးလေးနဲ့ကျွန်တော်က ရင်းနှီးနေပြီဟာကို''

စူးရှထက်စကားကြောင့် သုဘရာဇာကြီးက ...

''ဒီအလုပ်က ငါ့ရဲ့စီးပွားရေးလေကွာ။ စီးပွားရေးလုပ်တာမှာ ရင်းနှီးမှုနဲ့ မရောထွေးရဘူး။ လူလူချင်း ခင်မင်ရင်းနှီးလို့ တခြားတစ်ခုခုနဲ့ ပြုစုကူညီသင့်ရင် ပြုစုကူညီလိုက်။ စီးပွားရေးနဲ့ကော့ မရောထွေးနဲ့။ လူမှု





ရေးနဲ့ စီးပွားရေးကို ရောထွေးရင် စီးပွားပျက်တတ်တယ်ကွ။ မြဲမြဲမှတ်ထား''

''ဩော် ... ဟုတ်ကဲ့။ ဟုတ်ကဲ့''

စူးရှထက်က ခေါင်းကို တဆတ်ဆတ်ညိတ်ပြရာ သုဘရာဇာကြီးက ရယ်၍

''အားမငယ်ပါနဲ့ကွာ။ မင်းကိုငါ သင်္ဂြိုဟ်ရမယ်ဆိုရင် ... သင်္ဂြိုဟ်ခ လျှော့မယူပေမယ့် နေရာကောင်းကောင်းလေးမှာတော့ ထားပေးမှာပါ''

စူးရှထက်က ပြုံး၍ သူ လုပ်လက်စ အုတ်ဂူလေးကို ကြည့်သည်ပြီးနောက် ... ဖျော့တော့စွာဖြင့် ...

''ကျွန်တော် သေရင် တခြား ဘယ်နေရာမှာမှ မထားပါနဲ့ ဦးလေးရယ်။ ကျွန်တော့်ချစ်သူရဲ့အုတ်ဂူလေး ဘေးမှာပဲ ထားပေးပါ''

သုဘရာဇာကြီးက ခေါင်းညိတ်သည်။

''စိတ်ချပါကွာ။ အဲဒီလောက်တော့ ငါ ကူညီနိုင်ပါတယ်''

ကတိပေးနေရင်းမှ ...

''မင်းကလည်း ပြောနေလိုက်တာ ... အခုချက်ချင်း သေတော့မယ့်အတိုင်းပဲ။ ရှေ့ရေးကို တော်တော် ကြိုတွေးတဲ့ကောင်ပဲကွာ ဟား ဟား ... ရယ်ရတယ်ဟေ့ ... ''

သုဘရာဇာကြီးက ဝမ်းခေါင်းသံကြီးဖြင့် ဟားဟားဟား ရယ်မောသည်။ စူးရှထက်ကလည်း သူနှင့်အတူ လိုက်ရယ်သည်။

ရယ်နေရင်းတန်းလန်း စူးရှထက် ချောင်းတဟွတ်ဟွတ်ဆိုးလာပြီးတော့ ... နှာလည်း ချေ၏။

သုဘရာဇာကြီးက စူးရှထက်ကို ကြည့်ကာ ...

''ကောင်လေး ... မင်း နေမကောင်းဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



စူးရှထက်က ချောင်းဆိုးလျက်မှ ...

''ကောင်းပါတယ်ဗျာ။ ကျွန်တော် နည်းနည်း အအေးမိထားလို့ပါ''

''ဒါဆိုလည်း အိမ်ပြန်နားလိုက်ပါလားကွာ။ နွေးနွေးထွေးထွေး နေပေါ့''

''မနားတော့ပါဘူး ဦးလေးရယ်။ ကျွန်တော် အချိန်မီမပြီးမှာ စိုးလို့ပါ''

စူးရှထက်က အုတ်ဂူအား ပုံဖော်ပြုလုပ်ရင်းမှပြောသည်။ သုဘရာဇာကြီးက ...

''မင်းလည်း ဒီအုတ်ဂူကိုပဲ အာရုံစိုက်လုပ်နေတာ။ ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဦး။ မင်းကိုကြည့်ရတာ ပိန်သွားသလိုပဲ။ တော်ကြာ ... မင်းအတွက် သင်္ချိုင်းခကို မယူချင်ယူချင်နဲ့ ငါ ယူနေရဦးမယ်ဟေ့''

စူးရှထက်က ဘာမှပြန်မပြောဘဲ ပြုံးရုံသာပြုံးနေသည်။ သုဘရာဇာကြီးက ကောင်းကင်ကို မော့ကြည့်ပြီး ဝါးခနဲ သမ်းဝေကာ ...

''မင်း မနားချင်ရင်လည်း နေ။ ငါကတော့ အိပ်ချင်လာလို့ မိုးလေးအုံ့အုံ့နဲ့ တစ်ရေးလောက် သွားမှေးလိုက်ဦးမယ်''

''မှေးပါဗျာ။ မှေးပါ''

''လူဆိုတာ အလုပ်လုပ်ဖို့ လိုသလို၊ အနားယူဖို့လည်းလိုတယ်ကွ''

''ဟုတ်ကဲ့ပါဗျာ။ ကျွန်တော်လည်း မကြာခင် အနားယူရတော့မှာပါ''

သုဘရာဇာကြီးသည် အုတ်ဂူတစ်လုံးပေါ်တွင် ထိုင်နေရာမှထ၍ ဇရပ်ဖျက်ဆီ ထွက်သွားလေသည်။ စူးရှထက်က ချောင်းဆိုးနာချေလျက်





ပင် တစ်ဝက်တစ်ပျက်အုတ်ဂူကို ဂရုတစိုက်နှင့် သဲကြီးမဲကြီး ဆက်လုပ်နေလေ၏။

ချစ်သူကို ပေးချင်သော နောက်ဆုံးလက်ဆောင်အား အချိန်မီပြီးစီးအောင် သူ လုပ်နိုင်ပါ့မလား ... ။

အာရုံတွေ ဝိုးတဝါးဖြင့် စူးရှထက် စိုးရိမ်ပူပင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တိမ်ညိုတိမ်မဲတွေ အသွင်ကွဲ၍ မိုးသည် တဖွဲဖွဲရွာသွန်းလာသည်။

စူးရှထက်ကတော့ မိုးလွတ်ရာ ရှောင်မသွားဘဲ အုတ်ဂူလေးကို ပုံဖော်ဆဲ …။

တစ်ပေါက်ပြီးတစ်ပေါက် ခွန်အားကောင်းစွာ အလုအယက် စုပြုံထိုးဆင်းကျရောက်လာသော မိုးရေစက်များစွာကြောင့် ဆောက်လုပ်လက်စ အုတ်ဂူလေးမှ အင်္ဂတေတို့ အချပ်လိုက် ကွာကျလာသည်။

ထိုအဖြစ်ကို ကြည့်၍ စူးရှထက် တုန်လှုပ်လာ၏။

"မိုးရယ် … မရွာပါနဲ့ဦး …။ ကျွန်တော့်ချစ်သူရဲ့အုတ်ဂူလေး မပြီးမှာစိုးလို့ပါ …"

ကွာကျသွားသော အင်္ဂတေတို့နေရာမှာ အသင့်ဖျော်စပ်ထားသော ဘိလပ်မြေမဆလာနှင့် စူးရှထက် ပြန်ဖာသည်။ သို့သော် ခဏသာ။

အရှိန်အဟုန် ပြင်းပြင်း မိုးရေစက်တွေက ဘိလပ်မြေတွေကို တိုက်စားသွားပြန်သည်။

"မိုးရယ် … ရပ် … ရပ်ပါတော့ …။ ဒီအုတ်ဂူလေးကို ကျွန်တော် ပြီးအောင် လုပ်သွားချင်လို့ပါ …"





စူးရှထက် ကောင်းကင်ကို မော့ကြည့်ပြီး တောင်းပန်သည်။ မိုးရေစက်တွေက စူးချွန်သော အပ်ချောင်းတွေသဖွယ် သူ့မျက်နှာပြင်နှင့် သူ့ခန္ဓာကိုယ်အား မညှာမတာ ပက်ဖြန်းကြ၏။

ဝမ်းနည်းတုန်ယင်နေသော သူ့မျက်နှာပြင်တွင် မိုးရေစက်တွေနှင့် မျက်ဝန်းအိမ်မှ ဝိမ်လျှံထွက်လာသော မျက်ရည်စက်တွေ ရောထွေးသျှက် …။

သူ့နှုတ်ခမ်းတွေ ဖြူရော်ပြာနှမ်းကာ သူ့တစ်ကိုယ်လုံးတဆတ်ဆတ် တုန်ခါလာသည်။

"မိုးရယ် … မ … မရွာပါနဲ့ …"

အားယူကြိုးစားပြီး အပျက်အစီးတွေကို ဖာရန် မဆလာကို သံလက်နှင့်ထိုးကော်တော့ မိုးရေတွေဝင်သဖြင့် မဆလာတွေလည်း အရည်ပျော်နေလေပြီ။

အုတ်ဂူလေးမှ အင်္ဂတေတို့က တဖတ်ဖတ်နှင့် ကွာကျလျက်။

ထိတ်လန့်တုန်လှုပ်စွာဖြင့် အုတ်ဂူလေးကို စူးရှထက် ကမန်းကတမ်း ပွေ့ဖက်ပြီး သူ့ခန္ဓာကိုယ်နှင့် အုတ်ဂူလေးအား မလုံမလဲ အုပ်မိုးကွယ်ကာပေးထားလိုက်ပါ၏။

သူ့မျက်ဝန်းမှ မျက်ရည်တွေ တစ်ရှိန်ထိုး စီးပျော်ကျလာသည်။ သူ့ဆန္ဒအချိန်မီ မပြည့်ဝနိုင်တော့တာ သူ့ဘာသာ သိနေ၏။

အဝေးဆီမှ ငှက်အော်သံသဲ့သဲ့ ကြားလိုက်မိသလိုလို …။ မိုးထဲလေထဲမှာ ငှက်ကလေး သူ့ကိုများ လာခေါ်တာလား …။

ခဏနေပါဦး ငှက်ကလေးရယ် …

အုတ်ဂူလေးကို ငါမှာချင်တာတွေ မှာလိုက်ပါဦးမယ် …

အုတ်ဂူလေးအား ပွေ့ဖက်လျက် သူ့နှုတ်ခမ်းတွေက တလှုပ်လှုပ်နှင့် …။



www.burmeseclassic.com

www.burmeseclassic.com



''အုတ်ဂူလေးရယ် ... ငါ ... ငါ ... အုတ်ဂူလေးကို ပြီးအောင် လုပ်ပေးနိုင်မှာ မဟုတ်တော့ဘူး ...။ ဒါပေမယ့် ငါ့မိတ်ဆွေကြီးက မင်းကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါလိမ့်မယ် ...။ သူ့စကားကို မင်း နားထောင်နော် ...။ မင်းဆီမှာ ငါချစ်သူ လာနေတဲ့အခါကျရင်လည်း သူ့ခန္ဓာကိုယ်ကို လုံလုံခြုံခြုံနဲ့ ငြိမ်းချမ်းမှုရှိအောင် ထားပေးပါ ...။ အခု လို မိုးတွေရွာနေရင်လည်း သူ့ကို မိုးမစိုပါစေနဲ့ ...။ နေအရမ်းပြင်းရင် လည်း အပူဒဏ်ကို သူ မခံစားရပါစေနဲ့ ...။ ဆောင်းရာသီမှာ အရမ်း ချမ်းအေးနေရင်လည်း သူ့ကို နွေးနွေးထွေးထွေး ထားပေးပါနော် ...။ ငါ ငါ ... ငါ အခုပြောတဲ့ စကားတွေကို ... မင်း ... မင်း နားထောင်မထောင် ဆိုတာ ... မင်းရဲ့ဘေးနားကနေ ... ငါ ... ငါ ကြည့်နေမှာ ...''





မိုးသည် အဆက်မပြတ် ရွာသွန်းကာ၊ လေသည် တဝေါဝေါ တိုက်ခတ်၏။

မိုးသံလေသံနှင့် မျက်နှာပြင်ကို လာစင်သော ရေစက်အချို့ ကြောင့် ဇရပ်ပျက်ထဲမှာ အိပ်ပျော်နေသော သုဘရာဇာကြီး နိုးထလာ သည်။ မိုးလေလွတ်ရာ ဇရပ်ထောင့်ချိုးသို့ သူ ပြောင်းရွှေ့၍ထိုင်သည်။

မြေပြင်ပေါ်မှာ ရွှဲနစ်အိုင်ထွန်းနေသော မိုးရေစက်တွေကိုကြည့် ၍ ...

သူ အိပ်ပျော်သွားချိန်နှင့် မိုးရွာချိန်မှာ အတော်ကြာပြီဖြစ် ကြောင်း သုဘရာဇာကြီး ခန့်မှန်းမိလိုက်၏။

ထိုအခိုက် ...

စုံးရှုထက်ဆိုသော ကောင်လေးအား သုဘရာဇာကြီးသတိရ လိုက်သည်။ အရင်ကဆို မိုးရွာလျှင် ထိုကောင်လေးသည် သူနှင့်အတူ ဒီဇရပ်ပျက်ထဲမှာ စကားစမြည်ပြောရင်း လာရောက်နားခိုနေကျဖြစ်သည်။

အခုတော့ ... ဇရပ်ပျက်သို့ ကောင်လေး ရောက်မလာချေ။

အိမ်ပြန်သွားတာလား ...။ ဒါမှမဟုတ် ... မိုးထဲလေထဲမှာပဲ သူ့ချစ်သူအတွက် အုတ်ဂူကို အပြီးသတ်အောင် လုပ်နေတာလား။

www.burmeseclassic.com



သဲဝတ်လွှာ တုန်လှုပ်သွားသည်။ အားမာန်က ...

''နင်တင် မသိတာ မဟုတ်ပါဘူးဟာ။ ငါတို့လည်း အရင်က မသိပါဘူး။ အခုမှ သုဘရာဇာကြီး ပြန်ပြောပြလို့သိရတာ''

ဝေမာက နှုတ်ခမ်းကို ဖိကိုက်ပြီး ...

''စူးရှကို ငါ တစ်ခါ ပန်းရုံသမားတွေကြားထဲမှာ တွေ့လိုက်တာ ဟာ ... နင့်အုတ်ဂူလုပ်ဖို့အတွက် သူ ပန်းရုံသင်နေတာပဲ ဖြစ်ရမယ်''

''စူးရှရယ် ... နင်တော်တော် လျှို့ဝှက်တာပဲ ...''

ဝမ်းနည်းစွာဖြင့် သဲဝတ်လွှာ မချင့်မရဲ ညည်းတွား၏။ သန္တာက ရှိုက်သံစွက်လျက် ...

''စူးရှ ငါတို့ကို လျှို့ဝှက်ထားတာ အဲဒီတစ်ခုတည်း မဟုတ်ပါဘူးဟာ။ တခြားတစ်ခုလည်း ရှိပါသေးတယ်။ အဲ့ဒါကိုလည်း သူ့မိဘတွေ ပြောပြလို့ ငါတို့ သိရတာပါ။ အခုဆို စူးရှဟာ သူ့ဘဝရဲ့နောက်ဆုံးအချိန်ကို ရောက်နေပြီ''

''နောက်ဆုံးအချိန် ... ဟုတ်လား ...''

''ဟုတ်တယ်။ အဲ့ဒါကြောင့် နင့်ကို ငါတို့ လာခေါ်တာပါ။ စူးရှဟာ သူ့ရောဂါအခြေအနေကြောင့် မလွဲသာမရှောင်သာသေရတော့မယ်''

''ဘာ ... စူးရှ သေရတော့မယ် ... နင်တို့ တကယ်ပြောနေတာလားဟင် ... တကယ်ပြောနေကြတာလား''

မယုံကြည့်ဝံ့စွာဖြင့် သဲဝတ်လွှာ အငမ်းမရမေး၏။ ဝေမာ မျက်ရည်တွေ ဝဲတက်လာပြီး ...

''တကယ်ပြောနေတာပါ သူငယ်ချင်းရယ် ... ။ စူးရှမှာ မွေးရာပါ ကျောက်ကပ်အားနည်းတဲ့ ရောဂါရှိတယ်။ အဲ့ဒါကြောင့် သူဟာ လက်ကောက်ဝတ်သွေးကြောကိုပြင်ပြီး လစဉ်ပုံမှန် စက်နဲ့သွေးဆေးပေးနေရတာ ... တဲ့။ ရောဂါမရင့်ခင်တုန်းကတော့ တစ်လကို တစ်ကြိမ်ပဲ။





တဖြည်းဖြည်း ရောဂါရင့်လာတော့ တစ်ပတ်ကို တစ်ကြိမ်ကနေ နှစ်ကြိမ် သုံးကြိမ်အထိဖြစ်လာတယ်။ အခုရက်ပိုင်းမှာ သွေးမဆေးဖြစ်တာကြောင့် စူးရှရဲ့ကျောက်ကပ်ထဲမှာ အဆိပ်တွေများပြီး အခုလို ဖြစ်သွားတာပဲ''

အားမာန်က ငိုသံပါကြီးဖြင့် ...

''စူးရှက အုတ်ဂူပြီးဖို့နဲ့ ဝေဖြိုးဇင်တို့စုံတွဲကိစ္စကိုပဲ အာရုံစိုက်နေတာကြောင့် ... သွေးမဆေးဖြစ်တာ ဖြစ်နိုင်တယ်။ ပြီးတော့ ... နင်ကျောင်းမတက်တော့ကတည်းက စူးရှဟာ နင်တို့နှစ်ယောက်တွေ့နေကျ နေရာမှာ နေပူမရှောင် မိုးရွာမရှောင် သူတစ်ယောက်တည်း သွားထိုင်နေလေ့ရှိတယ်။ တစ်ခါတလေ အဲဒီနေရာမှာ တစ်နေကုန်ထိုင်နေတာကြောင့် သူ့ကို ငါတို့နှစ်ယောက် ချော့မော့ပြီး အတင်းပြန်ခေါ်လာရတယ်။ အဲ့ဒါတွေကြောင့်လည်း သူ့ကျန်းမာရေး ပိုပြီးဆိုးဝါးလာတာ ဖြစ်မယ်ဟ ...''

ရဲခေါင်စိုးကလည်း ယူကျုံးမရဟန်ဖြင့် ...

''ဝေဖြိုးဇင်နဲ့ ရဲလင်းမြတ်တို့စုံတွဲ အဆင်ပြေအောင် သူပ်ဆေးနေတဲ့ ရက်တွေထဲက သူ့ကျန်းမာရေးက ပုံမှန်မဟုတ်ဘူး ဖြစ်မယ်။ ငါတို့က သာမန် နှာစေးချောင်းဆိုးဖြစ်တာလောက်ပဲထင်ပြီး [illegible] လိုက်မိတာ။ အခုတော့ ငါတို့သူငယ်ချင်းကို ဆုံးရှုံးရတော့မယ်ဟာ''

အားလုံး အနာတရနှင့်ထိရှနေကြ၏။ သဲဝတ်လွှာက သူမ၏ပါးပေါ် ယိုစီးဖိတ်ကျလာသော မျက်ရည်စက်တွေကို [illegible] အထိခိုက်ဆုံး နာကျင်ကြေကွဲနေမိလေသည်။

ချစ်သူဟာ သူ့ရဲ့ဝေဒနာတွေကို မျိုသိပ်ခံစားရင်း ... သူမ အတွက်သာ အရာရာ ရှေ့တန်းတင်ဆောင်ရွက်ခဲ့၏။ အခုတော့ဖြင့် ချစ်သူရဲ့နောက်ဆုံးအချိန်ကို ရောက်နေပြီ ...

သူမကသာ ချစ်သူကို ထားခဲ့၍



www.burmeseclassic.com

www.burmeseclassic.com



စူးရှထက်က မှိန်ဖျော့ဖျော့ မျက်လုံးတွေနှင့် သဲ၀တ်လွှာကို ကြည့်ကာ တိုးဖွဖွပြောသည်။

''ဝေဖြိုးဇင်တို့ ချစ်သူနှစ်ဦး အဆင်ပြေသွားကြပြီဟ ... ''

သဲ၀တ်လွှာက ညင်သာစွာ ...

''သူငယ်ချင်းတွေ ပြောလို့ ငါ သိပြီးပါပြီ စူးရှရယ် ...။ အဲဒီအတွက် နှင့်ကို သူတို့တွေ အရမ်းကျေးဇူးတင်နေကြတယ် ...။ နှင့်ကိုလည်း အရမ်းတော်တာပဲဆိုပြီး ... ချီးကျူးကြတယ် ... တဲ့''

စူးရှထက်က လျော့ရဲရဲပြုံးကာ ...

''အဲဒီ( ) အဆင်ပြေတာ ငါ တစ်ယောက်တည်းကြောင့် မဟုတ်ပါဘူးဟာ ...။ တခြားသူတွေပါ ကူညီလို့ အခုလို အဆင်ပြေသွားတာပါ။ ဒါပေမယ့်ဟာ ...''

ဝမ်းနည်းဟန်ဖြင့် စူးရှထက် အသံတွေ တုန်ယင်လာသည်။

''ငါ့ရဲ့မကျွမ်းကျင်မှုကြောင့် ... နှင့်အတွက် အုတ်ဂူလေးကိုတော့ အချိန်မီပြီးအောင် လုပ်မပေးနိုင်ခဲ့ဘူး။ အဲဒီအတွက် ငါ့ကိုခွင့်လွှတ်ပါ''

''ခွင့်လွှတ်တယ်ဆိုတာ ... အပြစ်ရှိမှသာ ခွင့်လွှတ်လို့ရတာပါ။ နင်က အပြစ်မှမရှိတာဘဲ စူးရှရယ် ...။ ခွင့်လွှတ်ပါဆိုတဲ့ စကားကို မပြောပါနဲ့ဟာ ...''

မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်၍ ရစ်ဝဲလာတော့မည့် မျက်ရည်စတွေကို သဲ၀တ်လွှာ ဖယ်ရှားပစ်လိုက်ရသည်။

စူးရှထက်က ...

''သုဿန်စာရိတ်ဖြတ်ထုံးထဲက လူလိုမျိုး ... ချစ်သူ သေဆုံးတဲ့အခါမှာလည်း ငါ စောင့်ရှောက်ပေးချင်တယ်။ အနည်းဆုံး ချစ်သူရဲ့အုတ်ဂူလေးဆီ တစ်နေ့တစ်ခါသွားပြီး သန့်ရှင်းရေးလုပ်ပေးချင်တာမျိုးပေါ့ဟာ။ ဒါပေမယ့် ... ငါ့ကျန်းမာရေး အခြေအနေကြောင့် အဲဒီလိုလုပ်ပိုင်ခွင့်တွေ





အချိန်အကြာကြီးရမှာ မဟုတ်ဘူးဆိုတာ ငါသိတယ် ...။ ဒါကြောင့် ... ငါ့ကိုယ်စား နှင့်ကို ကာကွယ်စောင့်ရှောက်ပေးမယ့် အုတ်ဂူလေးကိုပဲ ငါ ကိုယ်တိုင် အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့ ဆုံးဖြတ်လိုက်တာ''

''စူးရှရယ် ...''

သူမအပေါ် တွယ်တာမှုသံယောဇဉ်ကြီးမားသောချစ်သူအတွက် သဲ၀တ်လွှာ ဖြေမဆည်နိုင်အောင် ဖြစ်နေရသည်။ ဖြူလွှသောနှုတ်ခမ်းသားတွေကိုကိုက်၍ ငိုချင်သောစိတ်ကို သူမ ခဲရာခဲဆစ် ထိန်းချုပ်နေရ၏။

ချစ်သူ၏နောက်ဆုံးအချိန်မှာ ပူလောင်သော မျက်ရည်စက်တွေကို တွေ့မြင်မသွားစေလိုပါ။

စူးရှထက်က သဲ၀တ်လွှာကို မြတ်နိုးစွာကြည့်၍ ...

''နင်နဲ့ သူငယ်ချင်းတွေကို ငါ့ရဲ့ကျန်းမာရေးအခြေအနေအကြောင်း ဖွင့်မပြောခဲ့တာက ... နင်တို့သိရင် စိတ်မကောင်းဖြစ်ကြရမှာစိုးလို့ပါ ...။ ငါက ... နင် သေဆုံးပြီးမှသာ ငါ သေဆုံးလိမ့်မယ်လို့ထင်ခဲ့တာ။ အခုတော့ ... နင့်အရင် ငါက ဦးတော့မယ်နော် ...''

''စူးရှရယ် ... စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့''

သဲ၀တ်လွှာက နှစ်သိမ့်ဖို့ ကြိုးစားသည်။ စူးရှထက်က မချိပြုံးပြုံးကာ ...

''နင် ဘာမှမဖြစ်နိုင်ပါဘူး ... ဆိုတဲ့ စကားမျိုးနဲ့ ... ငါ့ကို နှစ်သိမ့်မနေပါနဲ့တော့ သဲရယ် ...။ ငါ့အခြေအနေကို ငါသိပါတယ် ... သေမင်းက ငါ့ကို ခေါ်ချင်နေပြီဟ ...''

သဲ၀တ်လွှာ တုံ့ပြန်စကားမဆိုနိုင်ရှာဘဲ မလှုပ်မယှက် ငြိမ်သက်နေမိ၏။ ပါးနပ်ထက်မြက်သော ချစ်သူကို နှစ်သိမ့်စကားတွေ ပြောနေတာနှင့်စာလျှင်၊ သူ ပြောချင်တာတွေကို အကုန်အစင် နားထောင်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကသာ အကောင်းဆုံးနည်းလမ်းဟု သူမ သတ်မှတ်လိုက်မိပါသည်။

စူးရှထက်က ...

''နင့်ကိုငါ တစ်ခု တောင်းဆိုချင်တယ် သဲ''

''ဘာလဲ ... ပြောလေ စူးရှ။ ငါ နားထောင်နေပါတယ်''

''ငါတို့နှစ်ယောက်အတူတူ သချိုင်းထဲ သွားတုန်းက တွေ့ခဲ့တဲ့ သုဘရာဇာကြီးကို မှတ်မိလားဟင်''

သဲဝတ်လွှာက စဉ်းစား၍ ခေါင်းညိတ်ပြကာ ...

''မှတ်မိပါတယ်။ ဘာဖြစ်လို့လဲ''

စူးရှထက်က ကရုဏာမျက်နှာထားဖြင့် ...

''အဲဒီဦးလေးကြီးကို ငါ သနားတယ်ဟာ။ သူ့ကို သုဘရာဇာဘဝက လွတ်မြောက်အောင် လုပ်ပေးဖို့ ငါ ရည်ရွယ်ထားတာ။ အဲဒီဦးလေးကြီးမှာ သူ့နည်းသူ့ဟန်နဲ့သူ အတွေးအခေါ် အမျှော်အမြင်ရှိတယ်။ အရင်းအနှီးနဲ့ အခွင့်အရေးသာရမယ်ဆိုရင် ... အဲဒီဦးလေးကြီးဟာ စီးပွားရေး လုပ်တတ်ကိုင်တတ်နဲ့ လူဝင်ဆံ့သူတစ်ယောက် ဖြစ်လာနိုင်တယ်။ သူ့ကိုငါ ဘာမှ ဖွင့်ပြောမထားပေမယ့် ... ငွေအင်အား၊ အသိုင်းအဝိုင်း အင်အားနဲ့ တတ်နိုင်သလောက် အကူအညီပေးမလို့ဘဲ''

''ဪ''

''ဒါပေမယ့် ... အခုအခြေအနေအတိုင်းဆို သူ့ကိုငါ ကူညီနိုင်မှာ မဟုတ်တော့ဘူး။ အဲ့ဒါကြောင့် ... နင်နဲ့ သူငယ်ချင်းတွေပေါင်းပြီး၊ အဲဒီဦးလေးကြီးကို သုဘရာဇာဘဝက လွတ်မြောက်အောင် အတတ်နိုင်ဆုံး ကူညီလိုက်ကြပါဟာ ...။ ငါ့မိဘတွေကိုလည်း ငါ ပြောထားပြီးပါပြီ။ ငါ့အတွက် ကောင်းမှုကုသိုလ်လုပ်မယ့် ငွေတွေကို အဲဒီဦးလေးကြီးကိုပဲ လှူလိုက်ပါ ... လို့ ...။ နင် အပြင်မထွက်နိုင်ရင်လည်း သူငယ်ချင်းတွေကိုပဲ ... ငါ့ရဲ့နောက်ဆုံးဆန္ဒအနေနဲ့ တတ်နိုင်သလောက် ကူညီဖို့ပြောပေး





ပါ ... ''

သဲဝတ်လွှာက ခေါင်းညိတ်ကာ ...

''စိတ်ချပါဟာ။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ... အဲဒီဦးလေးကြီး သုဘရာဇာဘဝက လွတ်မြောက်စေရမယ်လို့ ... ငါ ကတိပေးပါတယ်။ နောက်ထပ်ကော နင် ဘာပြောချင်သေးလဲ ... ပြောလေ ...။ နင် ဖြစ်ချင်တာတွေအားလုံးကို ငါ ဖြည့်ဆည်းပေးမယ် ... ''

စူးရှထက်က လှုပ်သည်ဆိုရုံလေး ခေါင်းကိုခါ၍ ...

''တခြားတော့ ထွေထွေထူးထူး ဘာမှ ပြောစရာမရှိတော့ပါဘူးဟာ။ ငါ သေသွားရင်သာ သတိလက်လွတ် အရမ်းဝမ်းမနည်းကြဖို့ အားလုံးကို သတိပေးလိုက်ကြပါ။ သေတယ်ဆိုတာ မဆန်းပါဘူးဟာ။ ရှင်သန်နေသူတိုင်းဟာ တစ်နေ့မှာ မလွဲမသွေ သေရမှာချည်းပါပဲ။ စောတာနဲ့ နောက်ကျတာပဲ ကွာတာပါ''

ထိန်းချုပ်ထားသည့်ကြားမှ သဲဝတ်လွှာ မျက်ရည်တွေဝဲလာသည်။ စူးရှထက်က သဲဝတ်လွှာကို ဝေရီဖျော့တော့စွာဖြင့် ကြည့်ကာ...

အသက်ကို အနိုင်နိုင်ရှူရင်း ...

''ဝမ်းမနည်းပါနဲ့ သဲရယ် ...။ လူ့ဘဝဆိုတာ ငါတို့ငယ်ငယ်တုန်းက ကောက်ရတဲ့ ငှက်ကလေးလိုပါပဲဟာ။ အဲဒီငှက်ကလေး ရှင်သန်အောင် ငါတို့နှစ်ယောက် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ပြုစုစောင့်ရှောက်ပေးခဲ့ကြတယ်။ ဒါပေမယ့် ... သေနေ့စေ့တော့လည်း ငှက်ကလေးဟာ သေသွားခဲ့တာပဲလေ ...။ ဘယ်သူ့ကိုမှ အပြစ်ပြောဖို့မရပါဘူး။ ငါတို့လူတွေဟာလည်း မွေးဖွားလာကတည်းက ရှင်သန်မှုတစ်လျှောက်မှာ အကောင်းဆုံးဆိုတာတွေကို ပိုင်ဆိုင်အောင် ကြိုးစားကြတယ်။ အဲဒီကြိုးစားမှုမှာ တရားနည်းလမ်းကျတာတွေရှိသလို၊ မတရားနည်းလမ်းမကျတာတွေလည်း ရှိမယ်။ အောင်မြင်ရင် ရယ်မောပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်။ ရှုံးနိမ့်ရင် ပူဆွေးငိုကြွေးတယ်။

ဒါပေမယ့် ဘယ်လောက်ပဲကြိုးစားကြိုးစား၊ အကောင်းဆုံးတွေ ဘယ်လိုပဲ ပိုင်ဆိုင် ပိုင်ဆိုင် ... အဆုံးသတ် တစ်နေ့မှာ မလွဲမသွေ သေရမှာပဲလေ။ ဒါကြောင့် ရှင်သန်ချိန်မှာ ကိုယ့်ရဲ့လုပ်ဆောင်မှု ကြိုးစားအားထုတ်မှုဟာ ရိုးသားဖြူစင်ဖို့နဲ့ သမာသမတ်ကျဖို့ အရေးကြီးတယ်။ ဒါမှသာ သေဆုံးချိန်မှာ ကိုယ့်အတွက် စစ်မှန်တဲ့ အကောင်းဆုံးအရာကို ပိုင်ဆိုင်နိုင်မှာဟ''

သေခြင်းတရားကို ရင်ဆိုင်ဖို့ ရဲရဲတည်ငြိမ်နေဟန်ရှိသော ချစ်သူ၏ အမူအရာကြောင့် သဲဝတ်လွှာ စိတ်သက်သာရာ ရမိပါ၏။

ဘာကယ်တမ်းကျတော့လည်း ...

သေခြင်းတရားဆိုတာ ဘာမှမထူးဆန်းတဲ့ သမရိုးကျဖြစ်စဉ် တစ်ခုသာပဲ မဟုတ်လား ... ။

လူနာဆောင်ပြတင်းဝမှာ ငှက်ကလေးတစ်ကောင် လာရောက်နားခိုနေလေသည်။





''စူးရှ ... တစ်ခါက နင် ပြောဖူးတာ မှတ်မိလား''

''ဘာလဲဟင်''

''လူတစ်ယောက် သေဆုံးခါနီးအချိန်မှာ အဲဒီလူရဲ့စိတ်က အရေးကြီးဆုံးဆိုတာလေ''

''အင်း ... မှတ်မိတယ်''

''ဒါဆို နင်လည်း အခု စွဲလမ်းစရာ၊ သံယောဇဉ်တွယ်စရာ အကြောင်းတွေ ဘာမှမတွေးနဲ့။ နင် ပြောချင်တာတွေ၊ မှာချင်တာတွေလည်း မှာပြီးပြောပြီးသွားပြီပဲ။ နင့်စိတ်တွေ မပျံ့လွင့်အောင် နင့်ကိုငါ ကဗျာတစ်ပုဒ်ရွတ်ပြမယ်''

''ကဗျာ ... ဟုတ်လား ... ''

''အင်း ... ဟုတ်တယ်။ အဲဒီကဗျာလေးမှာပဲ နင့်အာရုံတွေ စုထားလိုက်။ ကဗျာရွတ်ပြီးသွားရင်လည်း အဲဒီကဗျာလေးရဲ့အဓိပ္ပာယ်ကို ပါ ငါ ဆက်ရွတ်ပြမယ်။ အဲဒီကဗျာထဲမှာ မေတ္တာတွေပါတယ်။ သေချာနားထောင်နော်''

''အင်းပါ''

စူးရှထက် အားယူ၍ ခေါင်းတစ်ချက် ဆတ်ပြ၏။ သဲဝတ်လွှာက သူမ အသင့်ယူဆောင်လာသော စာအုပ်ကလေးအား ဖုတ်ကိုင်၍



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်သည်။

ထို့နောက် ...

သူမအသံကို ရှိုက်သံတစ်စက်မှ မပါစေဘဲ အကြည်လင်အချိုသာဆုံးဖြစ်အောင် အထူးဂရုစိုက်၍

ဓမ္မကျမ်းနာပေါ်ရှိ စာသားများကို ဒွာန်ကရိုင်းကျကျ ရွတ်ဖတ်လေသည်။

"ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ၊ ယမှိ စေဝါ နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။

သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။ ဧဝမာဒိ ဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမဟေ။

ကရဏီယ မတ္ထကုသလေန၊ ယန္တသန္တံ ပဒံ အဘိသမေစ္စ။ သက္ကော ... **************************
*******************************
*******************************
*******************************
*******************************
******* အပရိမာဏံ။ ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ မသပတ္တံ။

တိဋ္ဌံ စရံ နိသိန္နောဝ၊ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။ ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မ မေတံ ဝိဟာရ မိဓ မာဟု။





ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။ ကာမေသု ဝိနယ ဂေဓံ၊ န ဟိ ဇာတုဂ္ဂဗ္ဘ သေယျ ပုန ရေတိ"

ဆေးရုံဝင်းအတွင်းရှိ လူနာဆောင်တစ်ခုဆီမှ ကြည်လင်ချိုသာသော ရွတ်ဖတ်သံတစ်ခု စဉ်ဆက်မပြတ် ပေါ်ထွက်နေလျက်ရှိပါ၏။

"ယဿ၊ အကြင်မေတ္တာသုတ်၏၊ အာနုဘာဝတော၊ အာနုဘော်ကြောင့်၊ ယက္ခာ၊ ဘီလူးတို့သည်၊ ဝါ၊ ဘုမ္မစိုးနတ်တို့သည်၊ ဘီသနံ၊ ကြောက်မက်ဖွယ်ကောင်းသောအဆင်းကို၊ နေဝ ဒဿေန္တိ၊ မပြဝံ့ကုန်၊ ယမှိ စေဝ – ယံဟိ စ ဧဝ၊ အကြင်မေတ္တာသုတ် ပရိတ်တော်ကိုသာလျှင်၊ ရတ္တိံ၊ ညဉ့်၌လည်းကောင်း၊ ဒိဝံ၊ နေ့၌လည်းကောင်း၊ အတန္ဒိတော၊ မပျင်းရိသည်ဖြစ်၍၊ အနုယုဉ္ဇန္တော၊ လုံ့လပြုသော သူသည် ********
*******************************
*******************************
*******************************

ဒိဋ္ဌိဉ္စ၊ မှားသောအယူသို့လည်း၊ အနုပဂ္ဂမ္မ၊ မကပ်မူ၍၊ သီလဝါ၊ သီတင်းရှိသည်ဖြစ်၍၊ ဒဿနေန၊ မဂ်ပညာနှင့်၊ သမ္ပန္နော၊ ပြည့်စုံသည်ဖြစ်၍၊ ကာမေသု၊ ဝတ္ထုကာမ ကိလေသကာမတို့၌၊ ဂေဓံ၊ တပ်ခြင်းကို၊ ဝိနေယျ၊ ဖျောက်ရာ၏၊ သော၊ ထိုသူသည်၊ ဂဗ္ဘသေယျံ၊ အမိဝမ်းတွင်း၌၊



www.burmeseclassic.com

www.burmeseclassic.com



ပငိုသန္ဓေနေခြင်းသို့၊ ပုန၊ တစ်ဖန်၊ ဇာတု၊ အကယ်မလွဲသဖြင့်၊ နဟိ တေ၊ မရောက်''

လူတစ်ယောက်၏ သေဆုံးချိန်မှာ ... ငြိမ်းချမ်းဖို့ အရေးကြီးပါသည်။





သဲဝတ်လှ္သာ၏နှုတ်ဖျားဆီမှ တိုးဖွဖွ ရေရွတ်ဆုတောင်းသံထွက်ပေါ်လာလေသည်။

''ငှက်ကလေးနဲ့စူးရှ ... ကောင်းရာဘုံဘဝ ရောက်ပါစေ ...''

ငှက်ကလေးတစ်ကောင်မှ အစပြု၍ ...

ဆေးရုံဝင်းအတွင်းရှိ သစ်ပင်များဆီမှ ကျေးငှက်တို့၏ အော်မြည်သံတွေ ရှတ်တရက် ဆူညံစွာ ထွက်ပေါ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com










## အခန်း (၂၀)

ဟောမာန်အောင်းသည် မြူခတ်မြူခိုးတွေ ဝဲဝေ့လျက် နှင်းဝေဝေလွှာကို မလှုံ့တလှုံ့ လွှမ်းခြုံရစ်သိုင်းထားလေသည်။

မှိုင်းပြာမှုန်ရီနေသော ဆောင်းညနေခင်း ...။

တခပြင်သုသာန်သချိုင်းအတွင်းရှိ မြေမို့မို့ပေါ်၌ အေးချင်းယှဉ်လျက်ရှိသော အုတ်ဂူဖြူဖြူလေးနှစ်လုံးရှေ့တွင် ...

သားနားသပ်ရပ်သော အသွင်သဏ္ဌာန်နှင့် အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိမည့် အမျိုးသားကြီးတစ်ဦး ဆိတ်ငြိမ်စွာ မတ်တတ်ရပ်နေပါသည်။

သူသည် ...

တစ်ချိန်က ဤသုသာန်မှ သုဘရာဇာတစ်ဦး ဖြစ်၏။

အခုတော့ ...

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြင့် အထိုက်အလျောက် ပြည့်ပြည့်စုံစုံ တင့်တင့်တယ်တယ် နေထိုင်နိုင်သူတစ်ဦး ဖြစ်နေပေပြီ။

သူ အခုလို အခြေအနေမျိုး ရောက်ရှိလာသည်မှာ ... သူကြိုးစားမှုကြောင့် ဖြစ်သော်လည်း။ အဓိကအားဖြင့် အစပထမ သူ့ကို သုဘရာဇာဘဝမှ လွတ်မြောက်အောင် ကူညီကယ်တင်ခဲ့သည်မှာ ...

www.burmeseclassic.com



သူ့ရှေ့ရှိ အုတ်ဂူနှစ်လုံးပေါ်တွင် အမည်ရေးထွင်းထားသော 'စူးရှထက်' နှင့် 'သဲဝတ်လွှာ' ဆိုသော လူချမ်းသာ အသိုင်းအဝိုင်းမှ ကောင်လေးနှင့်ကောင်မလေး ဖြစ်ပါသည်။

ထိုကောင်လေးနှင့် ကောင်မလေး၏ဆန္ဒနှင့် တိုက်တွန်းမှုကြောင့် သူတို့နှစ်ဦး၏ မိဘတွေက သူ့ကိုအစစအရာရာ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည်။

နှစ်ကာလတွေ အတော်အတန်ကြာပြီဖြစ်သော်လည်း ကျေးဇူးရှင် ကောင်လေးနှင့် ကောင်မလေးကို သူ မေ့မပစ်နိုင်ပါ။

ကောင်လေးနှင့် ကောင်မလေးအတွက် သူ တတ်နိုင်သလောက်ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပေးသကဲ့သို့ တစ်ပတ်တစ်ခါ သူကိုယ်တိုင်သချိုင်းလာပြီး ကောင်လေးနှင့် ကောင်မလေး၏ အုတ်ဂူကို သန့်ရှင်းပေးလေ့ရှိပါသည်။

တစ်ဦးနှင့်တစ်ဦး သိပ်ချစ်ကြသော ကောင်လေးနှင့်ကောင်မလေး၏ အဖြစ်သည် ...

ကြားသိသူတိုင်းအတွက် နာကျင်ကြေကွဲစရာ ပုံပြင်တစ်ပုဒ်သဖွယ် ဖြစ်နေပါလေသည်။

ကောင်လေးသည် သူ့ချစ်သူကောင်မလေးအတွက် အုတ်ဂူကိုသူကိုယ်တိုင် ပြုလုပ်ပေးသည်။ အုတ်ဂူအပြီးမသတ်သေးခင်မှာပင် ကောင်လေး သေဆုံးသွားခဲ့၏။ ကောင်လေး သေဆုံးပြီး တစ်လမပြည့်မီမှာပင်သူ့ချစ်သူကောင်မလေးလည်း လိုက်ပါသေဆုံးသွားခဲ့သည်။

သူတို့ချစ်သူနှစ်ဦးကို သူကိုယ်တိုင်ပဲ အစအဆုံး သင်္ဂြိုဟ်ပေးခဲ့ပါ၏။

ကောင်လေး၏ဆန္ဒအရ သူတို့အုတ်ဂူနှစ်လုံးကို ဘေးချင်းကပ်လျက် ပြုလုပ်ပေးခဲ့ပြီး၊ ကောင်မလေး၏ ရုပ်အလောင်းကိုလည်း ကောင်





လေး ဆောက်လုပ်လက်စ အုတ်ဂူလေးမှာပဲ ထည့်သွင်းမြှုပ်နှံကာ အပြီးအစီး မွမ်းမံလုပ်ကိုင်ပေးခဲ့ပါသည်။

ထူးဆန်းသည့်အချက်မှာ ...

ထိုကောင်လေးနှင့် ကောင်မလေးသည် သူတို့သေဆုံးနိုင်ခြေရှိသည့် နေ့ရက် အပိုင်းအခြားကို ကြိုတင်ခန့်မှန်းသိရှိနေခဲ့ကြ၏။ သို့သော်သွေးပျက်ချောက်ချားခြင်း နည်းပါးစွာဖြင့် သူတို့ဆန္ဒရှိသော လုပ်ချင်တာတွေနှင့် လုပ်သင့်လုပ်ထိုက်တာတွေအချို့ကို လုပ်ဆောင်သွားခဲ့ကြ၏။

လောကတွင် ...

အချို့သော အကြောင်းအရာတွေသည် ကြိုတင်သိရှိ၍ ကောင်းသည်။ အချို့သော အကြောင်းအရာတွေသည် ကြိုတင်သိရှိ၍မကောင်းချေ။

ဒီလိုဆိုလျှင် ...

သေခြင်းတရားသည် ကြိုတင်သိရှိ၍ ကောင်းသော အရာလား။ ကြိုတင်သိရှိ၍ မကောင်းသောအရာလား ... ။

ထိုအဖြေကို သူ အရမ်းသိချင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနဲ့ကောင်မလေးရေ ...

အခုချိန်ဆို မင်းတို့ရဲ့ ဖြူစင်မြင့်မြတ်တဲ့ ဝိညာဉ်တွေ ဘယ်ဘုံဘဝမှာ ရှင်သန်နေပြီလဲ ... လူတွေကို ကူညီရရင် ပျော်ရွှင်တဲ့ မင်းတို့နှစ်ယောက် ကောင်းမွန်ရာ ဘုံဘဝရောက်မယ်ဆိုတာတော့ ငါ ယုံကြည်ပြီးသားပါ ...

မင်းတို့ရဲ့ခန္ဓာကတွေက ငြိမ်းချမ်းစွာ အနားယူလဲလျောင်းနေနိုင်ပေမယ့် ငါကတော့ လူ့လောကရဲ့ ဝဲဂယက်ထဲမှာ ရုန်းကန်နေရဆဲပဲ ... ငါလည်း တစ်ချိန်ချိန်တော့ ဒီနေရာကို မလွဲမသွေ အရောက်ပြန်လာရဦးမှာပါ ...

အခုတော့ ငါ ပြန်တော့မယ်နော် ... နောက်တစ်ပတ်မှ ထပ်တွေ့ကြတာပေ့ါကွာ ...

သိပ်ချစ်ကြတဲ့ မင်းတို့နှစ်ဦး ရောက်ရာဘုံဘဝတိုင်းမှာ ပျော်ရွှင်စွာ အတူတကွ ရှင်သန်နိုင်ကြပါစေ ...





နေညို့၍ မှောင်စပြုသောအခါတွင် ...

သူ့နေထိုင်ရာအရပ် မဟုတ်တော့သော တစပြင်သုသာန်သင်္ချိုင်းအတွင်းမှ အမျိုးသားကြီး ထွက်ခွာလာခဲ့ပါသည်။

သို့ရာတွင် ...

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီနေရာ (သို့မဟုတ်) ဒီလိုနေရာဒေသမျိုးကို သူ မလွဲမသွေ ပြန်လည်ရောက်ရှိလာရဦးမည် ဖြစ်၏။

သူသည်လည်းပဲ
ရုပ်ခန္ဓာမှာ အသက်လိပ်ပြာ တွယ်ကပ်နေသူတစ်ဦးသာ မဟုတ်လား။

ကောင်းကင်ထက်မှ နှင်းရည်စက်တွေ မြေလွှာပြင်ပေါ် တဖွဲဖွဲ ယိုဖိတ်ကျဆင်းလျက်ရှိပါသည်။

www.burmeseclassic.com



သေသူတို့၏ မြို့တော်ဝင်အတွင်းမှ ရှင်သူတို့၏ မြို့တော်ဆီ ပြောင်းရွှေ့ထွက်ခွာသွားသော အမျိုးသားကြီးအား

လူတစ်ဦးက အားကျသော အကြည့်တွေနှင့် ငေးကြည့်ကျန်ရစ်ခဲ့ပါသည်။

ထိုသူသည် ...

ယခုလက်ရှိ သချိုင်းစောင့် သုဘရာဇာ ဖြစ်လေသည်။





(နိဂုံးမေးခွန်း)

လူတစ်ယောက်ဟာ ကိုယ်သေမယ့်နေ့ကို ကြိုသိနေတယ် ဆိုပါစို့။

အဲဒီလူနေရာမှာ သင်ဆိုလျှင် မသေခင် ဘာတွေလုပ်မလဲ။

? ? ?

? ?

?

ပရိသတ်ကိုအစဉ်လေးစားလျက်
လင်းညို့သွေး

THE END



www.burmeseclassic.com